

# စာပေဗိမာန် စာမူဆုရ

# နှလုံးသားမြို့ဟောင်းတစ်နေရာနှင့် အခြားဝတ္ထုတိုများ

ခင်ခင်ကျော် (ပညာရေး)

# စာပေဗိမာန် စာမူဆုရ နလုံးသားမြို့ဟောင်းတစ်နေရာနှင့် အခြားဝတ္ထုတိုများ (ခင်ခင်ကျော်-ပညာရေး)

၂၀၀၁ ခုနှစ်၊ စာပေဗိမာန်စာမူဆုရ၊
ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ
နလုံးသားမြို့ဟောင်းတစ်နေရာနှင့် အခြားဝတ္ထုတိုများ
ရေးသူ - ခင်ခင်ကျော် (ပညာရေး)
စီစဉ်တည်းဖြတ်သူ - ဦးစန်းတင့် (တက္ကသိုလ် ဆန်းတင့်နိုင်)
စာတည်း
စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်
၂၀၀၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၂၀၀၀
တန်ဖိုး ၂၅၀ကျပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဒုအထွေထွေမန်နေဂျာ (ထုတ်လုပ်) ဒေါ်မြမြက မှတ်ပုံတင်အမှတ် ၉၆၁(ယာယီ) ဖြင့်ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။
ကွန်ပျူတာစာစီ - - - - ဝဟိုပုံနှိပ်စက်ရုံ

★ ★ ★ ★ ★

၁၉၅၄ ခုနှစ်၊ သြဂုတ်လ(၁၆)ရက်နေ့တွင် အဖ ဦးမောင်လှ၊ အမိ ဒေါ်တင်ဥတို့မှ ရန်ကုန်မြို့ လမ်းမတော်(၁၄)လမ်းတွင် မွေးဖွားသည်။ ၁၉၇၇ ခုနှစ်တွင် ဘီအီးဒီ ပညာရေးဘွဲ့ရရှိခဲ့သည်။

၁၉၇၉ ခုနှစ်တွင် အထကတွဲတေး၊ ၁၉၈၀ပြည့်နှစ်မှ ယနေ့အထိ အထက(၂) လသာတွင် တာဝန်ထမ်းဆောင်သည်။

၁၉၇၂ ခုနှစ်မှစ၍ ခင်ခင်ကျော်(ပညာရေး) ကလောင်အမည်ဖြင့် သွေးသောက်မဂ္ဂဇင်းတွင် စတင်ရေးသားသည်။ စာနယ်ဇင်းများတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးသားသည်။

၁၉၉၅ ခုနှစ်တွင် ဖောင်ကြီး အခြေခံပညာ ဆရာဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁၈) တွင် စံပြဆု ရရှိခဲ့သည်။

၁၉၉၈ ခုနှစ် ဇွန်လတွင် ဂျပန်နိုင်ငံသို့လေ့လာရေးခရီး သွားရောက်ခဲ့သည်။ အမျိုးသားရေးဆောင်ပုဒ် ဆောင်းပါးပြိုင်ပွဲဆု၊ တပ်မတော်နေ့ စာပေဆု၊ မှုခင်းကျဆင်းရေး ပညာပေးဆောင်းပါးဆုများ ရရှိခဲ့သည်။

အမည်ရင်းမှာ ဒေါ်ခင်မာကြည်ဖြစ်သည်။

နေရပ်လိပ်စာ - တိုက် ၇၊ ၃ လွှာ၊ စစ်တောင်းရိပ်မွန်၊ ယုဇနလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | စကားလက်ဆောင် | ၃ |
| ၂။ | မနေ့က ဖိုးထောင် | ၉ |
| ၃။ | တိမ်ပန်းချီ စိန်စီလို့လှစေမယ် | ၁၆ |
| ၄။ | အဖြူရောင်ပီတီ | ၂၃ |
| ၅။ | ဖေဖေမေမေ မာပါစေ | ၂၉ |
| ၆။ | သဘာဝနှင့် သင့်မြတ်ခြင်း | ၃၅ |
| ၇။ | လိပ်ပြာဖြူခန်းမ | ၄၃ |
| ၈။ | အမေ နှင့် ရွှေအိုးများ | ၄၉ |
| ၉။ | နေဝင်တော့မည် မြဒါလီ | ၅၄ |
| ၁၀။ | ရိုးရိုးလေးပါပဲ | ၆၄ |
| ၁၁။ | သတ္တဝါတစ်ခု ကံတစ်ခု | ၇၂ |
| ၁၂။ | နလုံးသားမြို့ဟောင်းတစ်နေရာ | ၈၁ |

# စကားလက်ဆောင်

နစ်ပေါင်းများစွာကြာသည့်တိုင် ခင်မင်သူတို့ပြောခဲ့သည့် လက်ဆောင်အမှာစကားများကား ရင်ထဲတွင် မမေ့မပြယ် အမြစ်တွယ်ရင်း အမှတ်ရမြဲ ဖြစ်ပါသည်။ သံသရာရထားကြီးသည် အချိန်မှန်မှန်ခုတ်မောင်းရင်း ဆင်းသူဆင်း၊ တက်သူတက်ဖြင့် ကာလတည်းဟူသော ဘူတာစဉ်များကို ဖြတ်ကျော်ခဲ့ပေသည်။ ခင်ရဲဆွေ အလုပ်ဌာနဖြစ်သည့် အထက်တန်းကျောင်းကြီးတွင်လည်း တရွှေ့ရွှေ့ပြောင်းလဲနေသည့် အချိန်နှင့် အမျှ အသစ်ဝင်သူ၊ အငြိမ်းစားယူသူ၊ သေဆုံးသူ စသည်ဖြင့် အတည်မဲ့ခြင်း၊ အစိုးမရခြင်းတို့ဖြင့် တရားပြနေပေသည်။ သည်အစဉ်ကြီးကိုကြည့်၍ "အင်း...ငါလည်းတစ်နေ့ ပင်စင်စား အငြိမ်းစားဘဝ ရောက်ရတော့မှာပါလား" ဟု ခင်ရဲဆွေ သံဝေဂပွားမိသည်။ ငယ်နစဉ်ကတော့ ဝမ်းသာမှု၊ ဝမ်းနည်းမှုတို့ကို စိတ်လှုပ်ရှားစွာ ခံစားခဲ့ရသော်လည်း အသက်လေးဆယ်ကျော်လာ၍ ရင့်ကျက်လာသောကြောင့် သတိလက်ကိုင်လေးဖြင့် ဝမ်းသာစရာ၊ ဝမ်းနည်းစရာများကို ထိန်းထိန်းသိမ်းသိမ်း ခံစားတတ်လာသည်။ "လောကတံထွာ ဓမ္မတာပေပဲ" ဟု တရားနလုံးသွင်း၍ ယောနိသော မနသိကာရဖြင့် နေတတ်ခဲ့သည်။ လောကခံအပေါ် တုန်လှုပ်ချောက်ချားမှု သိပ်မဖြစ်တော့။ ဘဝအသိ၊ ပညာအသိ၊ တရားအသိများက နေတတ်ဖြေတတ်အောင် သင်ပေးခဲ့ပြီမဟုတ်လား။

မြန်မာစာဆရာမ ဒေါ်မြင့်မြင့် အငြိမ်းစားယူတော့ အစားအသောက်ကြမ်းသည့် ဆရာမတစ်ဦးကို ပြောခဲ့ဖူးသည့်စကား၊ ခင်ရဲဆွေရှေ့တွင်ပြောခဲ့သည်မို့ အမှတ်တရ စကားလေးအဖြစ် စွဲစွဲမြဲမြဲ မှတ်သားခဲ့မိသည်။

"လျှာကို အလိုမလိုက်နဲ့..... တစ်သက်လုံး မွေးကတည်းက ကြက်သား၊ ဘဲသား၊ ဝက်သားတွေ စားခဲ့ပြီ..... အရသာလည်း သိခဲ့ပြီ.... ခုချိန်မှာ ကျန်းမာရေးအတွက် ချင့်ချိန်စားမှ အသက်ရှည်မှာပေါ့။ အသက်ဉာဏ်စောင့်မှ ချမ်းသာမယ်"

ဒေါ်မြင့်မြင့်က အစားကြူးသည့် ဆရာမ ဒေါ်စပယ်ကို ရည်ညွှန်းပြောလိုက်သော်လည်း ခင်ရဲဆွေက မှတ်မှတ်သားသားစကားအဖြစ် နားစွဲခဲ့သည်။ အသက်အရွယ်က စကားပြောခဲ့ပြီမို့ စိတ်ထင်တိုင်းစား၍လည်း မဖြစ်၊ မိမိလည်း အစားကြူးသည်ပဲ။ ထိုဆရာမနှင့် ဘာထူးလို့လဲ။ ငါးသလောက်ကြိုက်သည့် ခင်ရဲဆွေ၊ ခေါင်းကိုက်ရောဂါ အဖြစ်ခံရင်း ငါးသလောက်ကို နံနံပင်နှင့် ဆီပြန်ချက်စားတတ်သည် မဟုတ်လား။ လျှာအလိုလိုက်မှုဒဏ်ကို ခန္ဓာကိုယ်က ဆင်းရဲပင်ပန်းစွာ ခံစားရသည်။ လျှာဖျားပေါ်က ငါးသလောက်အရသာက တဒင်္ဂ၊ ခေါင်းကိုက်ပြီဆိုတော့ တည်ညီးညီးတည်ူည်ူဖြင့် တစ်ရက် နှစ်ရက် ဝေဒနာခံလို့မဆုံး။ ဆေးသောက်ပေမဲ့ ချက်ချင်းယူပစ်သလို ပျောက်သည်မဟုတ်။ ဒေါ်မြင့်မြင့်ရည်ညွှန်းပြောဆိုသည့် ဒေါ်စပယ်ဆိုလျှင် အသက်ငါးဆယ်၊ ခန္ဓာကိုယ်ကလည်း ဝဝဖိုင့်ဖိုင့်၊ သူကြိုက်သည်က ဝက်သားသုံးထပ်သား၊ ဝက်ခြေထောက် တစ်ပိသာကို တစ်ယောက်တည်းချက်စားသူ၊ အုန်းနို့ခေါက်ဆွဲဆို သုံးလေးပန်းကန် အသာလေးဝင်သည်။ ပြီးလျှင် သွေးတိုးဖြင့် မျက်နှာထူအမ်းရင်း ဆေးခန်းသို့ ပြေးရတော့သည်။ အရုပ်ရုပ်နေပြည်တော် ကြားလို့မှမတော် ဆိုသည့်အတိုင်း အစားကို မဆင်မခြင်စားရင်း ရောဂါဖြစ်သည်ကို သနားမည့်သူက နည်းနည်း၊ ကဲ့ရဲ့ပစ်တင်မည့်သူက များများ၊ ကိုယ်ပြုသောဒဏ် ကိုယ်သာခံဆိုသည့်အတိုင်း ကိုယ်ဖြစ်လျက် ကိုယ်ခံရသည်မှာ အကြိမ်ကြိမ်။ လျှာကို အလိုလိုက်ခြင်း၊ စိတ်ကိုအလိုလိုက်ခြင်း၊ အဓိကမှာ စိတ်ပါပဲ။

ခင်ရဲဆွေဆိုလျှင် ဝါတွင်းသုံးလ သက်သတ်လွတ်စားလျှင် အသားငါးမှန်သမျှ အာရုံဖြတ်နိုင်ခဲ့သည်။ စိတ်တစ်ခုတည်းသာ ဖြစ်ပါသည်။ ဒေါ်မြင့်မြင့် ပြောသလိုပင် ကြက်၊ ဝက်၊ ဘဲ ဆိုတာ သိခဲ့ပြီ။ သည်တော့

ယခုလိုအသက်အရွယ်လည်းရ၊ ကျန်းမာရေးကို ဦးစားပေးစောင့်ရှောက်ရတော့မည့်အချိန်တွင် လျှာအလိုမလိုက်ဖို့ အရေးကြီးပါသည်။ တကယ်တော့ လျှာဖျားပေါ်က အရသာဆိုသည်ကလည်း တဒဂ်မှ တဒဂ်၊ ခဏတာလေးသာ၊ လည်ချောင်းထဲ မျိုချလိုက်ပြီဆိုလျှင် မည်သည့်အရသာမှ သိရတော့သည်မဟုတ်၊ တဒဂ်အလိုလိုက်မှုလေးနှင့် ခန္ဓာကိုယ်ကြီး ဒုက္ခအရောက်ခံ၍မဖြစ်၊ အသက်ရှင်ချင်သေးသည်။ လောကီကောင်းကျိုး လောကုတ္တရာ ကောင်းကျိုးများ သယ်ပိုးချင်သေးသည်။ သို့ဖြင့် ဒေါ်မြင့်မြင့်၏ အမှတ်တရစကားကို သေချာစွာ အလေးအနက်ထားရင်း၊ ခင်ရဲဆွေနှင့် ဒေါ်စပယ် အချင်းချင်း အပြန်အလှန် အစားမကြူးဖို့ သတိပေးကြလေသည်။

ဒေါ်လေးခိုင် ပင်စင်မသွားမီ ခင်ရဲဆွေကို ပြောခဲ့သည့် စကားတစ်ခွန်းရှိသည်။ ထိုစကားသည်လည်း အမှတ်တရအဖြစ် ခင်ရဲဆွေရင်ထဲသို့ ရောက်ခဲ့သည်။

"ငါ့ညီမက ... စာတွေဘာတွေ ရေးတဲ့သူဆိုတော့ ပြောရဦးမယ်"

"ဟုတ်ကဲ့ ... ပြောပါမမခိုင်"

"ဒီလိုကွဲ... မမခိုင်လည်း သဘောကျလို့ မှတ်ထားတဲ့ ဆိုရိုးစကားလေးတစ်ခုပေါ့ကွယ်။ သဘော်ဆိုတာ ဆိပ်ကမ်းမှာ ကျောက်ချရပ်နေဖို့ မဟုတ်ဘူး၊ ရွက်လွှင့်ရင်းနဲ့ လေဒဏ်၊ မိုးဒဏ်၊ မုန်တိုင်းဒဏ်၊ လှိုင်းဒဏ်တွေကို ကြံ့ကြံ့ခံရင်း ခရီးဆုံးအောင်သွားရမယ်တဲ့"

"ဟာ .... သိပ်ကောင်းပါ့လားမမခိုင် .... ခင်ရဲတော့ ကြိုက်သွားပြီ။ သဘောကတော့ .... လူဘဝဟာလည်း ရုန်းကန်လှုပ်ရှားမှုတွေနဲ့ ဘဝလောကခံတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖြေရှင်းမှ အဓိပ္ပာယ်ရှိမယ်၊ အရည်အချင်းတွေ ထက်မြက်လာမယ် .... ဒီသဘောမဟုတ်လား"

"အေး ... ဟုတ်တယ် ဟုတ်တယ်၊ ငါ့ညီမက မြန်မာစာဆရာမဆိုတော့ အဓိပ္ပာယ်ကို ပြည့်ပြည့်စုံစုံ ဖော်တတ်တယ်"

"မမခိုင်ကို ကျေးဇူးတင်ပါတယ်၊ မှတ်သားစရာဆိုရိုးတစ်ခုကို ပြောပြလို့"

"အေးကွယ်၊ ညီမကိုတွေ့ရင်ပြောဦးမယ်ဆိုပြီး မှတ်ထားတာ၊ မမခိုင်တို့က မကြာခင် ပင်စင်ယူတော့မှာ ..... ငါ့ညီမက လူငယ်၊ ရှေ့ဆက် အများကြီး လှုပ်ရှားရုန်းကန်ရဦးမှာလေ"

"ဟုတ်ပါတယ် .. မမခိုင်တို့လည်း ကျန်းမာရေးကောင်းရင် ကောင်းသလို အခြားအလုပ်တွေ လုပ်နိုင်ပါသေးတယ်၊ ခင်ရဲထင်တယ်၊ အဲဒီအချိန်ကျမှ တစ်သက်လုံးစုဆောင်းလာတဲ့ အသိပညာ ဗဟုသုတ အတွေ့အကြုံတွေနဲ့ ပိုပြီး အလုပ်လုပ်လို့ ကောင်းမယ်ထင်တယ် .... နော်"

"ငါ့ညီမက နဂိုက ထက်မြက်တက်ကြွသူမို့ ဒီလိုပြောတာ၊ မမခိုင်ကတော့ ပင်စင်ယူပြီးရင် သမီးနှစ်ယောက်လစာနဲ့၊ သူတို့အဖေ ပင်စင်လေးနဲ့ အေးအေးပဲနေတော့မယ်၊ ရိုပ်သာဝင် တရားဘာဝနာရှာတော့မယ် ... ညီမရေ"

"မမခိုင်ပြောတဲ့ သဘော်ကြီးလိုကျင့်မှပေါ့ .... ဆိပ်ကမ်းမှာမရပ်နဲ့ဦးလေ .... အလုပ်တွေနဲ့ ရှုန်းကန်လှုပ်ရှားဦးမှပေါ့ ... မမခိုင်ရဲ့."

"လူမှုရေးတွေ၊ ဘာသာရေးတွေ လုပ်မယ်လေ .... အဲဒါစိတ်ချမ်းသာတယ် .... စီးပွားရေးတော့ မလုပ်တော့ပါဘူး၊ ဦးနှောက် ရှင်းရှင်းပဲ နေတော့မယ်ကွယ်"

"ခင်ရဲကတော့ မမခိုင်ပြောတဲ့ သဘော်ကြီးဥပမာလို ရွက်လွှင့်ရင်း လောကခံတွေနဲ့ ရှုန်းကန်လှုပ်ရှား တိုက်ပွဲဝင်သွားတော့မယ်။ စိန်ခေါ်မှု မှန်သမျှကို အရှုံးမပေးစတမ်းပေါ့ .... ဒူးမထောက်စတမ်းပေါ့ .. မမခိုင်ရယ်"

"ကောင်းပါတယ်ကွယ် ... ခင်ရဲ့ အောင်ပွဲခံနိုင်ပါစေလို့ မမခိုင် ဆုတောင်းပေးနေပါ့မယ်"

ခင်ရဲ့ဆွေ အထက်တန်းဆရာမဖြစ်စ အသက် (၂၅) နှစ်ကဆိုလျှင် နှုတ်သွက် လျှာသွက် ထက်ထက်မြက်မြက် တက်တက်ကြွကြွနှင့် ကျောင်းလှုပ်ရှားမှုအမျိုးမျိုးတွင် ပါဝင်ခဲ့ရသည်။ ဘင်ခရာ၊ အားကစား၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ စာကြည့်တိုက်ကဏ္ဍစုံတွင် ပါဝင်လှုပ်ရှားခဲ့ရသည်။ စာသင်ချိန်တွေကလည်း တစ်ပတ်(၃၅)ချိန်တွင် သုံးဆယ်လောက်ဝင်ရသည်။ လည်ချောင်းနာအောင် သင်ရသည်။ ဒဿမတန်း၊ နဝမတန်း၊ အဋ္ဌမတန်း အတန်းစုံလှည့်သင်ရသည်။ ထိုစဉ်က အသက်ကလည်းငယ်ငယ်၊ အရွယ်လည်းငယ်၊ ကျန်းမာရေးကလည်း ကောင်းဆိုတော့ အရာရာတွင်ကျယ် တို့လူငယ် ဖြစ်နေတော့သည်။ လူရည်ချွန် ကျောင်းသူများကိုလည်း လေ့ကျင့်မွေးထုတ်ပေးခဲ့ရသည်။ သူတို့အတွက် အထွေထွေဗဟုသုတ လေ့လာရန် မိမိကိုယ်တိုင် စာအုပ်ပေါင်းများစွာ၊ သတင်းစာတို့ကို ညလုံးပေါက်ဖတ်ရင်း မှတ်စုထုတ်ပေးခဲ့ရသည်။ အားကစားလေ့ကျင့်ရန် မြို့မကွင်း(မိုင်ဒါကွင်း)သို့ နှင်းတဖွဲဖွဲကြား အရုဏ်မတက်မီ သွားခဲ့ရသည်များကို ခင်ရဲ့ဆွေ မမေ့နိုင်။ ကျောင်းကောင်စီဝင် အသင်းခေါင်းဆောင်အဖြစ်လည်း နှစ်များစွာ လှုပ်ရှားခဲ့ရသည်။

"သမီးက .... ကျောင်းမှာ အလုပ်ကများ၊ တာဝန်ကများလို့ တီချယ်ပင်စင်မသွားခင် စကားလက်ဆောင် ပါးခဲ့ချင်တယ်"

စိတ်သဘောထား ပြည့်ဝကောင်းမွန်သည့် ဒေါ်ညွန့်ညွန့်က ဆရာမများနားနေခန်းတွင် အားချိန်တစ်ခုဌ ဆုံဖြစ်ရင်း ပြောကြားလာခြင်း ဖြစ်ပါသည်။

"ဟုတ်ကဲ့ .... ပြောပါ တီချယ်ကြီး"

"သည်လိုပါ ... သမီးကို မျောက်သုံးကောင်ထုံး နလုံးမှဖို့ တီချယ်က မှာချင်တာပါ"

"ဟုတ်ကဲ့ ... သူက ဘယ်လိုအဓိပ္ပာယ်လဲ ... တီချယ်"

"မျောက်တစ်ကောင်က နားပိတ်ထားတယ်၊ တစ်ကောင်က မျက်စိပိတ်ထားတယ်၊ တစ်ကောင်က ပါးစပ်ပိတ်ထားတယ်၊ အဓိပ္ပာယ်က မြင်တိုင်းမကြည့်ဘူး၊ ကြားတိုင်းနားမထောင်ဘူး၊ စကားတတ်တိုင်း မပြောဘူး"

"အော် .... သဘောပေါက်ပြီ၊ မှန်တိုင်းမပြောရဘူး၊ အခြေအနေအချိန်အခါ အကျိုးအကြောင်းကိုသိရမယ်၊ ကြည့်ရမယ်၊ မှန်တိုင်းပြောလို့ မသင့်တဲ့စကားမျိုးရှိတတ်တယ်။ အဲဒီသဘောမဟုတ်လား ... တီချယ်"

"အေးပေါ့ .... ကြားတိုင်းနားထောင်လိုက်မိရင် သူ့စကားက ကိုယ့်စကားဖြစ်ပြီး ကွယ်ရာကျတော ရှုပ်ကုန်တာပေါ့ သမီးရယ်၊ မြင်တိုင်းကြည့်ရင်လည်း တော်တည့်မှန်ကန်တာမျိုးဆို ထားတော့၊ မတော်မတည့် မတရားတာမျိုး မြင်ရရင် အကုသိုလ်ဖြစ်ရရော "

"သင်ခန်းစာ ယူဖို့ကောင်းတဲ့စကားပါပဲ .... တီချယ်ကို ကျေးဇူးတင်ပါတယ် ..."

"လူတွေအချင်းချင်း ဆက်ဆံရာမှာ နှုတ်စကားဟာ အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံးမဟုတ်လား၊ ဒါကြောင့်မို့ 'ချစ်စေလိုခံတွင်း လက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်' လို့ ဆိုရိုးရှိခဲ့တာ၊ ချစ်အောင် မုန်းအောင် လုပ်နိုင်တာ စကားပဲ၊ နှုတ်ပဲ၊ ဒီတော့ .... မှတ်တာပြောတာပဲ၊ ချစ်ချစ်မုန်းမုန်း ဆိုပြီး ဂရုမစိုက်တာမျိုး မလုပ်သင့်ဘူး၊ အကောင်းဆုံးက ဆင်ခြင်စဉ်းစားပြီးမှ ပြောတာအကောင်းဆုံးပဲ"

"သဘောပေါက်ပါတယ် တီချယ် .... နှုတ်မစောင့်လို့ ဒုက္ခရောက်ရတဲ့ ကြက်တူရွေးတို့၊ လိပ်တို့၊ ဥသြတို့ အကြောင်းကိုလည်း သိပါတယ် "

"မဟာသခေါ်ရင် လျှို့ဝှက်အပ်တဲ့စကားကို ဘယ်သူ့ကိုမှတောင် မပြောသင့်ဘူးလို့တောင် ဆိုခဲ့တာမဟုတ်လား၊ ဒီတော့ ... စကားအရာဟာ သိပ်အရေးပါတာပေါ့ ... အမြင်တို့ အကြားတို့လည်း သည်အတိုင်း ပါပဲ ... မြင်တိုင်းကြားတိုင်း ပြောလို့ မကောင်းဘူးလေ"

"ဟုတ်ကဲ့ပါ တီချယ် ... မျောက်သုံးကောင်ကိုမှတ်ထားပြီး ဆင်ခြင်ဉာဏ်သတိကို အမြဲလက်ကိုင်ထားနိုင်အောင် ကြိုးစားပါ့မယ်"

"သမီးကို ဗဟုသုတအဖြစ် ပြောတဲ့သဘောနော်၊ တီချယ်က စေတနာနဲ့ပါ "

"နားလည်ပါတယ် တီချယ် ... နှုတ်ကိုစောင့်စည်းခြင်းဟာလည်း ဂုဏ်သိက္ခာတစ်ခုပါပဲ ... ဆိုခဲစေ၊ မြဲစေပေါ့ တီချယ် "

"အေး .... သမီးက မြန်မာစာဆရာမဆိုတော့ ပိုနားလည်မှာပေါ့ "

သချာသင်သည့် ဒေါ်ညွှန့်ညွှန့်သည် မျောက်သုံးကောင်သာဓကဖြင့် ခင်ရဲဆွေကို အမှတ်တရ စကားလက်ဆောင်ပါးရင်း မကြာမီ ပင်စင်သွားတော့သည်။

နှုတ်ချိုသျှိုတစ်ပါး ခေါင်းစဉ်ဖြင့် စာစီစာကုံးသင်တိုင်း ခင်ရဲဆွေသည် ရှင်ဒီသာပါမောက်၏ အကြောင်းမှသည် မျောက်သုံးကောင်၊ ကြက်တူရွေး၊ ဥသြ၊ လိပ်တို့ကို သာဓကဆောင်သင်ကြားရင်း တပည့်များကို သင်ခန်းစာပေးခဲ့သည်။

"နှုတ်မစောင့်တဲ့ ကြက်တူရွေးအကြောင်း ပြောပြပါဆရာမ"

"ပြောမှာပေါ့ကွယ် ... ရှေးက ပုဏ္ဏားဇနီးမောင်နံရဲ့အိမ်မှာ ကြက်တူရွေးညီနောင်ကို မွေးထားသတဲ့ ... တစ်နေ့ ပုဏ္ဏားကြီးက ကုန်စည်ရောင်းဝယ်ဖို့ကိစ္စနဲ့ ခရီးသွားရမှာမို့ သူ့ရဲ့ကြက်တူရွေးနှစ်ကောင်ကို မှာခဲ့တယ်။

သူ့ဇနီးကို စောင့်ကြည့်ပေးဖို့ ဘယ်ယောကျ်ားတွေ ဝင်တယ်၊ ထွက်တယ်ကို သိအောင်လုပ်ပါလို့ မှာခဲ့တာပေါ့၊ မကြာခင် ပုဏ္ဏားကြီး ခရီးထွက်သွားတာနဲ့ ပုဏ္ဏားမကလည်း ဖောက်ပြန်တော့တာပေါ့ .... အဲဒီမှာ ညီကြက်တူရွေးက မဟုတ်တာလုပ်တဲ့ ပုဏ္ဏားမကို အပြစ်တင် ဝေဖန်တော့ ပုဏ္ဏားမက ကုပ်ချိုးသတ်ပစ်လိုက်တာပေါ့ ...."

"သူကအမှန်တရားပြောတာပဲ ဆရာမရဲ့ ...."

"ဟုတ်တယ်လေ... အမှန်ဆိုပေမယ့် အခြေအနေ အချိန်အခါကို မသိဘူး .... တကယ်ဆို ပုဏ္ဏားကြီးလာမှ ပုဏ္ဏားကြီးကို တိုးတိုးတိတ်တိတ် ပြောရမယ့်စကား ... အစ်ကိုကြက်တူရွေးက ညီကိုတားတယ်၊ မပြောဖို့ပေါ့ ... အချိန်မသင့်ဘဲ မပြောသင့်သူကိုပြောရင် အန္တရာယ်ရှိတယ်ဆိုတာ သိလို့ တားတာပေါ့ .... အဲဒါကို ညီကြက်တူရွေးက နားမထောင်ခဲ့ဘူးလေ ..."

"ဒါဆို .... အမှန်ကိုသိပေမယ့် မပြောသင့်တဲ့သူ မပြောသင့်တဲ့ အခြေအနေမှာ နှုတ်ကိုစောင့်ရမှာပေါ့နော် ... ဆရာမ ... "

"အေးပေါ့ .. ဒါမှ ချမ်းသာရာ ရမှာပေါ့"

"လိပ်တို့ .. ဥဿြတို့ရော ...ဟင်"

"လိပ်ကလည်း နှုတ်ကိုမစောင့်ခဲ့လို့ အသက်ဆုံးရတယ်လေ ... ဟသ်ာနစ်ကောင် ကိုက်ချည်တဲ့ တုတ်အလယ်မှာ လိပ်ကို ပါးစပ်နဲ့ ကိုက်ခိုင်းပြီး သူတို့နေတဲ့ စိတ္တကုဋ္ဌတောင်က ရွှေဂူကိုခေါ်လာတာလေ ... ဒါပေမဲ့ လမ်းမှာ ကလေးလူငယ်တွေက အုံ့ဩတကြီးနဲ့ ပြောဆိုသံတွေကိုကြားရော၊ လိပ်က စကားပြန်ပြောဖို့အဟ တုတ်ကနေလွတ်ပြီး မြေပြင်ပေါ်ကျရင်း ရင်နှစ်ခြမ်းကွဲပြီး သေပွဲဝင်ခဲ့ရတာပေါ့ ... နှုတ်ကိုမစောင့်စည်းရင် ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာ သင်ခန်းစာပြတဲ့ ဖြစ်ရပ်ပါပဲ "

"ဥဿြဂ္ဂက်ကျတော့ရော ... ဆရာမ"

"တစ်ခါတုန်းက ဥဿြဂ္ဂက်မတစ်ကောင်ဟာ ကျီးသိုက်ထဲမှာ ဥတစ်လုံးဥခဲ့တယ် .... အဲဒီဥက ပေါက်တော့ ဥဿြဟာ အချိန်မတန်သေးဘဲ ထတွန်တော့ ကျီးမက သူ့မျိုးရိုးမဟုတ်မှန်းသိပြီး နှုတ်သီးနဲ့ထိုးသတ်ပြီး မြေပြင်ပေါ်ကို ပစ်ချလိုက်တယ် ... ဒါကြောင့် နှုတ်ကိုစောင့်စည်းထိန်းသိမ်းဖို့ သိပ်အရေးကြီးတာပေါ့ကွယ်။ ***နှုတ်ကြောင့်သေ လက်ကြောင့်ကြေ*** ဆိုတဲ့ စကားဆိုရိုး ရှိတယ်မဟုတ်လား "

"စကားများတဲ့လူတွေရဲ့ အပြစ်ကို ရှင်းပြပါဦးဆရာမ"

"အဂုတ္တရနိကာယ်မှာ ဖော်ပြထားတာပေါ့ ... စကားများတဲ့လူတွေဟာ မဟုတ်မမှန်တာကိုလည်း ပြောမိတတ်ကြတယ် ..... စကားများအမှားပါ ဆိုသလိုပေါ့၊ ကြမ်းတမ်းတဲ့စကား သိမ်ဖျင်းတဲ့စကားကိုလည်း ပြောမိ တတ်ကြတယ်၊ အဲဒီလူမျိုးဟာ သေရင် ငရဲကျတတ်တယ်တဲ့ ..။ သူတစ်ပါး အကျိုးစီးပွားကို ထိခိုက်ပျက်ပြားအောင် လုပ်ပတ်၊ လိမ်ညာပြီး ပြောရင် မုသာဝါဒကံထိုက်တယ်လို့ ဘုရားက ဆုံးမတော်မူတယ်ကွဲ့၊ အဲဒီ မုသာဝါဒကံ ကျူးလွန်သူတွေဟာ စကားမပီ၊ သွားမညီဘဲ၊ ပါးစပ်လည်းပုပ်၊ အသားလည်းမွဲ၊ သြဇာမရှိ၊ စိတ်မတည်ငြိမ်၊

နှုတ်ကြမ်း လျှာကြမ်းနဲ့ သေရင်ငရဲပြည်ကို ရောက်ရတယ်လေ၊ ဒါကြောင့် တပည့်တို့လည်း မှသာဝါဒကံကို ထိန်းသိမ်းကြရမယ် .... နော် "

"ဟုတ်ကဲ့ပါဆရာမ ...အဂါငါးမျိုးနဲ့ ပြည့်စုံတဲ့ စကားကိုလည်း ရှင်းပြပါဦး .. ဆရာမ"

"အဂါငါးမျိုးနဲ့ ပြည့်စုံတဲ့ စကားဆိုတာ ပြောဆိုရန် အချိန်အခွင့်သင့်ရောက်တဲ့ကာလမှာ ပြောဆိုခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ နူးညံ့သိမ်မွေ့စွာပြောဆိုခြင်း၊ အကြောင်းအကျိုးနှင့်စပ်သည်တို့ကိုသာ ပြောဆိုခြင်း၊ မေတ္တာရှေ့ထား၍ မေတ္တာစိတ်ဖြင့်သာပြောဆိုခြင်း ဆိုပြီး ဝါတသုတ်၊ ဗြဟ္မဏဝင်၊ အဂုံတ္တရနိကာယ်မှာ ဖော်ပြထားတယ်ကွဲ့၊ ဆရာမတို့ စကားနယ်ပယ်မှာတော့ စကားဆို တောင်လိုမမောက်နဲ့၊ တံတားအို မှောင်ခိုမလျှောက်နဲ့ ဆိုတဲ့ ဆိုရိုးစကားလည်း ရှိတယ်လေ၊ တံတားအို မှောင်ခိုလျှောက်တော့ လဲတတ်တယ်၊ စကားကို တောင်လိုမောက်တော့ ကွဲတတ်တယ်၊ အရှက်တကွဲ အကျိုးနည်းရတာပေါ့၊ ဒါကြောင့်မို့ နှုတ်စကားကို ဘယ်လိုဆင်ခြင်သင့်တယ်ဆိုတာ သတိပြုကြရမယ် သိရဲ့လား .... "

"ဟုတ်ကဲ့ပါ ဆရာမ ..."

***"နှုတ်ချိုသျှိုတစ်ပါး***ဆိုတာလို စကားကို ချိုသာယာဉ်ကျေးစွာပြောတတ်ဖို့လည်း အရေးကြီးတယ်။ နှုတ်ချိုမှ လိုရာအောင်မြင် ပြီးမြောက်နိုင်တယ်ကွယ့်၊ နှုတ်ချိုသာ သိမ်မွေ့မှုကို လူမပြောနဲ့ တိရစ္ဆာန်တွေတောင် လိုလားကြတယ်၊ ဘုရားလောင်း နန္ဒိဝိသာလနွားဘဝမှာ နွားရှင်က နွားပြိုင်ပွဲမှာ ကြမ်းတမ်းစွာ ဆဲရေးကြိမ်းမောင်းတဲ့အခါ အားစိုက်မရှန်းတော့လို့ နွားပွဲမှာ နွားရှင်ရှုံးခဲ့ရတယ်၊ နောက်တစ်ကြိမ် ချိုသာယဉ်ကျေးစွာပြောဆိုတဲ့ အခါမတော့ ဘုရားလောင်းနွားဟာ စိတ်ပါလက်ပါ အင်အားသုံးပြီး ရှန်းလိုက်တာ အနိုင်ရရှိသွားသတဲ့၊ အသိဉာဏ်ရှိတဲ့ လူ့လောကမှာလည်း လူအချင်းချင်းပြောဆိုရာမှာ ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေးနဲ့ သိမ်မွေ့စွာပြောဆိုမှ အမှုကိစ္စတွေ အောင်မြင်နိုင်မယ်ဆိုတာ သင်ခန်းစာယူ လက်တွေ့ကျင့်ကြရမယ်နော် ..."

"ဟုတ်ကဲ့ပါဆရာမ ..... "

စာစီစာကုံးသင်ရင်း နှုတ်စကားဆိုင်ရာသိသင့်သည်များကို မိမိတတ်စွမ်းသမျှ ရှင်းပြနိုင်ခဲ့သည့်အတွက် ခင်ရဲဆွေ ရင်ထဲတွင် ကျေနပ်နေမိတော့သည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် **သုဘာသိတာစ ယာဝါစာ ကောင်းသောစကား၊ အပြစ်ကင်းသောစကားကို ပြောဆိုခြင်းသည် မင်္ဂလာမည်၏** ဟု ဆိုထားပေသည်။ ဗုဒ္ဓမြတ်ဘုရား၏ စကားပြောဆိုနည်းတွင် ဟုတ်မှန်မှုရှိ အကျိုးစီးပွားနှင့်စပ်ယှဉ်လျှင် သူတစ်ပါးနှစ်သက်မှုမရှိသော စကားမျိုးကို အခြေအနေအရ အခါအားလျော်စွာ ပြောခြင်း၊ ဟုတ်မှန်မှုလည်းရှိ အကျိုးစီးပွားနှင့် စပ်ယှဉ်သည့် သူတစ်ပါးနှစ်သက်မှုရှိသောစကားမျိုးကို အခြေအနေ အခါအားလျော်စွာ ပြောခြင်း၊ မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါးမနှစ်သက်သည့် စကားမျိုးကို မပြောခြင်း၊ မဟုတ်မမှန် အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်မှုတော့ရှိသည် ဆိုသည့် စကားမျိုးမပြောခြင်း၊ ဟုတ်မှန်သော်လည်း အကျိုးမရှိ၊ သူတစ်ပါးနှစ်သက်မှုရှိသည့် စကားမျိုးပြောခြင်းဟူ၍ စကားကြီးခြောက်မျိုးတွင် ပထမနှင့် ဒုတိယ စကားမျိုးသာ ပြောဆိုကြောင်း သိရပေသည်။ "စကားကြီးခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်" ဟု ဆိုရိုးပြုခဲ့ကြပေသည်။

မိမိတို့သည်လည်း မြတ်ဗုဒ္ဓ၏ ထေရဝါဒ သာသနာတော်၏ အဆုံးအမအောက်တွင် ကြီးပြင်းခဲ့ရသူများပီပီ သုံးလူထွတ်ထား မြတ်ဘုရား၏ ကောင်းမြတ်သော စကားပြောနည်းဖြင့် လောကီအကျိုး လောကုတ္တရာ အကျိုးများကို ပွားစည်းတိုးတက်အောင် ပြောဆိုဆောင်ရွက်ရမည်သာ ဖြစ်ပါတော့သတည်း။

★ ★ ★ ★ ★

## မနေ့က ဖိုးထောင်

"ကိုက် ၄၄၀ အပြေးပြိုင်ပွဲတစ်ခုတွင် အပြေးသမားသည် ပထမကိုက် ၂၂၀ကို သူ၏သက်လုံးဖြင့် ပြေး၍ နောက်ဆုံးကိုက် ၂၂၀ကိုမူ သူ၏သတ္တိ၊ ဇွဲလုံ့လတို့ဖြင့်သာ ပြေးခဲ့လေသည်။ အပြေးပြိုင်ပွဲ၏ နောက်ဆုံးတစ်ဝက်သည် အနိုင်အရှုံးကို ဆုံးဖြတ်ပေးသည်။"

*ဦးလှခင်ဘာသာပြန် ဟားဗတ်ကာဆင်၏ ကြီးပွားရေးလမ်းညွှန်အမှတ်(၁)*

"ငါသည် ငါ၏အဖော်ဖြစ်သည်။-ငါ၏လမ်းစဖြစ်သည်။ ငါ၏ခိုကိုးရာဖြစ်သည်။ ငါ၏အဖော်ကောင်းဖြစ်သည်။ ငုံ့ထက်ငုံ့ကို ဘယ်သူမှ မကယ်နိုင်"

*(ပီမိုးနင်း)*

"မနေ့ကငါနှင့် ယနေ့ငါ အမြဲယှဉ်ပြိုင်၍ မနေ့ကငါထက် ယနေ့ငါ သာ၍ထူးချွန်တိုးတက်အောင် ကြိုးစားရမည်။"

*(ဆိုင်းဆရာကြီး စိန်ဝေဒါ)*

"ခရီးရှည်ကြီး၏အစသည် ပထမခြေလှမ်းပင်ဖြစ်သည်"

*(ကွန်ဖြူးရှပ်စ်)*

မနေ့ကဖိုးထောင်၏ဘဝသည် ဆူးပွမ်းသည့် ကန္တာရ၊ မုန်တိုင်းထန်သည့် လမိုက်ည၊ မီးလျှံကြားက သစ်တစ်ပင်ပမာ ကြမ်းတမ်းခက်ထန်ခဲ့သည်။ သူ ဆယ်နှစ်သား(ပဉ္စမတန်း)တွင် ဖခင်ရှေ့နေကြီးသည် ဦးနောက်သွေးကြောပြတ်ရင်း သေဆုံးခဲ့ရသည်။ တစ်နှစ်ခန့်အကြာတွင် သူ့အမေသည် နောက်အိမ်ထောင်ပြုရင်း သူ့ကို စွန့်ခွာသွားခဲ့သည်။ သူသည် မျက်စိသူငယ် နားသူငယ်ဖြင့် မုဆိုးမ ဘွားအေ၏ ပြုစုစောင့်ရှောက်မှု အောက်တွင် သူ့ဘဝကို ဆက်လက်လျှောက်လှမ်းခဲ့ရသည်။

မိခင်၏အစ်ကို၊ အစ်မများ၏ မိသားစုများနှင့် အိမ်ကျဉ်းကျဉ်းလေးတွင် နေထိုင်ခဲ့ရစဉ် သူသည် အားလုံး၏ ခိုင်းဖတ်ဖြစ်ခဲ့သည်။ သူ့ဘက်က မားမားမတ်မတ်ရပ်မည့်သူမှာ အဘွားသာရှိသည်။ ကျန်မိသားစုများက သူ့အမေအပေါ် မကျေနပ်စိတ်ဖြင့် သူ့အပေါ်အညှိုးသိုစွာ ဘဝကံကြမ္မာ၏ မညာမတာမှုက သူ့ဘက်သို့ ချိန်ခွင်လျှာ သာခဲ့လေသည်။ သူစားရသည်က အားလုံး၏အကြွင်းအကျန်၊ သူ့အတွက် သီးသန့်မရှိ။ ကျန်တာကိုစားရသည့်ဘဝ၊ အဘွားက မည်မျှရပ်တည်သည်ဆိုစေ၊ အဘွားသည်လည်း သည်သားသမီးတို့အပေါ် မိုခိုစားသောက်ရသူမို့ အခါခပ်သိမ်း သူ့စားရေးသောက်ရေးကို ဖြေရှင်းမပေးနိုင်ခဲ့။

သူသည် အလိုက်သိစွာဖြင့် မိမိကိုယ်ကိုမိမိ ဆုံးမချိုးနှိမ်ရင်း မပြေလည်မှု၊ မမျှတမှု၊ မလုပမှု၊ ဘဝ၏ ခါးသီးမှုများကို ရင်စည်း အံကြိတ်ရင်းခံခဲ့သည်။ သူ့ကို ပညာပေးနေသည်ဆိုသော အသိလေးဖြင့် သူချစ်ခင်မြတ်နိုးစွာ တန်ဖိုးထားသည့် ပညာအမွေကို ကြိုးစားရယူခဲ့သည်။ သူအိမ်က ထွက်ပြေးရန် စဉ်းစားမိ သော်လည်း ပညာရေးနှင့် အိုးစားကွဲမည်ကို ကြောက်ရွံ့ထိတ်လန့်မိသဖြင့် ထိုအတွေးကို ကျော်ခိုင်းခဲ့သည်။

သူသည် အဖေ့သားဝီသစွာ ပညာကို လိုလားခဲ့သည်။ ပညာတတ်မှ ဘဝအဆင့်မြင့်မားမည်ဖြစ်ကြောင်း၊ အဖေရှိစဉ်က မကြာခဏ ဆုံးမခဲ့သည်ကို သူမမေ့။ "ယောက်ျားကောင်းဆိုတာ ကိုယ့်ဘဝကိုကိုယ် ထူထောင် နိုင်ရမယ်၊ ကိုယ့်ဘဝကို ကိုယ်ထူထောင်နိုင်ဖို့ ပညာကိုကြိုးစားပါသား" ဟု တဖွဖွပြောခဲ့သည့်အဖေ၏ အဖိုးတန် စကားများက ရင်ထဲတွင် စွဲလို့နေသည်။ ထို့ကြောင့် သူသည် ထမင်းကြမ်းခဲကို ဆားဖြူးစားရသည့်တိုင် မျက်ရည်ပေါက်ပေါက် ကျရင်းမှာပင် အဖေ့စကားများကို မြေဝယ်မကျ နားထောင်ခဲ့သည်။ အဆိုးထဲက အကောင်းကိုသာ တွေးခဲ့သည်။ သည်အိမ်၊ သည်မိသားစုများသည် သူနှင့် သူ့စိမ်းတစ်ရံဆံမဟုတ်၊ သွေးရင်းသားရင်းများ ဖြစ်ကြသည်။ သူ့ကံတရားအရ ကံစီမံသလိုဖြစ်လာရခြင်းတွင် သူတတ်နိုင်သလောက် သည်းခံမည်ဟု အပြုသဘောတွေးရင်း ပညာကိုဖိ၍ ကြိုးစားခဲ့သည်။

တစ်နှစ်တစ်တန်း ထူးချွန်စွာ အောင်မြင်မှုများသည် သူ့ဘဝအတွက် အပေါင်းလက္ခဏာ စွမ်းအားများ ဖြစ်ခဲ့ရသည်။ ပညာထူးချွန်သောသူကို တော်တန်ရုံ အထင်မသေးဝံ့တော့။ တောက်မည့်မီးခဲတရဲရဲကို အကဲကြည့်ရင်း အောက်ခြေသိမ်းအလုပ်တွေကို လုပ်ခိုင်းစမြဲ။ အိမ်သားတွေချိုးဖို့ တိုင်ကီငါးလုံးစာကို တစ်နေ့နှစ်ကြိမ် ရေဖြည့်ရစမြဲ။ သူတို့အိမ်နှင့် ဆယ်အိမ်စာအကွာရှိ ရေဘုံဘိုင်တွင် ရေခပ်ရင်း ရေစည်တွန်းခဲ့ရသည့်ဘဝ၊ နေပူမိုးရွာမရှောင် သူလုပ်ရစမြဲ။

သူ့အဒေါ်၏သား၊ သူနှင့် ညီအစ်ကိုဝမ်းကွဲတော်သူသည် သူနှင့် ဝိုင်းကူညီရန်ဝေးစွ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားရင်း သူငယ်ချင်းများဖြင့် အချိန်ဖြုန်းနေသူ။ ရှစ်တန်းလောက်တွင် စီးကရက်သောက်သည်မှအစ ကိုးတန်းအရောက်တွင် ဘိန်းဖြူစွဲခဲ့သည်။ သူနှင့်သက်တူရွယ်တူ ညီအစ်ကိုမို့ အရှေ့နှင့်အနောက်၊ ဆီနှင့်ရေ၊ နံ့သာဆီနှင့် နောက်ချေးပမာ နှိုင်းယှဉ်စရာဖြစ်ရင်း ပတ်ဝန်းကျင်က မေးငေါ့လာသည့်အခါ သူ့ကောင်းသတင်း အတွက် ဝမ်းသာဖို့ထက်၊ သားဆိုးအတွက် ခံပြင်းသည့်အဒေါ်ဖြစ်သူ၏ ရန်ရှာခြင်းဒုက္ခကို သူခံစားခဲ့ရလေသည်။ အဒေါ်၏သားအပေါ် မျက်ကန်းချစ်နှင့် သူ့အပေါ်မတရားကျမှုကြောင့် အဒေါ်နှင့် ဦးလေးတို့ အကြီးအကျယ် ရန်ဖြစ်ခဲ့ရဖူးသည်။ အဒေါ်၏ ယောက်ျားက မခံသာသည့်အဆုံး ဝင်ပါရလေသည်။

"ဟေ့ ဖိုးထောင် .... နင်ကအလိမ်မှာကြီးတာက အကြောင်းမဟုတ်ဘူး၊ နင်နဲ့နှိုင်းပြီးငါ့သားကို ပတ်ဝန်းကျင်ကပြောတာ ငါမခံနိုင်ဘူး"

"ကျွန်တော် ဘာလုပ်မိလို့လဲ ...အဒေါ်"

"နင်က လူရှေ့ကျတော့ မခုတ်တတ်တဲ့ကြောင်လိုလုပ်ပြီး လူသနားအောင်နေပြ၊ နင် အရပ်ထဲမှာ ငါ့သားကို ဘိန်းဖြူစွဲနေတယ်လို့ လိုက်ပြောတယ် မဟုတ်လား၊ ငါ့သားကို သိကျွာချတာ ... နင်သိပ်မိုက်ရိုင်းတာ"

"ကျွန်တော်.... အဒေါ့်သားအောင်စိုးအကြောင်း ဘယ်သူ့ကိုမှ ဘာမှ မပြောပါလား ...အဒေါ်"

"နင်ဟာအရိပ်နေနေ အခက်ချိုးချိုးကောင်၊ နင် ခုလိုကျောင်းနေနိုင်အောင် ငါတို့ငွေနဲ့ ထားထားတာဆိုတာ မသိဘူးလား"

"အောင်စိုးက ဘိန်းဖြူသမား၊ ဆေးသမားတွေနဲ့ပေါင်းနေတာ၊ ပတ်ဝန်းကျင်က အမြင်ပဲ၊ ကျွန်တော်လည်း ဘာမှမပြောရပါ့လား"

"အောင်မယ်၊ နင်ကလား၊ ငါ့သားအပေါင်းအသင်းတွေကိုများ ဆေးသမား ဘိန်းဖြူသမားတဲ့၊ ပိုက်ဆံချမ်းသာတဲ့ လူကုံထံ သားသမီးတွေချည်းဘဲ၊ နင့်လိုအဖေမရှိ၊ အမေက နောက်လင်ယူတဲ့ မျက်နှာမွဲကောင်ကို ဘယ်သူက အပေါင်းအသင်းလုပ်ချင်မှာလဲ"

"အဒေါ်. .. စကားကိုကြည့်ပြောပါ၊ ကျွန်တော့်အမေဟာ အဒေါ်ညီမပါ၊ ကျွန်တော်ကလည်း အဒေါ့်တူ အရင်းပါ"

"နင်က မကျေနပ်တော့ ဘာလုပ်ချင်လဲ၊ လုပ်စမ်း....ကျေးဇူးကန်းတဲ့ကောင်၊ ခွေးလိုကိုက်တဲ့ကောင်၊ အလကားကောင်"

"ဟေ့ ... မိခိုင်၊ နင့်စကားတွေ လွန်ပြီ"

"အစ်ကိုမပါနဲ့၊ ဒီကောင်က လူကြီးတွေရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးနဲ့၊ ကျွန်မတို့ကိုကျေးဇူးမထောက်၊ ကျွန်မတို့ကပဲ သူ့ကို မတရားခိုင်းစေ အနိုင်ကျင့်နေသလို ပတ်ဝန်းကျင်မှာ သတင်းလွင့်နေတာ ... ကျွန်မအကုန်သိတယ်"

"နင် .... တော်တော့"

"မတော်နိုင်ဘူး ... သူက လူလိမ်မာ၊ လူတော်ကြီးပုံစံနဲ့ အသားယူပြီးမာန်တက်နေတာ .. အစ်ကိုဘာမှ မသိဘူး၊ ကျွန်မသားက ရိုးရိုးအအ...ရှင့်"

"ဟေ့ ... မိခိုင်၊ အစ်ကိုမောင့်စကားကို နားထောင်စမ်း၊ နင့်သားကို နင်ရအောင်ဆုံးမ၊ နင်အလို လိုက်လွန်းလို့၊ နင်ဖုံးဖိလို့ တချို့ကိစ္စတွေ ငါဖအေတောင် ဘာမှသိရတာမဟုတ်ဘူး၊ ဖိုးထောင်ကို မဲမနေနဲ့"

အဒေါ့်ယောက်ျားဝင်ပြောလိုက်မှ အဒေါ်ကငြိမ်သွားသည်။ ဦးလေးမောင်က ဖိုးထောင်ကို ချော့မော့ နှစ်သိမ့်သည်။ ထိုနေ့က အဘွားက ဥပုသ်စောင့်ရန် ရိပ်သာသွားနေ၍ ရန်ပွဲအကြောင်းကို မသိလိုက်။ ဖိုးထောင်

ထိုညက တစ်ညလုံး အိပ်မပျော်ခဲ့။ အဒေါ်၏ရင့်သီးသည့်စကားများကို ပြန်လည်ကြားယောင်ရင်း စိတ်ထိခိုက်ခဲ့ရသည်။ လူဆိုးနှင့် လူကောင်း၊ အမိုးတစ်ခုထဲအောက်၊ ကြမ်းတစ်ပြေးတည်းတွင် အတူရှိနေသမျှ ပတ်ဝန်းကျင်၏ နှိုင်းယှဉ်ခံထားမှုများကလည်း သူ့ကိုသာ အလေးပေးနေမည်။ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားနေသည့် သူနှင့်စိုးအောင်တို့၏ ကောင်းသတင်း ဆိုးသတင်းများသည် စိုးအောင် ကိုးတန်းကျသောအခါ အခြေအနေ ပိုဆိုးလာတော့သည်။

ဆယ်တန်းသည် သူ့ဘဝ၏ တက်လမ်းဆုတ်လမ်းကို အတိအကျ အဖြေပေးတော့မည်။ သူ သတိကြီးစွာ ထားရင်း ရည်မှန်းချက်ကို အပျက်မခံဘဲ အရှိန်မြှင့်၍ ကြိုးစားခဲ့သည်။ သူ့တွင် အတွင်းရန်အပြင်ရန် ဝိုင်းဝိုင်းလည်နေသည်။ သူစာကျက်လျှင် အဒေါ်က မကြည်ဖြူ။ ရန်ရှာသည်။ ရန်လုပ်သည်။ ဦးလေးမောင်ကလည်း အလုပ်ဖြင့် နယ်သို့သွားရသည့်ကာလ။ သူ့မိန်းမနှင့် သမီးနှစ်ယောက် ကျန်ခဲ့သည်။ ဦးလေးမောင်မိန်းမက သဘောမဆိုးသော်လည်း အပြင်ဟာဟီရကိစ္စတွေကို မနားတမ်းခိုင်းတတ်သည်။

သည်ကြားထဲ စိုးအောင်က တစ်မှောင့်။ စာမေးပွဲကျ၍ ပို၍ ပျက်စီးလာသည်။ သူ့ကိုရိသည်။ အမေက သွေးထိုးထား၍ စိုးအောင်က သူ့အပေါ် အမြင်မကြည်။ သူ့အပေါင်းအသင်းတွေက ဖိုးထောင်ကို ရန်စသည်။ စိုးအောင်တို့အုပ်စု ပိုမိုပျက်စီးလာရာတွင် ရပ်ကွက်ထဲတွင် လူဆိုးစာရင်းဝင်သည့်နေ့ စိုးအောင်တို့အုပ်စုက ချောင်းရိုက်ခြင်းကို သူခံခဲ့ရပြီး ဆေးရုံတွင် နှစ်ပတ်နေခဲ့ရသည်။ ထိုကိစ္စတွင် သူက လွန်သလိုလိုဖြင့် အဒေါ်က သူ့ကိုနာမည်ဖျက်ဖို့ ကြိုးစားခဲ့သော်လည်း သူတော်ကောင်းနတ်ကောင်းမ,ရင်း အမှုမှန်ကို လူတိုင်းသိခဲ့ကြရသည်။ သူက မုန်းစကို တိုစေလိုသောသဘောဖြင့် သူ့ကိုရိုက်သူများအား ခွင့်လွှတ်ခဲ့သော်လည်း ကိုယ်ပြုသောကံ ကိုယ့်ဆီပြန်သဘောဖြင့် ဘိန်းဖြူမှုဖြင့် အဖမ်းခံခဲ့ရကြသည်။ စိုးအောင်တို့ သားအမိ အကြီးအကျယ် တုန်လှုပ်ကြောက်ရွံ့ရင်း သူတို့၏ မကောင်းစိတ်များကို အရှိန်သတ်ခဲ့သည်။

သူဆေးရုံတွင်ရှိစဉ် သူ့ဘဝအတွက် အကောင်းဆုံးကို သူတွေးခဲ့ ရွေးခဲ့သည်။ သူ့ဘွဲ့ရမှုဖြစ်မည်ဟု ခိုင်ခိုင်မာမာ သန္ဋိဌာန်ချခဲ့သည်။ သူ့ကျောင်းမှ ဆရာ/ဆရာမများ၊ သူငယ်ချင်းများ၊ ပြီးတော့ သူ့အဘွား အားလုံး၏ စေတနာမေတ္တာဖြင့် သူ့ကျန်းမာရေးကို ပြန်လည်တည်ဆောက်ခဲ့ရသည်။ သူ့အတန်းပိုင် ဆရာဦးမျိုးက သူ့ကို လက်ကမ်းကြိုဆိုခဲ့သည်။

"စာမေးပွဲနီးရင် ဆရာ့အိမ်မှာ စာလာကျက်၊ ဆရာ စာလည်းသင်ပေးမယ်၊ ငုံ့တပည့်က အိမ်တွင်းရေးတွေကို သေသေချာချာမှ ဖွင့်မပြောခဲ့ဘဲကိုး၊ ဆရာတတ်နိုင်သလောက် ကူညီမယ်ကွာ၊ ဘာမှ အားမနာနဲ့"

"ဟုတ်ကဲ့ပါဆရာ ... ဆရာ့ကျေးဇူး ကြီးလှပါတယ်"

ဆရာသည် သူ့အတွက် အရိပ်ကောင်း ဝီသခဲ့သည်။ သူ့အတွက် အင်အားတစ်ရပ်ဖြစ်ခဲ့သည်။ သူ ဆေးရုံမှ ဆင်းတော့ ဦးလေးမောင် နယ်ကပြန်ရောက်လာသည်။ သူ့သတင်းကိုကြားပြီး စိတ်မကောင်းဖြစ်ခဲ့သည်။ သူ့ကို အပြစ်တင်သည်။

"မင်းကလည်းမင်းပဲ ... ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်ရတယ်လို့"

"သူငယ်ချင်းအိမ်မှာ စာသွားကျက်တာပါဦးလေး.."

"အဒေါ်က ဆယ့်တစ်နာရီဆို မီးပိတ်ပစ်တာဦးလေးရဲ့၊ ရေနံဆီမီးခွက်နဲ့ ကျက်မယ်ဆိုတော့လည်း မီးလောင်မယ်၊ အန္တရာယ်ရှိတယ်ဆိုပြီး ကျက်ခွင့်မပေးဘူး၊ နေ့ဘက်ကျတော့လည်း ကျောင်းတစ်ဖက်နဲ့ အိမ်အလုပ်တွေ အကုန်လုပ်ပေးရသေးတာ"

"အေးလေ ... ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ အန္တရာယ်ကင်းအောင်လည်းနေ ... စာမေးပွဲအောင်ဖို့လည်း ကြိုးစားပေါ့"

"ဟုတ်ကဲ့ပါ ... ဦးလေး"

သူစာမေးပွဲဖြေဖို့ တစ်လလောက်အလို အအိပ်ပျက်အစားပျက် အလုပ်ကပင်ပန်းရင်း ဖျားခဲ့သည်။ အဘွားက သူ့ကို ငွေငါးရာပေးရင်း ဆေးခန်းသို့ လွှတ်သည်။ နှစ်ရက်ဆက်သွားရသဖြင့် ငွေတစ်ထောင်ကုန်သည်။ ဆရာဝန်ကို တောင်းပန်ရင်း အကြွေးတင်ခဲ့သည့် ငွေငါးရာကို တစ်ပတ်အတွင်း ပြန်ရှာပေးပါမည်ဟု ပြောခဲ့ရသည်။ အဖျားကြောင့် စာမကျက်နိုင်ခဲ့ခြင်းကို စိတ်မကောင်းဖြစ်ရခြင်းထက် အကြွေးငါးရာက သူ့ခေါင်းပေါ်တွင် ဝန်ထုပ်ဝန်ပိုးဖြစ်ခဲ့သည်။ သူ့ခေါင်းကို အလုပ်ပေးရင်း အဖျားပျောက်၍ နေကောင်းသည့်နေ့တွင် ဈေးနားက ဆန်ဆိုင်သို့ပြေးရင်း ဆန်အိတ်အတင်အချအလုပ်ကို ကြားပေါက်အနေဖြင့်ခိုင်းရန် သူ့အကျိုးအကြောင်းကို ပြောပြရသည်။ ဆိုင်ရှင်က သိပ်လက်မခံချင်။ သူ့အလုပ်သမားနှင့်သူ ပြည့်နေပြီဟု ငြင်းသည်။

သူ့အဖြစ်ကို သနားအောင်ပြောရတော့သည်။ သူ့အတွက် ငွေငါးရာသည် ငါးသောင်းငါးသိန်းပမာ ဝန်လေးလွန်းလှသည်။ သို့ဖြင့် သူ ဆန်အိတ်အတင်အချ နှစ်ရက်လုပ်ပေးရသည်။ ငွေလေးရာရသည်နှင့် ဆေးခန်းသို့ပြေးရင်း အကြွေးငါးရာမှ လေးရာကို ပြေးဆပ်ရသည်။ ဆရာဝန်က သူ့အဖြစ်ကိုကြားသည့်အခါ တစ်ရာကိုလျှော့ပေးလိုက်သဖြင့် သူမှာ သိန်းထီပေါက်သလို ဝမ်းသာခဲ့ရသည်။

"ဘဝဆိုတာ...ပန်းမွေရာ ရွှေကောဇောမဟုတ်ပဲ့လား၊ ပန်းမွေရာရွှေကောဇောဖြစ်အောင် ငါဘွဲ့ရမှဖြစ်မယ်။ ဆယ်တန်းအောင် အောင် ငါအသေအလဲကြိုးစားမယ်" ဟု ဖိုးထောင်ခေါင်းထဲတွင် သံမှိန်နက်သလို စွဲခဲ့လေသည်။

"ဖိုးထောင် .. မင်းနတ်စည်းစိမ် မခံချင်ဘူးလား"

စိုးအောင်က သူ့ကို အရောလာဝင်သည်။ သူ့လက်ထဲမှ စီးကရက်ကိုကြည့်ရင်း စီးကရက်ထဲတွင် ဘာတွေပါသည်ကို ဖိုးထောင်ကောင်းစွာ သိသည်။

"နတ်စည်းစိမ်ဆိုတာ ငါတို့လူမျိုးတွေနဲ့ မထိုက်တန်ပါဘူး"

"ဟား ... ဟား.. ဖိုထောင်က အပြောကောင်းကွာ"

သူစာကျက်နေရာသို့ လာနောင့်ယှက်နေခြင်းဖြစ်သည်။ သူက အလိုက်အထိုက်ပြောရင်း အကဲကြည့်နေရသည်။

"တစ်ဖွာလောက် ရှိုက်ကြည့်ပဲ့လား ဘရားသား"

"ဟာ...နေပါစေကွာ"

"မင်း ... အရသာမသိသေးလို့ပါ၊ သိရင်သိပ်ကြိုက်သွားမှာ"

"ဆေးလိပ်ဆိုတာ မူးယစ်ဆေးဝါးရဲ့အစပဲကွ"

"ခင်ဗျား...ဘုန်းကြီးဝတ်ဖို့ပဲ ကောင်းတယ်"

သူပြုံးရင်း သည်းခံလိုက်သည်။ စိုးအောင်က သူနားကထွက်သွားပြီး ကက်ဆက်ကို အကျယ်ကြီး ဖွင့်လိုက်တော့သည်။ ဒုက္ခရင်ပိုင်းတွင် အောင်မြင်မှု မျိုးစေ့တစ်စေ့ ပါတတ်သည်ဆိုသည့် သူဆည်းပူးဖတ်ရှုသည့် စာအုပ်တစ်အုပ်မှ စာကြောင်းလေးကို သတိရရင်း သူအလုပ် သူဆက်လုပ်သည်။ ဆရာမျိုးကိုသတိရပြီး နောက်ရက်ကို ဆရာမျိုးအိမ် သွားမည်ဟု ဆုံးဖြတ်လိုက်သည်။ သည်အတိုင်းဆို မလွယ်။ သူ့တွင် အနောင့်အယှက်တွေက များလွန်းသည်။ စိုးအောင်သူငယ်ချင်းတွေက သူရေခပ်သည့်အခါတွင် မကြားတကြား လှောင်ပြောင်ကြပြန်သည်။

"ရေသည်မောင်မောင် ရွှေချသလိုပြောင်လိမ့်မယ်...ပလို့ဂျို"

"ရေသည်မောင်မောင် အိုနာစစ်လို ပြောက်လိမ့်မယ် ...ဟား..ဟား..ဟား.."

သူ့ဒေါသကို မျိုသိပ်နိုင်ခဲ့ပြီ၊ ဘဝပေးအသိက သူ့စိတ်ကို ရင့်ကျက်ခိုင်ခန့်စေခဲ့ပြီ။ သူတစ်ပါးကို နှောင့်ယှက်ဖို့ လှောင်ပြောင်ဖို့က သူတို့အလုပ်၊ သည်းခံခြင်းပါရမီကို တည်ဆောက်ဖို့က သူ့အလုပ်။ သူမကြားဟန်ပြုပြီး ကိုယ့်အလုပ် ကိုယ်လုပ်ခဲ့သည်။ သို့ဖြင့် သူသည် စာမေးပွဲအောင်ရန် တစ်စိတ်တည်းဖြင့် အဘွားထံခွင့်ပန်ရင်း ညစာစားပြီးသည်နှင့် ဆရာ့အိမ်သို့ ထွက်ခွာခဲ့သည်။ မျက်စောင်းခဲရင်း ကျန်ခဲ့မည့်အဒေါ်နှင့် နတ်စည်းစိမ်ခံစားရင်း ကျန်ခဲ့မည့် စိုးအောင်တို့ကို ကျောခိုင်းခဲ့သည်နှင့် သူ့အတွက် အကုသိုလ်အမှောင်မိုက်နှင့် ကင်းကွာသွားသလို ခံစားလိုက်ရလေတော့သည်။

သူဆယ်တန်းကို ဂုဏ်ထူးသုံးခုဖြင့် အောင်မြင်ခဲ့လေသည်။ သူ့ဘဝရေဆန်လမ်းအတွက် အားမာန်များကို စုစည်းရင်း တက်ကျိုးလျှင် လက်ထိုးလှော်မည်ဆိုသည့် သံမဏိစိတ်ဓာတ်ဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ ဆက်လက် လျှောက်လှမ်းခဲ့သည်။ ဇနကထုံး နလုံးမူခဲ့သည်။ **"ယောက်ျားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်လည်း မလွတ်စတမ်း ရမြဲလမ်း"** ဟု ပညာရှိစကားမွန်ကို နလုံးစွဲပိုက်ရင်း သူ့ခရီးသူနင်ခဲ့သည်။

သူ ဝင်ခွင့်ရသည့် စက်မှုတက္ကသိုလ်မတက်မီ ဆိုက်ကားနင်းရင်း ငွေစုခဲ့သည်။ စာစောင်တွေ သတင်းစာတွေကို လက်ပွေ့ ရောင်းခဲ့သည်။ သူ တက္ကသိုလ်တက်ရင်း ထိုအလုပ်များကိုမစွန့်။ စတိုင်ပင် ထောက်ပံ့ငွေ တစ်လ ဂ၅ကျပ်ဖြင့် ခြိုးခြံချွေတာရင်း ပညာယူရင်း ဘဝအမောကိုဖြေခဲ့သည်။ ဆရာသမားတို့၏ ကျေးဇူးကို သူမမေ့။ အတွင်းရန်များကြီးမားသည့် အဘွား၏ အိမ်ကလေးမှာပင် ဆင်းရဲပင်ပန်းစွာ၊ သည်းခံခြိုးခြံစွာ နေရင်း ဘဝကို ရဲရင့်စွာရင်ဆိုင်ခဲ့သည်။ ရေလှည်းတွန်းရသည့် အလုပ်ကိုလည်း မပျက်ခဲ့ရ။ သူထမင်းငတ်ခြင်းထက် ပညာငတ်မှာကိုသာ ကြောက်ရွံ့ရင်း ပညာကို အမိအရ ဖက်တွယ်လာခဲ့သည်။

စိုးအောင်လည်း စာမေးပွဲကျ၍ ကျောင်းထွက်ရသည်။ သူ့အဖေရုံးတွင် အလုပ်ဝင်ရင်း မကြာမီ မိန်းမယူသည်။ မိန်းကလေးကလည်း ဆယ်တန်းမအောင်။ သူတို့အိမ်တွင် လူဦးရေတစ်ယောက်တိုးလာသလို ပြဿနာကပါ စလာပြန်သည်။ စိုးအောင်၏ ခွေးမြီးကောက် ကျည်တောက်စွပ်သည့် ဇာတ်လမ်းတွင် စိုးအောင်တစ်ယောက် အပေါင်းအသင်းဟောင်းများနှင့် တွဲရင်း ဘိန်းဖြူသံသရာ ပြန်လည်ပြန်သည်။

စိုးအောင်မိန်းမသည် သူ့ယောကျ်ားကိုစိတ်ပျက်ရင်း ဖိုးထောင်ကို လေးစားကြည်ညိုလာခြင်းသည် ပြဿနာ၏ အစပင်ဖြစ်သည်။ သူ့ဘက်က အနေမှန်သော်လည်း မိန်းကလေးက မနေတတ်၊ လွန်ကဲသော ဂရုစိုက်မှုများဖြင့် သူ့ကို ချဉ်းကပ်ခွဲဆောင်လာသည့်အခါတွင် သူသည် အပြင်ဆောင်တွင် ငှားရမ်းနေထိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။ သူ့ရည်မှန်းချက်ကို သည်အခြေအနေရောက်ခါမှ အပျက်အစီး အတိမ်းအပါးမခံနိုင်။ သို့ဖြင့် သူသည် အဘွားနှင့် ဦးလေးကို ခွင့်ပန်ရင်း အပြင်ဆောင်သို့ ရောက်ခဲ့တော့သည်။

သူသည် ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြင့် ပညာရေးခရီးကို နင်ခဲ့ရသည်။ သူငယ်ချင်းကောင်းတို့၏ ကူညီစောင့်ရှောက်မှုများဖြင့် ကျားကန်ရင်း သူ့ခရီးကို ဆက်လှမ်းရသည်။

စတုတ္ထနှစ်တွင် သူ့ဘဝထဲသို့ တစ်တန်းတည်း တစ်နှစ်တည်းမှ သူငယ်ချင်း "ဝေ" သည် အချစ်တရွှေ ခြောက်ရင်း ရောက်လာခဲ့ပြန်သည်။ ဝေ့အလှက အေးချမ်းသည်။ မာနကင်းသည်။ စိတ်သဘောပြည့်ဝသည်။ သူသည် အချစ်ပဒိုင်းသီးကိုစားရင်း အရူးအမူးဖြစ်ခဲ့သည်။ သူတို့ ချစ်သက်တမ်းတစ်နှစ်ခန့်တွင် ဝေ့မိဘများက သူ့အကြောင်းကို စုံစမ်းသိရှိပြီး လမ်းဖြတ်ခိုင်းခဲ့သည်။ ဝေကလည်း မိဘ အသိုက်အဝန်းကို မလွန်ဆန်ရဲသူ၊ ချစ်သတ္တိနည်းသူမို့ ဖိုးထောင်ကို စိမ်းကားပြတ်တောက်စွာ လမ်းခွဲခဲ့သည်။ သည့်အတွက် သူသည် ဘဝပျက်မတတ် ခံစားခဲ့ရသည်။ တစ်သက်တာ တစ်ယောက် အချစ်မျိုးဖြင့် ချစ်ခဲ့သည်မို့ တဝေဝေဖြင့် အချစ်ရှုးကြီး ဖြစ်ခဲ့ရသေးသည်။ အရက်သမားကြီးမဖြစ်ခဲ့သည့်အတွက် သူ့ကိုယ်သူ ကျေးဇူးတင်မိသေးသည်။

စာဖတ်သန်သော သူ့အဖေပြောပြခဲ့ဖူးသည့် ဂျိမ်းစ်လှကျော်၏ မောင်ရင်မောင် မမယ်မဝတ္ထုကို ပြန်သတိရမိသည်။ မောင်ရင်မောင် ထောင်ထဲမှ အဖဦးပေါ်လာ၏ ရုပ်အလောင်းနေရာတွင် အစားဝင်ရင်း မကြောက်နဲ့ဟူသော ဖခင်စကားကို နလုံးစွဲပိုက်ကာ အသက်ဘေး၊ အကျဉ်းဘေးမှ လွတ်မြောက်ခဲ့ပုံ၊ မောင်ရင်မောင်သည် ရုပ်ဖျက်ပြီး မိခင် မဖားဥတဲတွင် သားအမိတွေ့ဆုံရာ မောင်မြတ်သာ မမယ်မတို့ မင်္ဂလာဆောင်မှ လွင့်ပျံလာသည့် ဆိုင်းသံတွေကြားရခိုက် အသည်းကွဲမတတ်ခံစားရင်း အမေ မဖားဥကို လုပ်ကျွေးပြုစုဖို့ အသိတရားဝင်ခဲ့ပုံတို့သည် သူ့အကြိုက်ဆုံးအခန်းများ။ အဖေ့ပြောစကားဖြင့် ဝတ္ထုကို နားထောင်ခဲ့သလို သူ့ကိုယ်တိုင်လည်း ဖတ်ရှုခဲ့ရသည့်ဝတ္ထု။ သူပြန်သတိရရင်း သူ့နလုံးသားပြဿနာကို သူ့ကိုယ်တိုင် ကုစားခဲ့သည်။

ဆင်ပြောင်ကြီး အမြီးကျမှ အတစ်မခံနိုင်တော့။ သူဘွဲ့ရဖို့ သူ အနှစ်နှစ်အလလ ဒုက္ခများစွာဖြင့် နပန်းလုံးရင်း လျှောက်လှမ်းခဲ့ရသည့် သူ့ရည်မှန်းချက်ပန်းတိုင် အဝေးမခံနိုင်တော့ပေ။ ဆရာကြီး ဝိမိုးနင်း၏ အဆုံးအမစကားဖြင့် သူ့ကိုယ်သူ ပြန်လည်ကုစားထိန်းမတ်ရင်း ဝေ ဆိုသော မိန်းကလေးကို သူမေ့ပစ်ခဲ့သည်။

တရွေ့ရွေ့ကုန်ဆုံးနေသည့် အချိန် တဖြည်းဖြည်း နီးကပ်လာသည့် စာမေးပွဲ၊ တသသ မျှော်မှန်းခဲ့ရသည့် ပန်းတိုင် အားလုံးသည် သူ့ကိုအသည်းကွဲအဆွေးသမားကြီးလုပ်နေဖို့ ခွင့်မပေးတော့ပေ။

သို့ဖြင့် သူသည် ဘဝ၏အမှန်တရားသို့ ဦးတည်ရင်း ပစ္စုပ္ပန်တည့်တည့်ကို သူ့အတွက် အကျိုးရှိအောင် ကြိုးစားအားထုတ်ခဲ့လေသည်။ သူကြိုးစားခဲ့သည့်အချိန်များသည် ရှေ့ပမာတန်ဖိုးရှိရင်း သူ့အတွက် လုပသော အနာဂတ်ကို ဖန်ဆင်းပေးခဲ့လေသည်။

သူသည် တက္ကသိုလ်မရောက်မီ ရှေ့ပိုင်းတွင် သက်လုံကောင်းစွာဖြင့် ပန်းတိုင်ရှိရာသို့ ပြေးခဲ့သည်။ သူ တက္ကသိုလ်ရောက်သည်မှ ပန်းတိုင်သို့ သူ၏ သတ္တိ၊ ဇွဲ၊ လုံ့လတို့ဖြင့် ဆက်လက်ပြေးခဲ့သည်။

ယနေ့ ဖိုးထောင်ခေါ် အင်ဂျင်နီယာကြီး ဦးနေမင်းလျှံသည် ဘဝကိုအောင်ပွဲခံရင်း မနေ့က ဖိုးထောင်၏ ဘဝကို တစ်သက်တာ ထာဝရ မမေ့ရင်တွင် ကမ္ဘည်းတင်ရင်း အမှတ်ထင်ထင် ရှိနေပေတော့သည်။

★ ★ ★ ★ ★

## တိမ်ပန်းချီ စိန်စိလို့ လှစေမယ်

စာရေးဆရာတစ်ယောက် စာရေးခြင်းသည် တကယ်တော့ တိမ်ပေါ်မှာ ပန်းချီတက်ဆွဲနေသည်နှင့် တူနေသည်ဟု ခင်ရဲဆွေ တွေးမိသည်။ စာရေးဆရာ၏အတွေး၊ ခံစားမှု၊ စေတနာ၊ ရည်ရွယ်ချက်တို့ကို ရုပ်လုံးပေါ်အောင် စကားလုံးများဖြင့် သရုပ်ဖော်ရာတွင် အနုပညာမြောက်ဖို့၊ ရသမြောက်ဖို့ဆိုသည်မှာ အလွန် သိမ်မွေ့နက်နဲလှပါသည်။ စိတ်ကူးစိတ်သန်းကောင်းဖို့နှင့် တီထွင်ကွန်မြူးသည့် ဉာဏ်တို့ကမူ စာရေးသူအတွက် မရှိမဖြစ် လိုအပ်သောအရာများ ဖြစ်ပါသည်။ တစ်ခါတစ်ရံ သူ၏အတွေးများသည် မိုးကောင်းကင်စကြဝဠာအနှံ့ ခြေဆန့်ဖြန့်ကြက်နေတတ်သည်။ တစ်ခါတစ်ရံတွင် ပင်လယ်လိုင်းတံပိုးများနယ် ဆူဝေညံဟိန်းနေသည်။ တစ်ခါတစ်ရံတွင် ရိုးမတောင်တန်းကြီးများပမာ တည်ငြိမ်ရင့်ကျက်နေပြန်သည်။ တစ်ခါတလေတွင် တိမ်ပဝါဇာဖြူပွင့် ကဲ့သို့ လွင့်ချင်ရာ လွင့်နေတတ်ပြန်သည်။ တစ်ခါတစ်ရံ၌ ရောင်စုံပန်းပွင့်များပမာ လှနေကြပြန်သည်။ တစ်ခါတစ်ရံ တောက်ပံတဖျပ်ဖျပ်နှင့် ပျံသန်းနေသော ငှက်ကလေးပမာ ပေါ့ပါးလွတ်လပ်နေပြန်သည်။ တစ်ခါတစ်ရံ သစ်ပင်ထူထပ် သိပ်သည်းသည့် တောအုပ်ကြီးပမာ ရှုပ်ထွေးမှန်းသိပ်နေပြန်သည်။

မည်သို့ဖြစ်စေ စာရေးရခြင်း၊ စာရေးရန် တွေးရခြင်းကို ခင်ရဲဆွေ ကျေနပ်ပီတိဖြစ်ရသည်။ စာရေးသူ ဆိုသည်မှာ မျက်စိကိုဖွင့် နားကိုစွင့်ထားရသည်။ ခေတ်ရေစီးကြောင်းကို မျက်ခြည်ပြတ်၍မဖြစ်၊ ခေတ်ကာလ ဟူသော လျှပ်စစ်ရထားကြီးနှင့် အမီလိုက်နိုင်ရန် အရေးကြီးသည်။ နောက်ကျကျန်၍မဖြစ်၊ တိုးတက် ပြောင်းလဲနေသည့် ရေအလျှဉ်တွင် ပါဝင်ပတ်သက်နိုင်စွမ်း ရှိရမည်။ လောကခံတရားကို ကြံ့ကြံ့ခံနိုင်စွမ်းရှိရမည်။ အတည်မဲ့သော လောကကြီးနှင့် ဖောက်ပြန်ပြောင်းလဲတတ်သည့် လူ့သဘာဝစရိုက်များကို ကျေညက်စွာ နားလည်နိုင်စွမ်း ရှိရမည်။ စာဖတ်နာသူဖြစ်ရမည်။ မိမိရေးသည့် စာတစ်ပုဒ်၊ စာတစ်အုပ်ပေါ်တွင် စေတနာသန့်သန့် ထားရမည်။ မိမိအလုပ်ပေါ်တွင် ရိုးသားဖြောင့်မတ်ရမည်။ မိမိကလောင်ကို ရိုသေလေးစားရမည်။ စာပေပညာရှင်ဟု တန်းဝင်နိုင်အောင် ကလောင်ဂုဏ်သိက္ခာပြည့်ဝရမည်။ မှတ်ကျောက်အတင်ခံနိုင်ရမည်။ သည့်အတွက် စေတနာမှန်ဖို့လိုပါသည်။

ခင်ရဲ့ဆွေ အသက် ၃၅ နှစ်အရွယ်တွင် ကလောင်သက်က ဆယ့်ငါးနှစ်ရှိခဲ့သည်။ လုံးချင်းလေးငါးအုပ်သာ ထုတ်ဖူးသေးပြီး၊ လစဉ်မဂ္ဂဇင်းများတွင်မူ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးများ ကြိုကြားပါသည့် အခြေအနေမျိုး ဖြစ်ပါသည်။ ဈေးကွက်ဝင် လျှမ်းလျှမ်းတောက် ကျော်ကြားသည့် အဆင့်မျိုးမဟုတ်။ ထိုအဆင့်သို့ သူရည်မှန်းသော်လည်း ရင်သိမ့်တုန်ချစ်ဆိပ်တက်သော ဝတ္ထုမျိုးများဖြင့် သူမရောက်ချင်။ သရုပ်မှန် ဘဝဆန်သော ဝတ္ထုမျိုးဖြင့်သာ တက်လှမ်းလိုပါသည်။ သည့်အတွက် သူ့ကိုယ်သူ ဖြည့်ဆည်းလေ့ကျင့်ရင်း ကြိုးစားနေဆဲ ဖြစ်ပါသည်။ သူ့ဝတ္ထု၊ သူ့ဆောင်းပါးများနှင့် ပတ်သက်၍ အလုပ်ခွင်မှ ဆရာ၊ ဆရာမများ၊ စာပေအသိုက်အဝန်းမှ မိတ်ဆွေများ၏ ဝေဖန်မှုအမျိုးမျိုး၊ ချီးကျူးမှု အသွယ်သွယ်ကို အကောင်းမြင်ဝါဒဖြင့် လက်ခံစမ်းမြဖြစ်ပါသည်။ အားသာချက်၊ အားနည်းချက်များကို ချိန်ထိုးဝေဖန် ဆန်းစစ်ရင်း ပြုပြင်သင့်သည်ကို ပြုပြင်စမ်း၊ မိမိကို ဝေဖန်သူ၊ အကြံပေးသူများကို ကျေးဇူးရှင်များအဖြစ် ကျေးဇူးတင်စမ်းပါ။

"ခင်ရဲ့ကိုပြောရဦးမယ်... ခင်ရဲ့အရေးအသားတွေက ကောင်းပါတယ်။ ဒါပေမဲ့ လူငယ်ကြိုက် သည်းခြေခိုက်မဟုတ်တော့ ဘယ်နာမည်ကြီးမလဲ...."

သူငယ်ချင်းဖြစ်သူ မွန်ရည်က ပြောလာခြင်းဖြစ်ပါသည်။ ခင်ရဲ့ဆွေက ငြိမ်သက်စွာနားထောင်ပြီး ပြုံးလိုက်ပါသည်။

"ကိုယ့်ကလောင်က သူ့သဘောသူဆောင်ပြီး ရေးသွားတာ မွန်ရည်... လူငယ်ကြိုက်သည်းခြေခိုက် ရေးစမ်းဆိုပြီး ခိုင်းလို့မရဘူး"

"မွန်ရည်က ခင်ရဲ့ကို ချမ်းသာစေချင်လို့ပြောတာပါ.. စေတနာနဲ့ပါကွာ"

"ဟုတ်ပါတယ်... မွန်ရည်ရယ်၊ ကိုယ်သိပါတယ် ... ချမ်းသာအောင်ရည်ရွယ်ချက်ကြီးနဲ့တော့ စာရေးလို့မရဘူး၊ လူငယ်ကြိုက်အချစ်ရေးရင်တောင် ဂုဏ်သိက္ခာကိုယ်ကျင့်တရားကို အလေးထားတဲ့ အချစ်မျိုးပဲ ရေးချင်တယ်။"

"အင်းလေ... ခင်ရဲ့စိတ်ဓာတ်ကိုတော့ လေးစားပါတယ်။ ဆောင်းပါးတွေမှာတော့ အောင်မြင်ပါတယ်။ အမျိုးသားယဉ်ကျေးမှုကို မကျိုးခိုင်ထားပြီးရေးတာဆိုတော့... ဆုတွေ ဘာတွေတောင်ရတယ်မဟုတ်လား"

"အဲဒါပြောတာပေါ့မွန်ရည်ရဲ့... စေတနာမှန်ဖို့ ရည်ရွယ်ချက်ကောင်းဖို့ အရေးကြီးတယ်လေ.."

"မွန်ရည်ကတော့ ကိုယ့်သူငယ်ချင်းကို ဘက်စုံထူးချွန်စေချင်လို့ပါ... ဆောင်းပါးမှာရော၊ ဝတ္ထုမှာရော အောင်မြင်စေချင်လို့ပါ.."

"ကျေးဇူးတင်ပါတယ်...သူငယ်ချင်းရယ်၊ ကိုယ်ကြိုးစားပါ့မယ်.."

"သမီးက အချစ်ဝတ္ထုတွေ ဘာတွေ ဖတ်လို့ပါ့လား.."

"အပျင်းပြေပါတီချယ်ရယ်...ဘာရယ်မဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတာ၊ စနေတနင်္ဂနွေ ပိတ်ရက်မှာ ဖတ်မလို့လေ"

ကျောင်းရုံးခန်းမှ စာရေးမလေး စပယ်ဖ၏စကားကို ကြားရသည့်ခဏ၊ ခင်ရဲဆွေ နမြောမိသည်က အဖိုးတန်သည့်အချိန်၊ ရင်းစားမရနိုင်သည့်အချိန်၊ ဘွဲ့ရအောင်ပညာမသင်ခဲ့ရသည့် စပယ်၊ အားလပ်ချိန်များတွင် ဆရာကြီးဦးတက်တိုး၊ ဇေယျ၊ လူထုဦးလှ၊ မြသန်းတင့်၊ ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်တို့ရေးသည့် စာအုပ်များကိုသာ ဖတ်ပါလျှင် မည်မျှကောင်းပါမည်နည်း ဟု တွေးမိလိုက်သည်။ သူ့အတွက် အချိန်တွေကို နမြောသွားမိပါသည်။ သို့သော်လည်း သူ့ကိုယ်ပိုင်လွတ်လပ်ခွင့်မို့ မတားချင်တော့ပါ။

"တီချယ်က ဘာသိလို့လဲ... အဲဒီဝတ္ထုမျိုးလေးတွေ ဖတ်ပြီးစိတ်ကူးယဉ်ရတာ အရသာရှိတယ်"

"ဟေ... ဘာတွေပါလို့လဲ"

"တီချယ်ဖတ်ကြည့်ပါ့လား၊ ဖတ်လို့ကောင်းတယ် တီချယ်ရဲ့"

"တီချယ်ကတော့ အချိန်မရှိလို့ မဖတ်တော့ပါဘူးကွယ်"

မိမိတို့တိုင်းပြည်တွင် စပယ့်လိုလူငယ်တွေ ဘယ်နစ်ယောက်ရှိနေပြီလဲ၊ ရင်လေးစရာကောင်းပါဘိ၊ လူနာနှင့်ဆေး အံကိုက်နေသလို စိတ်ကူးယဉ်အရသာခံရင်း အချိန်ဖြုန်းလိုသူများအတွက် သည်လိုဝတ္ထုမျိုးတွေ ကလောင်ဖျားတွင် စက်တပ်သလို မရပ်မနားထွက်နေခြင်းပါလား ဟု ခင်ရဲဆွေ တွေးလိုက်မိပါသည်။ စပယ်နှင့်မတူ၊ ရှားပါးသည့် စာဖတ်ပရိသတ်တစ်ဦးကို တပည့်ထဲတွင် တွေ့ဖူးခဲ့ပါသည်။

သူက ဆယ်တန်းကျောင်းသူ ယုဇန၊ စာကြည့်တိုက်တွင် အတွေ့များရင်း သူနှင့် စကားလက်ဆုံကျခဲ့သည်။

"သမီးက စာကြည့်တိုက်ကို မှန်မှန်လာတယ်နော်..."

"သမီး စာဖတ်ဝါသနာပါတယ်..ဆရာမရဲ့"

"ဘာစာအုပ်တွေဖတ်လဲ"

"အကုန်ဖတ်တာပဲ"

"ဝတ္ထုတွေရော.. ဖတ်လား"

"ဝတ္ထုတွေလည်း ဖတ်ပါတယ်...ဒါပေမဲ့ သမီးကြိုက်တာက ဆရာမကြီးခင်ဆွေဦးရေးတဲ့ ဒို့တိုင်းဌာနီလိုမျိုး၊ ဆရာကြီးမြသန်းတင့်ရဲ့ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မယ်တို့... မိုးမိုး(အင်းလျား)၊ ခင်နင်းယု၊ မစန္ဒာ အဲသလို ဘဝအနစ်သာရပါတဲ့စာအုပ်မျိုးတွေကိုပဲ ကြိုက်တာ"

"သိပ်ကောင်းတာပေါ့သမီးရယ်...သမီးက ဘယ်ဆိုးလို့လဲ"

"ဆရာမက မြန်မာစာသင်တာဆိုတော့ အကူအညီတစ်ခုတောင်းချင်လို့ပါ"

"တောင်းပါ...တောင်းပါ...ဆရာမဘာကူညီရမလဲ"

"ဟိုလေ...မြန်မာမှုနဲ့ပတ်သက်ပြီး မြန်မာစာအုပ်ကောင်းကောင်းလေးတွေဖတ်ချင်လို့...ဆရာမရွေးပေးရင် သိပ်ကောင်းမှာပဲ"

"အမလေးယုဇနရယ်... စောစောကပြောရောပေါ့၊ သမီးဆန္ဒကို အမြန်ဆုံးဖြည့်ဆည်းပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် ဆရာမရယ်...သမီးမှာရေကိုမြင်ပြီးရေတက်နေသလို၊ စာအုပ်တွေအများကြီးတွေ့ပြီး ဘာစာအုပ် ဖတ်ရမှန်းမသိ ဖြစ်နေတာ"

"ဒီမှာ...ဆရာမဖတ်တဲ့စာအုပ်စာရင်းပါတယ်၊ ဟိုဝီရို နံပါတ်(၇)ထဲမှာရှိတယ်။ ဒီနာမည်တွေ အရင်ကူးထားလိုက် ရော့"

"ဟုတ်ကဲ့ဆရာမ"

ယုဇနက ဒေါ်ခင်ရဲဆွေ၏ မှတ်စုထဲမှ မြန်မာမှုဆိုင်ရာစာအုပ်စာရင်းကို ကူးယူနေသည်။

| | |
|---|---|
| **တိုက်စိုးနှင့် မင်းယုဝေရေး** | **စာဆိုနှင့်သုတေသီ** |
| **ဦးတင်လှရေး** | **မြန်မာမှု** |
| **ဝိုလ်အေးမောင်ရေး** | **အရှေ့တောင်အာရှ အညှိုးပန်းများ** |
| **ဒဂုန်နတ်ရှင်ရေး** | **စာပေဝတ်ဆံ(၇)** |
| **မျိုးမြင့်စောရေး** | **မြန်မာ့သဘာဝမှုအရြေပြ** |

ခင်ရဲဆွေက စိတ်အားထက်သန်စွာ ကူးယူနေသည့် ယုဇနကိုကြည့်ရင်း ပီတိဝေလျက်ရှိပါသည်။ သည်လို လူငယ်မျိုးလည်း ရှိသေးတာပဲဟု တွေးရင်း ဘဝအားမာန်တက်ကြွခဲ့ရပါသည်။

"အချစ်ကြမ်းသူရဲ့ ဘဝနိုင်ုံး"ကို ရေးရာတွင် ပင်တိုင်ဇာတ်ကောင်ဖြစ်သည့် ဇော်မိုင်းကို မျက်နှာများသူ၊ အတ္တကြီးသူအဖြစ် ရေးဖွဲ့ရင်း မျက်နှာများသူ၏ ကိုယ်ကျင့်တရားယိုယွင်းမှု၊ အတ္တကြီးခြင်း၏ အမှားများကို သင်ခန်းစာယူစဖွယ် ရေးဖွဲ့ခဲ့သည်။ နောင်တဖြင့် အဆုံးသတ်ရာတွင် ဇော်မိုင်းအဖို့ မိမိအပေါ် သစ္စာကြီးမားသည့်၊ မေတ္တာစေတနာကြီးမားသည့် ချစ်ဇနီးမြလေးကို လက်လွတ်ဆုံးရှုံးခဲ့ရပုံများကို ရင်နာဖွယ်ရေးဖွဲ့ခဲ့သည်။ တစ်လင်တစ်မယားစနစ်ကို အလေးအမြတ်ပြုသည့် မြန်မာ့လူအဖွဲ့အစည်း၏ ရိုးရာယဉ်ကျေးမှုဝေလေ့၊ အိမ်ထောင်ရေးဖောက်ပြန်သူ၏ ဆုံးရှုံးပျက်စီးမှုများကို အနုပညာရသမြောက်အောင် စိုက်ုံးရေးဖွဲ့လိုက်သည့်အခါ ခင်ရဲဆွေ အောင်မြင်ခဲ့သည်။

"ခင်ရဲ...လက်တက်လာပြီနော်၊ အချစ်ကြမ်းသူရဲ့နိုင်ုံးက တခြားလုံးချင်းဝတ္ထုတွေနဲ့မတူဘူး၊ အကြောင်းအရာရော အရေးအသားရော ကောင်းတယ်"

"ကျေးဇူးတင်ပါတယ်...မွန်ရည်၊ မွန်ရည်ရဲ့အားပေးမှုတွေကြောင့် အချစ်ပါအောင် ရေးလိုက်ရတာလေ"

"တကယ်ဆို ဇော်မိုင်းကို အေအိုင်ဒီအက်စ်နဲ့ သတ်ပစ်လိုက်ဖို့ကောင်းတယ်"

"ကိုယ့်ကလောင်က အဲဒီအထိ ဆက်မရေးတော့ဘူး၊ ဇနီးကောင်းမြလေးကို စွန့်လွှတ်ရင်း အထီးကျန်ဖြစ်သွားတဲ့အထိ၊ နောင်တတွေတော့ တစ်လေကြီးပေါ့..."

"ဒုတိယပိုင်းသဘောမျိုး ဆက်ရေးပေါ့ဟာ.. နောက်ဆုံးအိပ်မက်ဆိုပြီး အေအိုင်ဒီအက်စ်နဲ့ ဘဝချုပ်ရတာ မကောင်းဘူးလား"

"အမယ်... မွန်ရည်က ဝတ္ထုနာမည်တောင် ပေးလို့၊ နောက်ဆုံးအိပ်မက်..တဲ့လား"

"စာရေးဆရာမကြီးရဲ့ သူငယ်ချင်းပဲ...သည်လောက်တော့ရှိမှာပေါ့"

"ကိုယ့်အရေးအသားရော မွန်ရည်ဘယ်လိုမြင်လဲ"

"ဇော်မိုင်းရဲ့ အချစ်ခန်းတွေကို ပြောတာမဟုတ်လား"

"အင်း..."

"ပညာရှိစကားနဲ့ပြောရရင် အရေးအသား လိမ္မာပါတယ်"

"မွန်ရည်က စာမရေးတတ်တာကလွဲလို့ စာအုပ်ကိုတော့ ကောင်းကောင်းဝေဖန်တတ်တယ်နော်"

"အဲဒါကတော့..စာများများဖတ်ဖူးလို့ပါ၊ လက်ရာအမျိုးမျိုးဖတ်ဖူးတဲ့ အတွေ့အကြုံပေါ့ရှင်"

"မွန်ရည်က ဘာလို့ ဇော်မိုင်းကို အေအိုင်ဒီအက်စ်နဲ့ သေခိုင်းစေချင်ရတာလဲ"

"အမြင်ကတ်လို့...မိန်းမကောင်းမိန်းမမြတ် မြလေးကို ရထားရဲ့သားနဲ့ ကောင်းကောင်းမနေဘဲ ရှုပ်လို့ပေါ့... မြလေးကိုတော့ သိပ်သနားတာပဲ"

"ဒါဆို...ကိုယ့်ဇာတ်ကောင်တွေ အသက်ဝင်သွားပြီပေါ့နော်"

"ဘာဖြစ်လို့..."

"အော်..မွန်ရည်ကလည်း..ရုပ်ရှင်ထဲမှာ ဗီလိန်တို့ လူကြမ်းတို့ကိုမြင်ရင် ပရိသတ်က ထတီးချင်လို့ အော်ကြတယ် မဟုတ်လား၊ အဲဒါ.. သူတို့သရုပ်ဆောင်ကောင်းလို့၊ ပီပြင်လို့ပေါ့၊ ခုလည်းဇော်မိုင်းကို အေအိုင်ဒီအက်စ်နဲ့ သေစေချင်တာ၊ အဲဒီဇာတ်ကောင်ကို အသက်ဝင်ပီပြင်အောင် ဖန်တီးနိုင်လို့ပေါ့"

"ဟုတ်ပါ့...ဟုတ်ပါ့...ဒီစာရေးဆရာမကလည်း၊ ကောင်းပါတယ်ဆိုမှ ထပ်အမွှန်းတင်နေရပြန်ပြီ"

"ဒါလည်း....ပညာရှိနည်းနဲ့ ကိုယ်ရည်သွေးလိုက်တာလေ"

"သွား..ဒီလောက်လေးနဲ့အထင်မကြီးဘူး"

သူငယ်ချင်း ဆရာမမွန်ရည်က သူ့ကိုမခံချင်အောင်ပြောရင်း စလိုက်လေသည်။ ခင်ရဲ့ဆွေ ရင်ထဲတွင်မူ ပီတိနှင်းတောင်ကြီး ပြိုကျနေသည်။ အချစ်ကြမ်းသူရဲ့ အလွမ်းနိုဝုံးသည် အိမ်ထောင်ရေးပြုပြင်ရေး ဝတ္ထုတစ်ပုဒ်အဖြစ် အတိုင်းအတာတစ်ခုထိ အောင်မြင်ခဲ့ရသည် မဟုတ်လား။

"ယောကျ်ားတွေက ကြောက်ဖို့ကောင်းတယ်နော်...တီချယ်"

"ဟာ...ပြောပါဦးစမယ်"

"ဒီဝတ္ထုလေ.. အစ်မက သူ့ရုံးကဇားလာတာ၊ ကောင်းတယ် ဖတ်ကြည့်ဆိုလို့"

စပယ်ပြနေသည့်ဝတ္ထုကိုကြည့်လိုက်ရာ မိမိလက်ရာ အချစ်ကြမ်းသူရဲ့ အလွမ်းနိုဝုံး ဖြစ်နေသည်။ ခင်ရဲ့ဆွေက မသိဟန်ပြုပြီး စပယ်ကို မေးလိုက်သည်။

"သမီး..ဖတ်ပြီးပြီလား"

"ဖတ်ပြီးပြီ..တချို့စာသားလေးတွေ ကြိုက်လို့ ကူးထားမလို့"

"ဘာတွေပါလို့လဲ.."

"အလေ့အကျင့်မှ အလေ့အထသို့ ဆိုတဲ့စာသားမျိုး၊ ကိုယ့်စိတ်ကို ကိုယ်နိုင်ရင် လောကကို ကိုယ်နိုင်တယ်တဲ့... တီချယ်ရဲ့၊ ဇာတ်ဆောင်ဇော်မိုင်းက အိမ်ထောင်ရေးဖောက်ပြန်တာ၊ လျှာအရိုးမရှိတိုင်း သူ့ကို မိန်းခလေးတွေသနားအောင် လှည့်ပတ်ပြောပြီး သူ့အတွေ့အတွက် စိတ်ဖြေရာရှာတာလေ၊ သူ့စိတ်ကို သူမနိုင်တော့ဘဲ မလုပ်သင့်တဲ့အမှားတွေ ကျူးလွန်ခဲ့တာ၊ မမှန်ကန်တဲ့နည်း မတရားတဲ့နည်းနဲ့ သာယာမှုရှာရင်း ကိုယ်ကျင့်တရား ပျက်ယွင်းခဲ့ရတာ သင်ခန်းစာယူစရာကောင်းတယ် ... တီချယ်ရဲ့၊ ပဝါဖြူဆိုတဲ့ စာရေးဆရာမက မဆိုးဘူး"

"ဟုတ်လား..စပယ်"

"ဒီစာသားလေးကို သမီးကြိုက်တယ်၊ ဆုံးရှုံးမှုတွေထဲမှာ ကိုယ်ကျင့်တရားဆုံးရှုံးမှုဟာ ကြောက်စရာ အကောင်းဆုံးတဲ့၊ မြလေးကိုရေးတဲ့နေရာမှာလည်း တကယ့်ကို ဂ္ဂန္ဓေသိက္ခာပြည့်ဝပြီး သစ္စာကြီးမားတဲ့ မြန်မာမိန်းကလေးတွေရဲ့ စရိုက်ကို ပေါ်လွင်အောင် ရေးဖွဲ့ထားတာ"

"ကဲ စပယ်၊ အဲဒီဝတ္ထုဖတ်ပြီး ဘယ်လိုခံစားလဲ"

"အကျင့်ပျက်တဲ့ ယောကျ်ားတွေကို မုန်းတာပေါ့၊ သူတို့ရဲ့သဘာဝကို သိရတော့ အပြင်မှာဆင်ခြင်နိုင်တာပေါ့"

"ပြီးတော့ရော..."

"တီချယ်က ...အင်တာဗျူးလုပ်နေတာလား"

"ဟုတ်တယ်..ကိုယ့်ရဲ့စာဖတ်ပရိသတ်တစ်ယောက်ကို အင်တာဗျူးလုပ်နေတာ"

"ဟင်...ဒါဆို...ပဝါဖြူဆိုတာ တီချယ်လား"

"ဟုတ်တယ်"

"တကယ်"

"သမီးကို တီချယ်က နောက်ရမှာလား"

"ဟာ..ဒါဆို တီချယ့်ကို အရမ်းလေးစားသွားပြီ"

"ဘာဖြစ်လို့..."

"စိတ်ကူးယဉ် အပျော်ဖတ်ဝတ္ထုမျိုးတွေနဲ့ အချိန်မဖြုန်းတော့ဘူးဆိုတဲ့ အသိတရားမျိုး သမီးရသွားလို့ပေါ့"

"ဒါဆို...တီချယ်က သမီးကို ပြန်ပြီးလေးစားသွားပြီ"

"တီချယ်ကလည်း မဟုတ်တာ"

"ဟုတ်တယ်သမီးရဲ့... သမီးတို့လူငယ်တွေအတွက် အချိန်ဆိုတဲ့ အရင်းအနှီးက သိပ်ကို တန်ဖိုးကြီးတဲ့ အရာလေ၊ တန်ဖိုးရှိတဲ့အချိန်တွေမှာ ကိုယ့်ဘဝကို တိုးတက်မြင့်မားစေတဲ့ စာအုပ်စာပေမျိုးကို ရွေးချယ်ဖတ်ရှုတတ်တာဟာ ကြီးမားတဲ့ အမြတ်အစွန်းပဲ သမီးရဲ့၊ ဒါကြောင့် သမီးရဲ့အမြင်သစ် အတွေးသစ်အတွက် ချီးကျူးစကားပြောတာပေါ့"

"ဟုတ်ပါတယ်..တီချယ်၊ သမီးက ဘွဲ့ရတဲ့အထိ ပညာမသင်ခဲ့ရတော့ စာအုပ်စာပေဖတ်ပြီးပညာယူရမှာ၊ ဒါမှ ဗဟုသုတဘဏ်တိုက်ကြီးကို ပိုင်ဆိုင်နိုင်မှာမဟုတ်လား...စိတ်ကူးယဉ်သက်သက် အမြင်ကျဉ်းနေတာကိုလည်း ပြုပြင်ရမယ်လေ"

"သမီးစိတ်ဝင်စားမယ်ဆိုရင်...ဘဝအတွက် ရတနာလိုတန်ဖိုးကြီးတဲ့ စာအုပ်ကောင်းတွေကို တီချယ် ညွှန်ပြပေးမယ်လေ"

"ဟုတ်ကဲ့ပါတီချယ်... တီချယ်ရွေးပေးတဲ့စာအုပ်တွေကို ဖတ်ပါ့မယ်၊ သမီးတို့ မသိသေးတာ၊ နားမလည်သေးတာ၊ ဆင်ခြင်စရာတွေကို စာအုပ်စာပေတွေထဲမှာ ဖွေရှာရင်း ဘဝကို တိုးတက်မြင့်မားအောင် တည်ဆောက်ရမယ်လေ"

"ဝမ်းသာလိုက်တာ....စပယ်ရယ်"

*"သိပ်သည်းနက်ရှိုင်း၊ လက်ဘလိုင်းလည်း*

*အတိုင်းမသိ၊ စွမ်းအားရှိခဲ့*

*အဘိဓမ္မာ၊ ကြားခဲ့ပါလေ*

*သြဇာတိက္ကမ၊ ဘုံလောကဝယ်*

*ဝင်းပတောက်လွန်း၊ ရွှေစင်သွန်းသို့*

*ရွှန်းလက်သရေ၊ တင့်တယ်ပေစွ*

*စာပေပွင့်ဖူး၊ ဆွတ်ပျံ့နူးမိ*

*မိုးဦးသရစ်၊ အင်အားသစ်သို့*

*ခေတ်ကိုနှိုးဆော်၊ ဟိန်းဟိန်းကျော်ခဲ့"*

ခင်ရဲဆွေသည် ဆရာကြီး ထီလာစစ်သူ၏ အနုပညာသည်၏အားမာန် ကဗျာမှ စာတစ်ပိုဒ်ကို တီးတိုးရေရွတ်လိုက်မိသည်။ စာရေးသူတစ်ဦး၏ အတွေးအမြင်၊ အားမာန်တို့သည် ရွှေစင်ရွှေကောင်းနယ် တောက်ပဝင်းလဲ့ဖို့ဆိုသည်မှာ သူ၏ စေတနာမှန်၊ ရည်ရွယ်ချက်ကောင်းတို့အပေါ်တွင် မူတည်နေပါသည်။ စာရေးခြင်းသည် အတွေးတိမ်စိုင်များကို ရသမြောက်ပန်းချီကားတစ်ချပ်နယ် စုတ်ချက်ဖန်တီးရသည်ဖြစ်ရာ၊ မိမိ၏ လက်ရာစာတစ်ပုဒ်၊ စာတစ်အုပ်သည် ပြည်သူကို အကျိုးပြုနိုင်သည်ဆိုလျှင် စိန်စီသော အလုတစ်ရပ်ပမာ တန်ဖိုးကြီးမြတ်မည်သာ ဖြစ်ပါတော့သည်။

★ ★ ★ ★ ★

## အဖြူရောင်ဝိတိ

ကျောင်းချိန်နီးပြီဖြစ်၍ ဆရာမခင်ရဲဆွေသည် မိမိစီးရမည့် ၅၅ ကားကို လည်တဆန့်ဆန့် မျှော်နေမိသည်။ နံနက် (၈)နာရီကျော်ပြီမို့ ကားဂိတ်တွင် ရုံးသမား၊ ကျောင်းသမားတို့ဖြင့် ပြည့်နေသည်။ လိုင်းကားတွေ တစ်စီးပြီးတစ်စီး လာနေသော်လည်း ကားဂိတ်တွင် ထပ်ရောက်လာသည့် ခရီးသည်များဖြင့် စည်ကားမြဲ စည်ကားနေပြန်သည်။ မကြာမီ ၅၅ ကားသည် လူပဒေသာတွဲကြီးဖြင့် ရောက်ရှိလာသည်။ ရှေ့ခန်းတစ်နေရာစာ လွတ်နေသည်ကို မြင်၍ ခင်ရဲဆွေ ကားခေါင်းရှိရာသို့ ပြေးသွားသည်။ ဒရိုင်ဘာက "လာ..လာ" ဟု လှမ်းခေါ်လိုက်ရာ အားရှိသွားသည်။ သည်ကားနှင့်မှ မလိုက်ဖြစ်လျှင် ကျောင်းတက်ချိန်မီမည်မဟုတ်။ နေ့စဉ်လက်မှတ်ထိုးစာအုပ်တွင် မှင်နီအောက်သို့ အရောက်မခံလို။ ကားရှေ့ခန်းတွင်စီးလျှင် ပေးရမည့် ငွေသုံးဆယ်

အတွက်လည်း နမြောမနေနိုင်တော့။ ကားတံခါးကို ဆွဲဖွင့်လိုက်စဉ် ယာဉ်မောင်းသူ၏ဘယ်ဘက်ဘေးတွင် ထိုင်နေသည့် ကျောင်းသားလေးသည် သူ့လက်ထဲက စီးကရက်ကို ယာဉ်မောင်းသူဘက် ပြတင်းပေါက်မှ လွှင့်ပစ်လိုက်သည်။ မိမိရင်ထဲတွင် ကြည်နူးပီတိနှင့်အတူ ကျောင်းသားလေးကို စိတ်ထဲမှ အမှတ်ပေးလိုက်မိသည်။ မိမိထိုင်ပြီး တံခါးပိတ်လိုက်စဉ် ကားကလည်း ဝူးခနဲ မောင်းထွက်တော့သည်။ စီးကရက်နံ့များက လေနှင့်အတူ လွင့်စင်ကျန်ရစ်တော့သည်။

ကျောင်းသားလေး၏ ကောင်းသောအပြုအမူအတွက် သူ့ကို ချီးကျူးမိပါသည်။ အဖြူအစိမ်းဝတ်ထားသည့် ဆရာမကို ဆရာမအဖြစ် အလေးထားရင်း ဆရာ့ရှေ့တွင် မဟုတ်တာမလုပ်သင့်ကြောင်း ကိုယ်ပိုင်အသိဉာဏ်ဖြင့် သောက်လက်စ စီးကရက်ကို လွှင့်ပစ်လိုက်သည့် ထိုကျောင်းသားငယ်ကို အခြားသော ဆရာ၊ ဆရာမများ မြင်လျှင်လည်း ချီးကျူးကြမည်ဖြစ်ပါသည်။ ကျောင်းသားလေးသည် ရှစ်တန်း၊ ကိုးတန်း ကျောင်းသားအရွယ်သာ ဖြစ်သည်။ ကျောင်းသားလေး၏အရွယ်သည် ဆယ်ကျော်သက်အရွယ်၊ သည်အရွယ်လေးတွေ ဆေးလိပ်သောက်တာ၊ ကွမ်းစားတာမြင်ရလျှင် ဆုံးရှုံးမှုတစ်ခုကြုံရသည်သို့ စိတ်ထဲတွင် ယူကျုံးမရဖြစ်ရပါသည်။

နနယ်လန်းဆန်းနေသည့် သူတို့လေးများ၏ ဦးနှောက်၊ အသွေးအသားများကို မည်သည့်အဆိပ်ခိုး အဆိပ်ငွေ့မျှ မလွှမ်းမိုးစေချင်သည်မှာ ဆရာတိုင်း၏ စေတနာဖြစ်ပါသည်။ အညွှန့်တလူလူနှင့် ရှင်သန်နေသည့် ပန်းပွင့်လေးများပမာ လူငယ့်စွမ်းအားများကို အပြစ်ကင်းစွာ ရှင်သန်ဖွံ့ဖြိုးစေချင်ပါသည်။ မူးယစ်ဆေးဝါးအစ ဆေးလိပ်က ဆိုသည့်စကားအတိုင်း ဆေးလိပ်သောက်ခြင်းသည် မူးယစ်ဆေးဝါး ချောက်ခံတွင်းသို့ စတင် ခြေချခြင်း ဖြစ်ပါသည်။ မူးယစ်သားကောင်ဘဝသို့ ကျရောက်ခဲ့လျှင် ကုရာနတ္တိ ဆေးမရှိသည့် အေအိုင်ဒီအက်စ်ရောဂါက အလွယ်တကူ နိပ်စက်ပေဦးမည်။ သို့ဖြင့် မကောင်းမှုပြီး မကောင်းမှုဆိုးကျိုးများက တန္ဓယ်ငင်၊ တစင်ပါ ဆက်ကာဆက်ကာ ကြုံကြရပေမည်။ ထို့ကြောင့် ကျောင်းသားလူငယ်တိုင်းသည် အန္တရာယ်ဆိုး၏အစ ဆေးလိပ်ကို ရှောင်သင့်ပါသည်။

ယခုကျောင်းသားငယ်သည် လမ်းသွားရင်းပင် ဆေးလိပ်သောက်သည်ဆိုတော့ အဆင့်က မသေးလှချေ။ ပြုမြဲကိစ္စတစ်ရပ်အဖြစ် လုပ်ဆောင်နေပြီဖြစ်သည်။ သို့သော် ဆရာကိုတော့ အသိအမှတ်ပြု အရိုအသေပေးဖော်ရသေးသည်။ ဆရာ၊ ဆရာမတိုင်း မကြိုက်သည့် အပြစ်မကင်းသည့် လုပ်ဆောင်ချက်မှန်း သူဦးနှောက်က နားလည်သည်။ သည့်အတွက် ခင်ရဲဆွေသည် သူ့ကျောင်းကဆရာမ မဟုတ်သော်လည်း ဆရာတိုင်းအပေါ် လေးစားရင်းစွဲရှိသည့် သူ့အသိဖြင့် စီးကရက်ကို လွှင့်ပစ်လိုက်ခြင်းဖြစ်ပါသည်။ အသိတရားနှင့် ယှဉ်သော စည်းကမ်းလိုက်နာခြင်းကို ပြသလိုက်သည့် ကျောင်းသားလေးသည် မှန်ကန်ပါသည်။ သည့်အတွက် သူမရင်ထဲတွင် ပီတိသောမနဿကို ခံစားရပါသည်။ ဆရာမတစ်ယောက်ရှေ့မှ သူ ဒီလိုပြုမူခြင်းဖြစ်မည်။ ကွယ်ရာဆိုလျှင် မည်သို့ ပြုမူနေမည်နည်းဟု ခင်ရဲဆွေ ဆက်တွေးမိသည့်အခါ ရင်လေးသွားမိပါသည်။ လူကြီးမိဘတို့၏ကွယ်ရာ ဆရာ၊ ဆရာမတို့၏ ကွယ်ရာဆိုလျှင်တော့ သူ့စိတ်ကို သူအလိုလိုက်ရင်း တစ်လိပ်ပြီးတစ်လိပ် သောက်နေမည်ဟု မှန်းဆလိုက်ပါသည်။

"ဆရာမ ကျွန်တော်ဆင်းမယ်"

"အော်..အေး..အေး.."

သခင်မြပန်းခြံမှတ်တိုင်တွင် ကားရပ်သည့်အခါ သူဆင်းတော့မည်မို့ ခင်ရဲဆွေ ကားတံခါးကိုဖွင့်ပြီး ဆင်းပေးလိုက်သည်။ သူသည် ခါးလေးကို အတန်ငယ်ညွှတ် အရိုအသေပြုရင်း ထွက်ခွာသွားပါသည်။ ကျောင်းသားတို့၏ လိမ္မာယဉ်ကျေးမှုကို မြင်ရတိုင်း ပီတိဖြစ်ကြရစမြဲ။ ယခုလည်း ခင်ရဲဆွေ ပီတိဖြစ်ရပြန်သည်။ အဖြူအစိမ်းဝတ်ထားသည့် ဆရာဆိုသော ဂုဏ်ဒြပ်ကြောင့်ဖြစ်ပါသည်။ သူမ ကားပေါ်ပြန်ထိုင်ရင်း ကားတံခါးပိတ်လိုက်သည်။ ကားကဆက်မောင်းလာသည်။ ယာဉ်မောင်းဖြစ်သူက သူမဘက်သို့လှည့်၍ စကားစပြောသည်။

"ဒီကောင် မဆိုးဘူး၊ ဆရာကို ဆရာမှန်းတော့သိတယ်။ ဆရာမကိုမြင်တာနဲ့ လက်ထဲက စီးကရက်ကို လွှင့်ပစ်လိုက်တာ"

"ဟုတ်တယ်... ကျွန်မတွေ့လိုက်တယ်။ ဘာပဲဖြစ်ဖြစ် ဆရာမဆိုတာကို အသိအမှတ်ပြုဖော်ရတာ တော်သေးတာပေါ့"

"အေးဗျာ.. ကျွန်တော်တို့ဆိုရင် အခု အသက်လေးဆယ်ကျော်ပြီ... ငယ်ဆရာတွေနဲ့ဆုံရင် သောက်လက်စ ဆေးလိပ်ကို ချက်ချင်းလွှင့်ပစ်တုန်းရှိသေးတယ်...ဆရာဆိုတာ ဘဝတစ်လျှောက်လုံး လွှမ်းမိုးနိုင်တာကလား..."

ခင်ရဲဆွေ ပြုံး၍ နားထောင်နေလိုက်ပါသည်။

"အဖြူအစိမ်း ကျောင်းဝတ်စုံက တော်တော်အရာရောက်သားပဲနော်..."

"အင်း..."

"ခုပဲကြည့်လေ...စီးကရက်ငွေ့တထောင်းထောင်းနဲ့တက်လာတဲ့ ကျောင်းသားလေးကို ကျွန်တော့်စိတ်ထဲမှာ မနှစ်မြို့လိုက်တာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ရောဂါတွေ မဝယ်စမ်းပါနဲ့လို့ ကျွန်တော့်စိတ်ထဲက ပြောနေမိတယ်၊ ကျွန်တော်ပြောလဲ ဒီကောင် နာခံချင်မှ နာခံမှာ၊ ဟော... ဆရာမလည်းမြင်ရော.. ကောင်းကွာ...မြန်သလားမမေးနဲ့... လွှင့်ပစ်လိုက်တာ၊ အဲဒါ အဖြူအစိမ်းဆိုတဲ့ ကျောင်းဝတ်စုံရဲ့ဂုဏ်ပဲ..ဆရာမရဲ့"

"ဟုတ်ပါတယ်...ကျွန်မတို့ ဆရာ၊ ဆရာမတွေရဲ့ ပီတိတွေဟာ ကျောင်းသားတွေရဲ့လိမ္မာမှု၊ သိတတ်မှု၊ တိုးတက်အောင်မြင်မှုတွေပါပဲ.. အဲဒီ သန္တရသတွေနဲ့ပဲ အချိန်တွေက တရွှေ့ရွှေ့ ကုန်ခဲ့ရတာပဲ"

ထိုနေ့နံနက်က ခင်ရဲဆွေရင်ထဲတွင် အဖြူရောင် သန္တရသဖြင့် ပြည့်လျှံနေခဲ့ပါသည်။

ကြည့်တတ်လျှင် ဘာဝနာဆိုသည့်အတိုင်း၊ ဘတ်စ်ကားစီးလျှင်လည်း ဘာဝနာပွားနိုင်ပါသည်။ သို့သော် စိတ်ဆတ်၊ စိတ်မြန်၊ မာန်တက်နေသူအဖို့တော့ ဘာဝနာပွားများနိုင်မည် မဟုတ်ပေ။ ၃၈ ရိန်းဂျားကားထဲတွင် လူတွေက ပြွတ်သိပ်နေသည်။ ထိုင်ခုံတန်းတွင် လူအပြည့်၊ မတ်တတ်က အလယ်အူကြောင်းတွင် သုံးတန်း၊ အပေါက်ဝနားတွင် ပိုဆိုးသည်။ အတန်းသုံးတန်းကလည်း ရှင်းရှင်းလင်းလင်း သုံးတန်း တန်းနေသည်မျိုးမဟုတ်။ လူချင်းထပ်နေသည့်နေရာကထပ်၊ ညှပ်သည့်နေရာက ညှပ်ဖြင့် ငါးသေတ္တာထဲက ငါးများလို ဖြစ်နေသည်။ အပေါက်ဝနားတွင် ခင်ရဲဆွေနှင့် မိန်းကလေး နှစ်ယောက်သုံးယောက်ခန့် ထပ်ညပ်နေသည်။

ဘတ်စ်ကားစီးတိုင်း ခင်ရဲ့ဆွေ ရွှတ်နေကျဆောင်ပုဒ်မှာ စိတ်ရှည်-သည်းခံ-ဇွဲသန် ဟူ၍ဖြစ်သည်။ အိမ်နှင့်ကျောင်း ဆယ်မိနစ်ခန့်ဆိုပေမဲ့ မလိုလားအပ်သည့် အကျသိုလ်စေတသိက်တွေ မဖြစ်ချင်၊ ထို့ကြောင့် စိတ်ရှည်၊ သည်းခံ၊ ဇွဲသန်ဟူ၍ မိမိကိုယ်ကို ဆုံးမရင်း ဘတ်စ်ကားစီးရသည်။ ခရီးသည်အားလုံးသည် လိုရာခရီးကို သက်တောင့်သက်သာဖြင့် အချိန်မီရောက်လိုသူချည့်သာဖြစ်။ သည့်အတွက် ခရီးသည်အချင်းချင်း ကိုယ်ချင်းစာတရားထားဖို့ လိုသည်။ မတော်တဆ ကိစ္စလေးတွေကို သည်းခံခွင့်လွှတ်ရမည်သာ၊ ကားကဂျက်လေယာဉ်နှုန်းဖြင့် ထွက်ခွာပြီမို့ လက်တန်းကို မြဲမြဲကိုင်ထားရသည်။ မကြာပါ၊ အစွန်ဆုံးအဝနားမှ လူငယ်တစ်ဦးက ချက်ချင်းထရပ်၍ နေရာပေးသည်။

"ဆရာမ..ဒီမှာထိုင်ပါ"

"အော်..အင်း..အင်း..ကျေးဇူးပဲ"

နောက်ဝိုင်းဖြစ်၍ ကားကခုန်လွန်းနေရာ၊ အတော်ကြီးစားပြီး ထိုင်လိုက်ရသည်။ ဆွဲခြင်းကို ပေါင်ပေါ်တင်ပြီး ကုန်ဆွဲရရ ထိုင်လိုက်နိုင်တော့သည်။ ယခုနေရာရ၍ ထိုင်ရတော့မှ သူ့ရှေ့တွင် ရပ်နေသည့် ဆံတိုကုတ်ဝဲ ကောင်မလေးနှစ်ယောက်ကို သတိပြုမိသည်။ သူတို့လည်း ဝတ်စုံဆင်တူဖြင့်ပါလား၊ ကုမ္ပဏီတစ်ခုခုမှာ ဖြစ်ဟန်တူသည်။ စလင်းဘက်အနက်လေးများလွယ်၍၊ ဖိုင်တွဲနှင့် စာအုပ်အချို့ကို လက်ထဲမှာ ပိုက်ထားကြသည်။ အရွယ်လေးတွေက ငယ်ရွယ်နုပျိုမှုဖြင့် လန်းဆန်းတက်ကြွနေကြသည်။ မိတ်ကပ်မျက်နှာတွင် နှုတ်ခမ်းနီရဲရဲက အထင်းသား ပေါ်လွင်လျက်ရှိသည်။ သက်ဆိုင်ရာဝတ်စုံကို တူညီဆင်မြန်းထားမှုကြောင့် ရိုးရိုးအရပ်သူမဟုတ်မှန်း သိသာလွယ်သည်။

ခင်ရဲ့ဆွေ အတွေးနယ်ချဲ့နေမိသည်။ ဆရာမဝတ်စုံဖြစ်သည့် အဖြူနှင့်အစိမ်းသည် အခြားဝတ်စုံများထက် ပိုပြီး နေရာပေး ခံရပါလား။ ဆရာဟူသည် အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆိုသည့်နေရာတွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် လေးစားဖွယ်ရာ ပုဂ္ဂိုလ်များသာတည်း။ သည့်အတွက် ဆရာ၊ ဆရာမကို မြင်ရသူတိုင်း ကျေးဇူးရှင်တို့၏ ဂုဏ်ကျေးဇူးကို ရည်စူးအောက်မေ့ရင်း ဂါရဝ ပြုကြသည်သာ။ နေရာထိုင်ခင်းပေးကြသည်သာ။ ဤသည်မှာ မြန်မာ့လူအဖွဲ့အစည်း၏ ဘာသာတရားနှင့် ယှဉ်တွဲပေါ်ထွန်းခဲ့သည့် ချစ်စရာကောင်းသည့် မြန်မာမူဝေလေ့တစ်ခုပင် ဖြစ်ပါသည်။ မြန်မာမူဝေလေ့များကို ချစ်ခင်လေးစားစွာ လိုက်နာကျင့်သုံးသူတွေ များပြားတိုးတက်နေသမျှ မြန်မာ့လူဘောင်သည်လည်း အေးချမ်းသာယာနေမည် ဖြစ်ပါသည်။

"ဆင်းမယ့်သူတွေ... ဘေးတိုက်အနေအထားလေးနဲ့ ငါးဖယ်တိုးလေးတိုးကြပါ၊ ခရီးသည် အချင်းချင်း စာနာကြပါခင်ဗျာ"

"အမယ်လေး... နာလိုက်တာ...ခြေထောက်ကိုတက်နင်းတာ..ကျွတ်..ကျွတ်"

"မတော်လို့ပါညီမရယ်..အနောက်ကလည်း ဖိတွန်းနေလို့"

"တွန်းတာမဟုတ်ဘူးဟဲ့ ...အပေါက်နားရောက်အောင် တိုးနေရလို့..."

"စိတ်မရှိကြပါနဲ့ဗျာ...ခရီးသည်အားလုံး ဆင်းပြီးတဲ့အထိရပ်မှာပါ... ဟုတ်ပြီ..ဒီက ညီမလေးနှစ်ယောက်က နည်းနည်းလေးတိမ်းပေးလိုက်...အဲ.. အပေါက်ပွင့်သွားပြီ...ဟုတ်ပြီ...ရပြီ"

ကားစပယ်ယာ၏အသံ၊ ခရီးသည်တို့၏အသံ၊ ခံစားချက်မျိုးစုံဖြင့် အသံစုံကို ကြားလာရသည်။ စပယ်ယာလေးက ဆက်ဆံရေးကောင်းပုံရ၍ တော်သေးရဲ့ဟု တွေးမိသည်။ စပယ်ယာသာ ဆက်ဆံရေး မတတ်ခဲ့လျှင် ချိုချိုသာသာမရှိခဲ့လျှင် ခရီးသည်အချင်းချင်း ရန်ပွဲတမြိမ်းခြိမ်းဖြင့် မည်မျှ အကုသိုလ် ဖွားလိုက်ပါမည်နည်း။

ကိုယ်ပိုင်ကားမစီးနိုင်၍၊ စီးနိုင်သော်လည်း မစီးချင်၍ ဘတ်စ်ကားတိုးစီးရသူအချင်းချင်း အတူတူ ကိုယ်ချင်းစာတရားဖြင့် စိတ်ရှည်၊ သည်းခံရုံမှတစ်ပါး အခြားနည်းလမ်းမရှိနိုင်ပါ။ ခင်ရဲဆွေ အဖို့တော့ လူချင်းထပ်၊ ညှပ်၍ကျပ်နေသည့် ဘတ်စ်ကားပေါ်တွင် ထိုင်ခုံတစ်နေရာရရှိရင်း ဂ္ဂန္ဓေရရ စီးနင်းလိုက်ပါနိုင်ခဲ့ရခြင်းအတွက် ပီတိချိုချိုကို ခံစားခဲ့ရပါသည်။ အကြောင်းမှာ အဖြူစိမ်း ဆိုသည့် ကျောင်းဝတ်စုံကြောင့် ဖြစ်ပါသည်။

ကျောင်းအဆင်းတွင် သူငယ်ချင်းဆရာမတစ်ဦးနေမကောင်းဖြစ်နေသည်ကို သွားမေးပြီးအပြန်တွင် လမ်းဘေးဈေးတန်းတစ်ခုသို့ ဈေးဝယ်ရန် ထွက်ခဲ့သည်။ သူငယ်ချင်းဆရာမအိမ်မှ အပြန်တွင် ညနေငါးနာရီကျော်ပြီ၊ ဈေးတန်းလေးပင် ဈေးကွဲစပြုနေပြီ။ အမေစားချင်နေသည့် ဘူးသီးကြော်ချက် ချက်ကျွေးရန် စိတ်ကူးဖြင့် ဘူးသီးစိတ်ဝယ်ရန် လိုက်ရှာသည်။ တွေ့ပါပြီ။ နီးဗန်းဟောင်းလေးထဲတွင် ခန့်ခန့်ညားညားရှိနေသည့် ဘူးသီးစိတ် လတ်လတ်များ၊ အခြားဟင်းရွက်တွေကိုလည်း စိမ်းစိမ်းစိုစို တွေ့ရသည်။

"လာဆရာမ...ဘာယူမလဲ...ဈေးသိမ်းတော့မယ်နော်"

ဈေးသည်မိန်းခလေးက သူ့ကိုလှမ်းခေါ်ရင်း သူ့ပစ္စည်းတွေကို သိမ်းဆည်းနေသည်။ ခင်ရဲဆွေသည် ဘူးသီးတန်းရှေ့တွင် ဆောင့်ကြောင့်ထိုင်ရင်း ဈေးမေးလိုက်သည်။

"ဘူးသီးဘယ်လိုရောင်းလဲ ညီမ.."

"လေးစိတ်ပဲကျန်တယ်....ဆရာမမို့ သုံးဆယ်နဲ့ယူသွား၊ တခြားလူဆိုရင်...ငါးဆယ်ရောင်းတာ"

ခင်ရဲဆွေ သူ့စကားကို စိတ်ဝင်စားသွားသည်။

"ဆရာမကလည်း ဝယ်သူပဲ၊ တခြားသူလဲ ဝယ်သူပဲ .. ဘာလို့လျှော့တာလဲ.."

ခင်ရဲဆွေက မေးလိုက်ရာ၊ ဈေးသည်မလေးက သူ့ဈေးဗန်းရှေ့တွင် ဝင်ထိုင်ရင်း သူ့ဘဝဒဿနကို အေးအေးဆေးဆေး ရှင်းပြပါတော့သည်။

"ဒီလိုဆရာမ... ကျွန်မက ဆရာ၊ ဆရာမဆိုရင် သိပ်လေးစားတာ..ဆရာဆိုတာ..ကျွန်မတို့ထက် ပညာတွေ အများကြီးတတ်တယ်၊ ပြီးတော့ တပည့်တွေကို ပညာပေးနေတဲ့ စေတနာရှင်၊ မေတ္တာရှင်တွေလေ... ဆရာဆိုတာ အနန္တဂိုဏ်းဝင်လည်း ဖြစ်တယ်... ကျွန်မအဖေက ကျောင်းဆရာတစ်ယောက်ပေါ့...အမေကတော့ ဈေးသည်ပါပဲ... ကျွန်မတို့က မောင်နှမတွေ များတယ်ဆရာမရဲ့... အဖေက ကျွန်မတို့ကို ပညာတတ်ကြီးတွေ သိပ်ဖြစ်စေချင်ခဲ့တာ...

ဒါပေမဲ့ ကျွန်မတို့က ပညာတန်ဖိုးကို သိပ်နားမလည်ခဲ့ဘူး...ဒါကြောင့် မိဘတွေက ပင်ပင်ပန်းပန်းနဲ့ ပညာပေးခဲ့ပေမဲ့ ယူရကောင်းမှန်းမသိဘဲ မိုက်မဲခဲ့တာပေါ့ဆရာမရယ်... တိုတိုပြောရရင် ခြောက်တန်းအထိပဲ ပညာသင်ခဲ့ပြီး ယောကျ်ားယူ၊ ကလေးမွေးရင်း ဒီဘဝ ရောက်ခဲ့ရတယ် ဆိုပါတော့... ခုတော့ အဖေလည်းဆုံးပြီ၊ အမေပဲ ကျန်တော့တယ်၊ ကျွန်မလည်း ဘဝပေးသင်ခန်းစာတွေကိုရပြီး လက်လုပ်လက်စားဘဝနဲ့ မိသားစု ဝမ်းရေးအတွက် နေ့စဉ်တိုက်ပွဲ ဆင်နွှဲနေရတာပေါ့"

"ကျွန်မစိတ်ထဲမှာ ဆရာ၊ ဆရာမတွေကို မြင်ရင် အဖေကြီးရဲ့ ဆုံးမသြဝါဒစကာတွေကို ပြန်သတိရရင်း နောက်ဘဝမှာ ပညာပါရမီလည်းရအောင် ပညာတတ်ဖြစ်အောင် ကုသိုလ်ယူမယ်ဆိုပြီး.. ခုလို ဈေးသိမ်းခါနီး.. လာဝယ်တဲ့ ဆရာဆရာမမျိုးဆိုရင် ဈေးလျှော့ပြီးရောင်းတာပါ၊ အဖြူအစိမ်းနဲ့ ဆရာ၊ ဆရာမတွေကိုမြင်ရင် အဖေကိုသတိရပြီး လေးစားတာရော သဒ္ဓါပေါက်တာရော.. စေတနာနဲ့ပေါ့ဆရာမရယ်... ဒါကြောင့် ကျွန်မ တတ်နိုင်တာလေးကို ဒါနပြုတဲ့သဘောပါပဲ...ဆရာမ..."

"အော်... ဒီလိုကိုး... ညီမစေတနာ တစ်နေ့ အကျိုးပေးမှာပါ၊ ညီမမှာ ကလေးဘယ်နှစ်ယောက်ရှိလဲ၊ ကျောင်းထားရဲ့လား..."

"သုံးယောက်ရှိပါတယ်... ကျောင်းထားပါတယ်၊ သူတို့ကိုလည်း ပညာကို လေးလေးစားစားသင်ဖို့ အမြဲဆုံးမပါတယ်။ အကြီးမလေးဆို ရှစ်တန်းရောက်နေပါပြီ..."

"ကောင်းပါတယ်... ပညာဆိုတာ ကိုယ့်အတွက်ရော အများအတွက်ပါ အကျိုးပြုတဲ့ အရာပါ..."

"ဟုတ်ပါတယ်ဆရာမ...ကျွန်မသာ အဖေ့စကားနားထောင်ခဲ့ရင်...အနည်းဆုံး မူလတန်းဆရာမလေးတော့ ဖြစ်နေပြီပေါ့..."

"အေးပေါ့လေ...ဘဝဆိုတာဒီလိုပဲပေါ့...ကဲ ညီမရဲ့ စေတနာသဒ္ဓါကြောင့် လိုရာဆန္ဒတွေ ပြည့်စုံပါစေလို့ ဆုတောင်းပါတယ်.."

"ဟုတ်ကဲ့ဆရာမ..ပေးတဲ့ဆုနဲ့ ပြည့်ပါစေရှင်.."

သူက ပြောပြောဆိုဆို ဘူးသီးစိတ်များကို ကျွတ်ကျွတ်အိတ်ထဲသို့ ထည့်ပေးရင်း နံနံပင်များကိုပါ အဆစ် ထည့်ပေးလိုက်ပါသည်။

"နံနံပင်ဖိုးတော့ ယူပါကွယ်"

"မဟုတ်တာ ဆရာမရယ်...မပေးပါနဲ့၊ ကျွန်မစေတနာကို လက်ခံပါ"

ခင်ရဲ့ဆွေ ငွေသုံးဆယ်ပေးပြီး ဘူးသီးအိတ်ကို ခြင်းတောင်းထဲသို့ ထည့်လိုက်သည်။

"နောက်လည်း လာဝယ်ပေါ့နော်..."

"ကြံ့ရင်တော့ ဝင်ခဲ့ပါ့မယ်... နောက်ကိုတော့ မလျှောပါနဲ့ကွယ်...ဆရာမကလည်း ညီမအပေါ်ပြန်ပြီး သဒ္ဓါပေါက်လို့ပါ.."

"ဟုတ်ကဲ့ပါ ...ဆရာမ"

ခင်ရဲ့ဆွေ အိမ်အပြန်ကားပေါ်တွင် ဈေးသည်မလေး၏ ဘဝဒဿနအကြောင်းကိုတွေးရင်း ဆရာ့နေရာ၊ ဆရာ့သိက္ခာ၊ ဆရာ့ဂုဏ်ပုဒ်များနှင့်အတူ ဆရာ့ဝတ်စုံ အဖြူနှင့် အစိမ်းတို့ကို ထပ်ဆင့်လေးစားဂါရဝပွားမ်ား အဖြူရောင်ပိတီ အထပ်ထပ်ကို ရင်ထဲတွင် တဖျပ်ဖျပ်ကြည်နူးစွာ ခံစားနေမိပါတော့သည်။

★ ★ ★ ★ ★

## ဖေဖေမေမေ မာပါစေ

ကျွန်တော်ဟာ ရခဲလှတဲ့ ဒုလ္လဘတရားတစ်ပါးဖြစ်တဲ့ လူ့ဘဝပြန်ရတော့မှာမို့ ဝမ်းသာနေမိတယ်မေမေ...။ အထူးသဖြင့် ချမ်းသာကြွယ်ဝတဲ့ မေမေတို့ဆီကို ရောက်တော့မှာမို့ ကံကောင်းသူအဖြစ် ကျေနပ်မိပါရဲ့...။ ကျွန်တော်ရဲ့ လာခြင်းကောင်းသော ကံတရားအတွက် စိတ်ချမ်းမြေ့ကြည်နူးရပါရဲ့ ဖေဖေနဲ့မေမေရယ်။ ကျွန်တော့်ရဲ့ တောက်ပြောင်ခမ်းနားတဲ့ ကံတရားကို ကြည့်ပါဦးတော့။

ဖေဖေရော မေမေပါ ဘွဲ့ရပညာတတ်တွေ။ ဖေဖေက မိဘတွေ မရှိတော့ပေမယ့် မေမေ့ဖေဖေနဲ့ မေမေတို့ရဲ့ ပွဲရုံလုပ်ငန်းကြီးကို ဦးဆောင်လုပ်ကိုင်နေရတဲ့ အောင်မြင်တဲ့ စီးပွားရေးသမားကြီးတစ်ဦး၊ ပါရမီလို ဆိတ်ငြိမ်တဲ့အရပ်မှာ တိုက်ပိုင် ခြံပိုင် တခမ်းတနားနေရတဲ့ဘဝ၊ မေမေက တစ်ဦးတည်းသော သမီးဆိုတော့ မြေးဦး ဖြစ်လာမယ့်ကျွန်တော်... အားလုံးရဲ့အချစ်တွေကို သိမ်းကျုံးပိုင်ဆိုင်ရဦးမယ့်ဘဝ၊ ဘယ်လောက်များကျေနပ်စရာ၊ ကြည်နူးစရာ ကောင်းလိုက်ပါသလဲ၊ ကျွန်တော်ဟာ မေမေ့ဝမ်းကြောတိုက်ထဲမှာ ကွေးကွေးလေး နေရာယူရင်း ကျွန်တော်ရောက်ရှိရမယ့် လူ့ဘဝကို ကြည်နူးစွာ တွေးနေမိပါတယ်....။

မေမေ့ကို ဂရုစိုက်ခြင်းဟာ ကျွန်တော့်ကို ဂရုစိုက်ခြင်းပဲပေါ့ဗျာ၊ သားဦးအရှုးလို့ ဆိုရလောက်အောင် ဖေဖေ ဦးကိုလတ်ဟာ မေမေ မြန်လာကို အရိပ်တကြည့်ကြည့်နဲ့ သဲသဲလှုပ်ပါပဲ။ သုံးလသာရှိသေးတဲ့ ကျွန်တော်နေတဲ့ အိမ်ကလေးကို ဖေဖေဟာ လက်ကလေးနဲ့ ပွတ်သပ်လိုက်၊ နားနဲ့လာကပ်နားထောင်လိုက်၊ စကားတွေပြောလိုက်နဲ့ ချစ်ခြင်းမေတ္တာတွေကို ကျွန်တော်ကြိုတင်မြင်ခဲ့ရပါတယ်။

"သားကြီးရေ...မင်းမျက်နှာလေးကို ငါမြင်ချင်ပြီကွာ...၊ မင်းကြီးလာရင် ဖေဖေလိုပဲ စီးပွားရေးသမားကြီး လုပ်ရမယ်နော်... ဖေဖေ့ခြေရာ နင်းရမယ်ကွာ..၊ မင်းကို ဖေဖေ့ စီးပွားရေး နည်းဗျူဟာတွေ အကုန်သင်ပေးမယ်ကွာ၊ ကားမောင်းသင်ပေးမယ်ကွာ... ရေကူး သင်ပေးမယ်ကွာ...အဲ...ဘွဲ့တစ်ခုတော့ ရအောင်ကြိုးစားရမယ်ကွ... ခုခေတ်က ပညာခေတ်ကွ.. ငါ့သား ပညာလည်းရှိ စီးပွားရေးလည်း လုပ်တတ်ပြီဆိုရင် လူ့ဘဝမှာ အားလုံး ပြည့်စုံပြီကွ... သားမှတ်ထားနော်..."တဲ့၊ မေမေ့ဝိုက်နားမှာ လာကပ်ပြီး ဖေဖေပြောနေကျ စကားတွေပေါ့..။ မေမေကတော့ အပြုံးမျက်နှာလေးနဲ့ ကျွန်တော့်အတွက် အနွေးထည်လေးကိုထိုးလို့။

ကျွန်တော်က ဖေဖေ့ကို ပြန်ပြောလိုက်ပါတယ်။ ဖေဖေကတော့ ကျွန်တော့်စကားတွေကို ကြားမှာမဟုတ်ပါဘူး။

"ဖေဖေရေ... လောကမှာ ပညာတတ်ရဲ့၊ စီးပွားရေးပြည့်စုံရဲ့နဲ့ မပြီးဘူးဗျ..အဲဒါတွေထက် အရေးကြီးတဲ့ အချက်တစ်ခု ကျန်သေးတယ်လေ.. အဲဒါ ဘာလဲဆိုတော့.. ကိုယ်ကျင့်တရား ဖေဖေရဲ့...။ ကိုယ်ကျင့်တရား ဖြောင့်မတ်မှ.. ဘဝတန်ဖိုးမြင့်မှာပေါ့... အနှစ်သာရ ပြည့်ဝမှာပေါ့... လူဖြစ်ကျိုးနပ်မှာပေါ့ ဖေဖေရယ်..."

ဘာပဲဖြစ်ဖြစ်၊ ဖေဖေ ကျွန်တော့်ကို သိပ်ချစ်မှန်းသိရတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်... မေမေ့မေတ္တာကတော့ အထူးဆိုဖွယ်ရာမရှိတော့ပါဘူး... မိခင်မေတ္တာ စမ်းရေပမာလို့ ဆိုစမှတ်ရှိတယ်လေ...။ မေမေဟာ မမြင်ရသေးတဲ့ ရင်သွေး ကျွန်တော့်အပေါ် ထားရှိလာတဲ့ စေတနာ၊ မေတ္တာတွေက ရေစီးကမ်းပြိုပါပဲဗျာ။ ကျန်းမာရေးကိုလည်း ဂရုစိုက်လိုက်တာ၊ အပူအစပ်ပါတဲ့ အစားအစာတွေကိုလည်း ရှောင်တယ်။ လမ်းမှန်မှန် လျှောက်မယ်.. အသီးအရွက်တွေကို များများစားတယ်.. အားဆေးတွေ သောက်တယ်... ဆီးတွေ ဝမ်းတွေမှန်အောင် ဂရုစိုက်တယ်... အဲသည်လို မေမေက ကျန်းမာရေးကို ဂရုစိုက်တာနဲ့အမျှ ကျွန်တော်လည်း ကျန်းမာပြီး သက်တောင့်သက်သာ ရှိလှတယ်ပေါ့ဗျာ...။

ကျွန်တော်စားရတဲ့ အာဟာရတွေကလည်း ကောင်းမှကောင်း.. နို့ဆီပြစ်ပြစ်နဲ့ ကွေကာအုပ်တို့၊ နွားနို့နဲ့ ကြက်ဥတို့၊ ကြက်သားကြော်တို့၊ ငါးလေးဆီပြန်တို့ အရသာရှိတယ်ဗျာ၊ ဒါကြောင့် ကျွန်တော့်ရဲ့ ဖွံ့ဖြိုးမှုဟာ လပိုင်းအတွင်း သိသိသာသာ ကြီးမားလာပါတယ်။

ကျွန်တော့်ရဲ့ ပြည့်စုံချမ်းသာမှုတွေမှာ ညအိပ်ရာဝင်ခါနီးတိုင်း မေမေရွတ်ဆိုတဲ့ ပရိတ်ကြီးဘဝသုတ်နဲ့ ပဌာန်းဒေသနာတော်တွေကို နာကြားရခြင်းပါပဲ။ ဒီတရားသံတွေကို နာကြားရတာလောက် စိတ်ချမ်းသာရတာမျိုး မရှိဘူးဗျာ။ ရင်ထဲမှာ အေးမြကြည်လင် နေတာပဲ။ မေမေဟာ ညတိုင်းဘုရားရှိခိုး၊ ပရိတ်တရားတော်တွေကို ရွတ်ဆို၊ အရပ်ဆယ်မျက်နှာ မေတ္တာပို့၊ ကျွန်တော့်ကိုလည်း မေတ္တာပို့ အမျှဝေပြီးမှ အိပ်လေ့ရှိပါတယ်။ သူတော်ကောင်းမေမေရဲ့ ဝမ်းကြာတိုက်ထဲမှာ သန္ဓေတည်ရင်း လူဖြစ်ခွင့်ရမှာမို့ မေမေ့ကိုရော ဖေဖေ့ကိုပါ ကျေးဇူးအများကြီးတင်မိပါတယ်ဗျာ။

ဒီတစ်ခါ လူဘဝကိုရောက်ရင် ပညာတတ်ဖို့ ချမ်းသာဖို့ထက် အကျင့်စာရိတ္တနဲ့ ကိုယ်ကျင့်တရားကောင်းဖို့ အထူးသဖြင့် မူးယစ်ဆေးဝါးရဲ့ သားကောင်ဘဝက လွတ်ဖို့ ဆုတောင်းရမယ်လေ။

"ကိုကို...ခုတလော အိမ်ပြန်တာ သိပ်နောက်ကျတာပဲ..၊ ပြီးတော့ အရက်တွေလည်း သောက်သောက်လာတယ်..မြမကြိုက်ဘူး ကိုကို..."

" မြလေးရယ်...ယောက်ျားတစ်ယောက် အရက်သောက်တာ အပြစ်လားကွာ"

တစ်ညမှာ အိပ်ခန်းထဲမှာ ဖေဖေနဲ့ မေမေရဲ့ စကားသံတွေကို ကျွန်တော်ကြားနေရတယ်..၊ အရက်ဆိုတာကို.....

ကျွန်တော်ကြားလိုက်မိတာနဲ့...ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်သွားမိတယ်...၊ ဖေဖေ့အသံတွေကလည်း

အာလေးလျှာလေးနဲ့၊ ဖေဖေရယ် အရက်ဆိုတာ မကောင်းဆိုးဝါးဗျ... သေမင်းတမန်လေဗျာ၊ အရက်သမား အများကမ္ဘာတဲ့၊ လူထုဦးလှရေးတဲ့ စာအုပ်ရှိတယ်...၊ ဖေဖေဝယ်ဖတ်စမ်းပါ...၊ သိပ်ကြောက်စရာကောင်းတယ်နော်...၊ အရက်ကြောင့် လူအသိတရားနဲ့ ကိုယ်ကျင့်တရားတွေ ပျက်စီးစေတယ်လေ၊ အသည်းရောဂါ အမျိုးမျိုးနဲ့ ဘဝဆုံးရတတ်တယ် ဖေဖေရဲ့၊ သားကိုချစ်ရင် အရက်မသောက်ပါနဲ့ ဖေဖေရယ်...၊ သား အဖြစ်ချင်ဆုံးဆန္ဒက ကျန်းမာရေးနဲ့ ကိုယ်ကျင့်တရားကောင်းတဲ့ သားတစ်ယောက်ပါ၊ သားဆန္ဒကို ဖြည့်ဆည်းပေးပါ ဖေဖေ၊ မေမေ့ကိုလည်း သနားပါ။

"တစ်ခါတစ်ရံ သောက်တာပါမြရယ်၊ ကိုကို့ ကို မဆူပါနဲ့"

"တစ်ခါတစ်ရံကနေ နေ့တိုင်းဖြစ်မှာစိုးလို့ ကြိုတင်တားရတာပေါ့..ပြီးတော့ ပွဲရုံကနေ အိမ်ကို တန်းတန်းမတ်မတ် ပြန်တဲ့ရက်ကို မရှိဘူး... အပေါင်းအသင်းတွေနဲ့ စားသောက်ဆိုင်မှာ အချိန်တွေဖြုန်း... ညဉ့်နက်သန်းခေါင်မှ အိမ်ပြန်နဲ့.. ကိုကို့ခြေလှမ်းတွေ ပျက်နေတာ မြသိတယ်.."

"နိုး...နိုး...မြလေး ကိုကို့ကို အထင်မလွဲပါနဲ့... ကိုကို့မိသားစုအတွက် စီးပွားရှာနေတာ... အပေါင်းအသင်းများလေကောင်းလေပဲကွ.. ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီလေကွာ.. စီးပွားရေးလုပ်တာ အမြင်ကျယ်ရတယ်ကွ.."

"အမြင်ကျယ်တာတော့ ထားပါတော့... ခြေလှမ်းကျဲပြီး မဖြစ်သင့်တာ ဖြစ်မှာစိုးလို့ရှင့်.."

မှန်တယ်၊ မေမေပြောတာမှန်တယ်..၊ အလှမ်းကျယ် အလယ်လတ်တဲ့၊ ဖေဖေခြေလှမ်းကျဲတာ၊ ခြေလှမ်းကျယ်တာဟာ အများတစ်ခု ဖြစ်သွားနိုင်တယ်၊ အပျော်အပါးတို့ အသောက်အစားတို့ အမူးအရှူးတို့ဆိုတာ သတိနဲ့ အချိန်မီ မဆင်ခြင်နိုင်ရင် မဖြစ်သင့်တာ ဖြစ်သွားနိုင်တာပေါ့..။ ဖေဖေ ဆင်ခြင်ဖို့ကောင်းပါတယ်..။ ဖေဖေ့လို ရုပ်ဖြောင့်၊ ငွေပေါ၊ အရွယ်ငယ်တဲ့ ယောကျ်ားတစ်ဦးကို ကျူးသွင်းချင်တဲ့ မာယာမုဆိုးမလေးတွေက ခုခေတ်မှာ အပေါသား၊ ဒုစရိုက်သမားတွေဟာ အကာလညအမှောင်ကို အားကိုးပြုကြတယ်..၊ အရွယ်ကောင်းသမီးပျိုတွေကို ငါးစာအဖြစ် အသုံးချကြတယ်၊ ရင်ခုန်သံ ဂီတသံတွေနဲ့ ဖမ်းစားညှို့ငင်တတ်ကြတယ်၊ ဒါတွေအားလုံးဟာ ယစ်ရှေရည်နဲ့ ပေါင်းစပ်လိုက်တဲ့အခါ ပုရိသ တော်တော်များများဟာ အများပြုတတ်ကြတယ်..၊ ဒါကို ဖေဖေ သတိနဲ့ ဆင်ခြင်သင့်ပါတယ်။

"အပျော်အပါး အသောက်အစားကို ဦးစားမပေးပါနဲ့၊ ကိုကို့မှာ မကြာခင် သားသမီးဆိုတာ ရလာတော့မယ်..၊ သားလေးလား သမီးလေးလား တစ်ယောက်ရတော့မယ်။ သူတို့လေးတွေကို လူတစ်လုံးသူတစ်လုံးဖြစ်ဖို့ ပြုစုပျိုးထောင်ပေးရမယ့် တာဝန်တွေ ရှိလာပြီလေ.. ဒါကို မမ့ပါနဲ့ ကိုကိုရယ်..."

"မမ့ပါဘူးကွာ.. သားတို့သမီးတို့ကို ပြုစုပျိုးထောင်ဖို့ ငွေရှာနေတာပဲမဟုတ်လား"

"လောကမှာ အရာရာကို ငွေနဲ့ ဖြေရှင်းတိုင်းရမယ်လို့ ပုံသေမတွက်နဲ့ကိုကို...၊ ငွေနဲ့ ဖြေရှင်းလို့ မရတဲ့အရာတွေ အများကြီးရှိသေးတယ်"

"တော်စမ်းပါ မိန်းမရာ၊ ငွေရှိရင် အားလုံးဖြေရှင်းနိုင်တယ်ကွ"

"မဟုတ်သေးဘူးကိုကို၊ အဲဒါ ကိုကိုက ငွေရှာနိုင်တယ်ဆိုပြီး မာန်တက်နေတာ၊ ကဲ.. အရက်သမားတစ်ယောက် အရက်ပြတ်အောင် ငွေနဲ့ဘယ်လိုဖြေရှင်းမလဲ၊ စိတ်ဓာတ်နဲ့ ကိုယ်ကျင့်တရား ထိန်းသိမ်းမှုဆိုတဲ့ အသိဉာဏ်အလိမ္မာနဲ့ ဖြေရှင်းရတယ်ကိုကိုရဲ့..."

"တော်ပြီ..တော်ပြီ၊ ခုမှ အဘိမွှာဆရာမကြီးနဲ့ လာတွေ့နေတယ်... ကိုကို့ဇရက်မင်းစည်းစိမ်တောင် ဘယ်ပျောက်သွားမှန်း မသိတော့ဘူး.. အိပ်တော့မယ်"

ဖေဖေက ပြောပြောဆိုဆို အိပ်ရာပေါ်ကို လဲချလိုက်တယ်၊ အနားမှာထိုင်နေတဲ့ မေမေ့ဗိုက်ကြီးကို ကြည့်ပြီး လက်နဲ့စမ်းရင်း မေးတယ်။

"ဒီကောင် ဘယ်တော့မွေးမှာလဲ"

"သိပ်မလိုတော့ပါဘူး ကိုကို၊ နောက်နှစ်လလောက်ဆို မွေးတော့မှာ"

"ဟုတ်လား...ဒီကောင် လူပြည်ကို ရောက်တော့မှာပေါ့"

ဖေဖေကပြောရင်း မေမေ့ဗိုက်ဖုံးအင်္ကျီကို ကိုင်ကြည့်နေတယ်၊ ကျွန်တော်က တံတောင်နဲ့ထိုးရင်း အချက်ပြလိုက်တယ်။

"ဟ..ဟ..၊ ဒီမှာ အထဲကလူပ်နေတယ်ကွ..ငါပြောတာကို သိနေသလိုပဲ.."

"ဟုတ်တယ်ကိုကို..ခုရက်ပိုင်းမှာ တအားလူပ်တယ်၊ မြကိုချစ်ရင် သားကိုချစ်ရင် ကိုကိုအသောက်အစားတွေ လျှော့ပါနော်"

"အေးပါကွာ... ကိုကို မြကိုဘယ်လောက်ချစ်တယ်ဆိုတာ မြအသိဆုံးပါကွာ..."

"သားလည်းသိပါတယ်.."

မေမေကပြောလိုက်တော့ ဖေဖေက တဟားဟားရယ်တယ်လေ... မေမေကတော့ မပြောတတ်ဘူး၊ ကျွန်တော်တော့ နည်းနည်းရှက်သွားတယ်ဗျာ..။

"ညည်းယောကျ်ားတော့ ခြေလုမ်းပျက်နေပြီ သမီး.. ညည အချိန်မတော်မှပြန်..အရက်ကလည်း တမြွမြ... ကြည့်ပြောဦး"

"ပြောပါတယ် မေမေ... သူနားဝင်အောင် အေးအေးဆေးဆေး ချော့ချော့မော့မော့ ပြောပါတယ်"

"ယောကျ်ားများ မကောင်းပါဘူးအေ... ငါ့သမီးမှာဖြင့် တစ်နေ့ကို သချိုင်းကုန်းကို သုံးကြိမ် မျက်စောင်းထိုးနေရတာ..၊ သူတို့ကတော့ ဂီတပွဲတော်သွားရတာနဲ့၊ စားသောက်ဆိုင်မှာ အချိန်ဖြုန်းရတာနဲ့၊ အဆိုတော်မတွေကို ပန်းကုံးစွပ်ရတာနဲ့..၊ ဇရက်မင်းစည်းစိမ်ခံစားရတာနဲ့... အာရုံများလွန်းလှတယ်"

"ကဲပါမေမေရယ်၊ သမီးထပ်ပြီး ဖျောင်းဖျပါမယ်၊ သမီးလည်း မွေးခါနီးဖွားခါနီးမှ ရန်မဖြစ်ချင်ဘူး"

"ဒီလောက် အပျော်အပါးလိုက်စားနေတာ၊ တခြားမိန်းမနဲ့များ ဖောက်ပြန်နေလား မသိဘူး"

"အို...မေမေကလည်း...မဟုတ်မဟပ်...ကိုကိုက အဲဒီလောက်မဖောက်ပြန်ပါဘူး"

"ညည်းက ညည်းယောကျ်ားကို သိပ်ယုံနေ... မျက်စိကွယ်ရာနားကွယ်ရာအော့... ငါ.. ဆက်မပြောချင်တော့ပါဘူး"

ဘွားဘွား အနားကထွက်သွားတော့ မေမေ့မျက်နှာလေး ညှိုးသွားတယ်။ ကျွန်တော်မေမေ့ကို သနားလိုက်တာ။ တကယ်တော့ ဘွားဘွားပူမယ်ဆိုလည်း ပူပန်စရာပါပဲ။ ကျွန်တော်လည်း ဖေဖေ့အတွက် စိတ်ပူသွားမိတယ်။ ဖေဖေဟာ မေမေ့ကွယ်ရာမှာ အပျော်အပျက်နဲ့ အဖော်အဖက်တွေများ ရှာနေပြီလားမသိဘူး...၊ သတိမမူ ဂူမမြင်၊ သတိမူမှ ဂူမြင်တယ်တဲ့ဖေဖေရဲ့၊ အပျော်ဖော်တွေနဲ့ နောက်ဆက်တွဲ အပြစ်ကြီးဟာ ကြောက်စရာကောင်းတယ်ဖေဖေ..၊ ကုရာနတ္ထိ ဆေးမရှိတဲ့ အေအိုင်ဒီအက်စ်ရောဂါဆိုးကြီးလေ။

လူသားတွေအတွက် ဘုံအန္တရာယ်ကြီးပေါ့။ ခုခံအားကျဆင်းတဲ့ရောဂါကိုဖြစ်စေတဲ့ အိပ်ချ်အိုင်ဗွိုင်းဟာ ရီထရိုဗိုင်းရက်စ်ပိုးတစ်မျိုး ဖြစ်တယ်တဲ့၊ အဲဒီရောဂါပိုးဟာ ခုခံစွမ်းအားစနစ်မှာပါတဲ့ သွေးဖြူဥတစ်မျိုးတည်းကို ဝင်ရောက်ဖျက်ဆီးပြီး အရေးပါတဲ့ သွေးဖြူဥအရေအတွက်ကို လျော့နည်းကျဆင်းစေတယ်လေ။ အိပ်ချ်အိုင်ဗွိုင်းကို သွေး၊ သုက်ရည်နဲ့ မိန်းမကိုယ်ထဲက ထွက်တဲ့အရည်တွေထဲမှာ အဓိက တွေ့ရတယ်ဖေဖေ။

ကူးစက်နိုင်တဲ့ နည်းလမ်းတွေကတော့ ရောဂါပိုးရှိသူနဲ့ လိင်တူ လိင်ကွဲ ဆက်ဆံရင်၊ ရောဂါပိုးရှိပြီးသူ အသုံးပြုပြီးတဲ့ မသန့်ရှင်းတဲ့ ဆေးထိုးအပ်၊ ဆေးထိုးပြွန်၊ ခွဲစိပ်ကိရိယာ စတဲ့အရေပြားကို ဖောက်ထွင်းနိုင်တဲ့ ပစ္စည်းအားလုံးကတစ်ဆင့် ကူးစက်တတ်တာ၊ ရောဂါပိုးပါတဲ့ သွေးနဲ့ သုက်ရည်ကြည်၊ သွေးကထုတ်လုပ်တဲ့ ပစ္စည်းတွေကို သွင်းရာကတစ်ဆင့်ကူးစက်တာ၊ ရောဂါပိုးရှိသူ မိခင်ကနေ သန္ဓေသားကို ကူးစက်တာတွေကို ဖေဖေသိရဲ့လား။ ပညာရှိသတိုဖြစ်ခဲတဲ့၊ သတိတမံ၊ ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းနဲ့အုပ်တဲ့။ သတိတရား၊ အသိဉာဏ်နဲ့ ကိုယ်ကျင့်တရားကို စောင့်ထိန်းဖို့လိုတယ် ဖေဖေ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကိုလည်း ရှောင်ရှားဖို့လိုတယ်။ လိင်အပျော်အပါးလိုက်စားခြင်းကိုလည်း ရှောင်ရှားဖို့လိုတယ်။ မိမိဇနီး ခင်ပွန်းအပေါ်မှာ သစ္စာရှိဖို့လိုတယ်ဖေဖေ...။ ကမ္ဘာပေါ်မှာ အေအိုင်ဒီအက်စ်ရောဂါကြောင့်သေဆုံးရသူ ၈၃ ရာခိုင်နှုန်းဟာ အာဖရိကတိုက်ကတဲ့ ဖေဖေ၊ ကြိုတင်ကာကွယ်ခြင်းဟာ ကုသခြင်းထက် ပိုပြီးအကျိုးရှိပါတယ်ဖေဖေ။ ဒီရောဂါဆိုးကြီးကို တိုက်ဖျက်ဖို့ဟာ ကမ္ဘာ့လူသားတိုင်းရဲ့ တာဝန်ပဲဖေဖေ။ ကမ္ဘာနိုင်ငံတွေ အချင်းချင်း ပူးပေါင်းရင်း အီဒိစ်(AIDS)ရောဂါပြဿနာကို ဖြေရှင်းတိုက်ဖျက်နေကြတယ်...။

မဟာမဲခေါင်ဒေသခွဲ ငါးနိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ယိုးဒယားနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ အိပ်ချ်အိုင်ဗွိ ကူးစက်ပျံ့နှံ့မှု လျော့ချရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဖနွမ်းပင်မြို့မှာ လက်မှတ်ရေးထိုးခဲ့ကြပြီ။ နောက်နစ်နှစ်အတွင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်သွားကြမှာတဲ့ဖေဖေ၊ လူ့ဘဝကြီးဟာ ရခဲသလို တိုလည်းတိုတောင်းလွန်းပါတယ် ဖေဖေ။ မေမေပြောသလို ကျန်းမာရေးကောင်းဖို့ရော ကိုယ်ကျင့်တရားထိန်းသိမ်းဖို့ပါ အရေးကြီးလှပါတယ်။ ကျန်းမာမှ အသက်ရှည်မယ်၊ ကိုယ်ကျင့်တရားကောင်းမှ ကြီးပွားချမ်းသာမယ်။ အများကောင်းကျိုးသယ်ပိုးနိုင်မယ်။ ဘဝတန်ဖိုးမြင့်မားမယ်။

သားဟာ ကိုယ်တွေ့အမှားတစ်ခုကို အရင်းပြုရင်း ဒီသင်ခန်းစာတွေကို ရခဲ့တာပေါ့ဖေဖေ။ ဟိုဘဝက သားဟာ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်ရင်း သက်တမ်းနှစ်ဆယ်နဲ့ လူ့ဘဝက အကြွေစေခဲ့တယ်ဆိုပါတော့။ လူငယ်တစ်ယောက်ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းတွေ အားလုံး မူးယစ်အမှောင်ကမ္ဘာမှာ အလဟဿကြေပြုန်းခဲ့ရတာ... ဘယ်လောက် ရင်နာဖို့ကောင်းသလဲဖေဖေ..၊ နောင်တဆိုတာ နောင်မှတစ်မြပါ။ သားဟာ မရဏခံတွင်းကို သက်ဆင်းခါနီးကျမှ နောင်တရခဲ့သူပါ...။ ဒါပေမဲ့ အချိန်နောင်းခဲ့ရတယ်ဖေဖေ၊ ဒါကြောင့်မို့ သားလေ ဒီဘဝမှာ ကျန်းမာရေးကောင်း၊ အသိပညာပြည့်ဝ၊ ကိုယ်ကျင့်တရားကောင်းတဲ့သူအဖြစ် လူ့လောကကြီးကို အကျိုးပြုချင်ပါတယ် ဖေဖေ။ သား ချောချောမောမောနဲ့ လူ့ဘဝရောက်ဖို့အရေးမှာ ဖေဖေမေမေတို့ရဲ့ ကျန်းမာရေးတွေ ကောင်းဖို့၊ ကိုယ်ကျင့်တရားတွေ ကြီ့ခိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ဖေဖေ အပျော်အပါး မလိုက်စားပါနဲ့၊ မေမေ့အပေါ်မှာ သစ္စာရှိပါ။

မျက်တွင်းဟောက်ပက်၊ အရိုးပြိုင်းပြိုင်းနဲ့ လူစဉ်မမီတဲ့ ဘဝမျိုးနဲ့ လူ့ဘဝထဲရောက်လာကြတဲ့ ကလေးတွေရဲ့ အဖြစ်မျိုးကို သား မကြုံပါရစေနဲ့၊ အိဒ်စ်ရောဂါကြောင့် အသက်၁၅နှစ်အောက် ကလေး လေးသန်းသေဆုံးခဲ့ရတဲ့ ကမ္ဘာ့သတင်းဆိုးကြီးက သားကို လိပ်ပြာငယ်စေပါတယ်ဖေဖေ။ သားဟာ ကုရာနတ္ထိဆေးမရှိတဲ့ရောဂါဆိုးကြီးရဲ့ အန္တရာယ်စက်ကွင်းက လွတ်ကင်းချင်တယ်ဖေဖေ၊ အိဒ်စ်ရောဂါနဲ့ ဖွားဖက်တော်အဖြစ် မွေးလာရတဲ့ကလေးတွေ၊ သူတို့နဲ့ ကံကြမ္မာချင်းမတူပါရစေနဲ့ ဖေဖေ....။

ကျွန်တော်ဟာ မွေးလမ်းကြောင်းအတိုင်း ဆင်းလာချိန်မှာ မေမေရဲ့ညည်းညူသံတွေကို တရစပ်ကြားနေရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး အညစ်အကြေးတွေနဲ့ လုံးထွေးနေတယ်...။ အဆိုးဆုံးကတော့ ကျွန်တော် အသက်ဝဝရှူချင်ပေမယ့် ဝအောင်ရှူခွင့်မရသေးတဲ့အချိန်၊ မေမေ့ရဲ့ညစ်အားဟာလည်း အတော်အားလျော့လာပြီ ဖြစ်တယ်။ ကျွန်တော် စိုးရိမ်လာမိတယ်။ ကျွန်တော် လူ့လောကကြီးထဲကို ချောချောမောမော ရောက်ပါ့မလား၊ ကျွန်တော့်ရဲ့ခွန်အားတွေကို စုစည်းရင်း ကျွန်တော် ရုန်းကန်တိုးထွက်နေမိတယ်။ အထူးကုဆေးခန်းကြီးရဲ့ အထူးမွေးခန်းကြီးထဲမှာ ကျွန်တော်ရောက်ရှိနေပေမဲ့ ကျွန်တော့်ရဲ့ ကံကြမ္မာအတွက် ကျွန်တော် စိတ်မချရဲဘူး။ အဲဒီအချိန်မှာ သမားတော်ကြီးရဲ့ စကားသံကို ကျွန်တော် ခပ်သဲ့သဲ့ ကြားလိုက်ရတယ်။

"သွေးသွင်းမယ်၊ ဘီသွေး နှစ်ပုလင်း....ချိတ်ပါ..."

မွေးခန်းထဲမှာ အားလုံးအလုပ်ရှုပ်သွားကြပြီ...၊ ကျွန်တော့်ခေါင်းက မွေးလမ်းကြောင်းအဝမှာ ပြူစူနေပြီ။ မေမေ့ကို ကျွန်တော် သွေးမသွင်းစေချင်ဘူး။ ကျွန်တော့်ရဲ့ စိုးရိမ်ထိတ်လန့်မှုက ငယ်ထိပ်ကို လာဆောင့်တယ်၊ သွေးမသန့်ရင် ဆိုတဲ့အတွေးနဲ့ ကျွန်တော် စိုးရိမ်ချောက်ချားနေတယ်။

"မေမေသွေးမသွင်းပါနဲ့၊ အဲဒီသွေးတွေက သိပ်ပြီးစိတ်မချရဘူး..။ အိပ်ချ်အိုင်ဗီပိုးတွေ ပါလာရင်ဒုက္ခ၊ သားသိတယ်.... ဖြစ်နိုင်ရင် သွေးမသွင်းပါနဲ့..."

ကျွန်တော် အသံပြာအောင် အော်ဟစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အသံကို ဘယ်သူမှ မကြားနိုင်ပါဘူး။ ကျွန်တော် ပြင်ပလေကို ရှူချင်လှပြီ...။ ကျွန်တော် တစ်ကိုယ်လုံးက အညစ်အကြေးတွေကို သန့်စင်စေချင်ပြီ။ မေမေ့ဆီက ညစ်အားမလာတော့ဘူး..။ ကျွန်တော့် အင်အားတွေကို ဒီနေရာမှာ အသုံးချရတော့မယ်...။ ကျွန်တော် ကြိုးစားရုန်းကန်တိုးထွက်တယ်။

ဖေဖေဘယ်မှာလဲ၊ ဖေဖေဘယ်ရောက်နေလဲ၊ ဘိုးဘိုးနဲ့ ဘွားဘွားသာ မွေးခန်းအပြင်မှာ ဘုရားစာရွတ်ရင်း စောင့်နေကြတယ်...၊ အချိန်... အချိန်ကိုကြည့်တော့ ည (၁၀) နာရီ၊ ဒီအချိန်ဆို ဖေဖေ ဘယ်မှာရှိနေမလဲ၊ မေမေကလေးမွေးတာကို ဖေဖေသိပါ့မလား။ သွားမြှောမြှအတိုင်း ဖေဖေဟာ အမှောင်ကမ္ဘာရဲ့ အပျော်အပါးတွေဆီမှာ လေလွင့်နေတာလား၊ ဒါပဲဖြစ်မှာပါ...။ ဖေဖေသာ အနားမှာရှိရင် ကျွန်တော့်အားအင်တွေကို ခုထက်ပိုပြီး ညှစ်ထုတ်လို့ ရမယ်ထင်ပါရဲ့။

မေမေ့ကို သွေးမသွင်းဖို့ ပြောပေးပါဖေဖေ၊ ဖေဖေကြောင့်ဖြစ်ဖြစ်၊ အဲဒီသွေးကြောင့်ဖြစ်ဖြစ်၊ မေမေ့ဆီကို ရောဂါပိုးတွေ မရောက်စေချင်ဘူး ဖေဖေ၊ မေမေ့ကို ရောဂါကူးစက်မှာ၊ မေမေ့နို့ချိုကိုစို့ရင်း သား ရောဂါကူးစက်မှာ သိပ်စိုးမိတယ်ဖေဖေ၊ ကျွန်တော်သေရတော့မှာလား၊ ကျွန်တော်မသေချင်ဘူးဖေဖေ၊ မေမေ့သွေးပုလင်းတွေ ဖြုတ်လိုက်ပါ။ သွေးသွင်းမှ အသက်ရှင်မယ် ဆိုရင်လည်း အဲဒီသွေးတွေ သန့်မသန့် ဖေဖေ စမ်းသပ်စစ်ဆေးပါဦးခင်ဗျာ၊ သား ဘာပဲဖြစ်ဖြစ် လောကကြီးကို မရောက်ရောက်အောင် လာမယ်ဖေဖေ၊ သား ဒီတစ်ချီမှာ ရှိသမျှအင်အားတွေစုရင်း ဆောင့်ရှန်းလိုက်တယ်။ ဒီအခါမှာ သားရဲ့ဦးခေါင်းဟာ ဟင်းလင်းပြင်တစ်ခုဆီ ရောက်သွားပြီး ပြင်ပလေနဲ့ ထိတွေ့လိုက်ရတယ်။

အခန်းအပြင်က ဖေဖေ့အသံကို ကြားလိုက်ရတဲ့အချိန်မှာ သားပျော်လွန်းလို့ တအား အော်လိုက်မိတယ် ဖေဖေ...။

"မြ ....မွေးပြီလား အန်တီ...မြမွေးပြီလား"

"ဝါး.....ဝါး ဝါး..."

သားရဲ့ ကျယ်လောင်တဲ့အော်သံတွေဟာ မွေးခန်းတစ်ခုလုံး ဆူညံသွားတယ်။ မေမေ့ရဲ့ ပြုံးယဲ့ယဲ့ မျက်နှာနွမ်းလေးကို ချစ်ခင်စဖွယ် တွေ့ရတယ်။ အားလုံးရဲ့မျက်နှာတွေဟာ ဝမ်းသာပျော်ရွှင်မှုနဲ့ ဝင်းပလို့၊ ဒီဇင်ဘာ ဆောင်းညဟာ အေးမြလွန်းပါတယ်.....။

★ ★ ★ ★ ★

## သဘာဝနှင့် သင့်မြတ်ခြင်း

ခင်ရဲ့ဆွေ မျက်လုံးနှစ်လုံးပွင့်သည်နှင့် ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးကို အာရုံပြုရင်း၊ ဗုဒ္ဓသရဏံဂစ္ဆामि၊ ဓမ္မသရဏံဂစ္ဆामि၊ သံဃသရဏံဂစ္ဆามि ဟု နှုတ်မှ ရွတ်ဆိုလိုက်သည်။ ယနေ့အတွက် မိမိကိုယ်မိမိ ရတနာမြတ်သုံးပါးအား ဦးထိပ်ထား၍ အပ်နှံလိုက်ခြင်းပါပဲ။ ပြီးလျှင် မျက်နှာသစ်၍ ဝရန်တာသို့ ထွက်သည်။ နံနက်ခင်း၏ လေပြည်လေညင်းများကို အားပါးတရ ရှူလိုက်သည်။ သန့်စင်သောလေ၊ အေးမြလတ်ဆတ်သောလေ၊ သဘာဝ၏လက်ဆောင်မွန် နေရောင်နုနုများက သူ့အပေါ်ဖြာကျနေသည်။ ခွန်အားသစ်တစ်ခုကို ရရှိလိုက်သည်သို့ အားပြည့်သွားသည်။ အပြာရောင်သန်းနေသည့် ကောင်းကင်သို့ကြည့်လိုက်ရာ အစာရှာထွက်လာသည့် ငှက်တို့ကို

တွေ့လိုက်ရသည်။ သူတို့သည်လည်း သက်ရှိတွေမို့ ပရိယေသနဝမ်းစာကို ရှာဖွေရသည်ပဲ။ အသက်ဇီဝတည်မြဲမှ ဘဝသည်လည်း ရှင်သန်နိုင်မည် မဟုတ်ပါလား။

ကန်ထရိုက်တိုက်တွေ ပြည့်နေသည့် ခင်ရဲဆွေတို့လမ်းထဲတွင် နံနက်ခင်းနှင့်အတူ လူပ်ရှားနိုးထလာကြပြီ။ ဈေးခြင်းတောင်းကိုယ်စီနှင့် ဈေးဝယ်သွားသည့် အိမ်ရှင်မများကို တွေ့ရသည်။ တချို့ဈေးမှပင် ပြန်လာကြပြီ။ ခင်ရဲဆွေတို့အိမ်တွင် ညီမနှစ်ဦးက ဒိုင်ခံဈေးဝယ်သည်။ အလှည့်ကျ၊ ခင်ရဲဆွေကတော့ ဈေးဝယ်တာဝန်မယူ။ ညဉ့်နက်သည်ထိ တစ်ခါတစ်ရံ မိုးလင်းပေါက် စာရေးလေ့ရှိသူမို့ နံနက်ပိုင်းဈေးဝယ်တာဝန်မယူ။ အချက်အပြုတ်တော့ တာဝန်ယူသည်။ သို့သော် သူအိပ်ရာထနောက်ကျလျှင် ညီမပင်ဆက်ချက်သည်။ ဟင်းက အမယ်(အမည်)မများ၊ ကျောင်းအမီတစ်ခွက်လောက်ရလျှင် ကိစ္စပြီမ်းသည်။ ဟင်းမမီလျှင် ကျောင်းရောက်မှ အသုပ်လေး၊ ဘာလေးနှင့် စားလိုက်သည်။ ဒါကပြဿနာမဟုတ်။

သည်လို မနက်ခင်းမျိုးမှာ ခင်ရဲဆွေ မက်မောသည်က နေရောင်နုနုနှင့် လေသန့်သန့်၊ စာရေးသူဆိုတာမျိုးကလည်း သဘာဝ၏ လက်ဆောင်မွန်တို့ကို တခုတ်တရ တန်းဖိုးထားနှစ်သက်လေ့ရှိသည်။ ခြံကျယ် ဝန်းကျယ်နှင့် စိမ်းလန်းသောသစ်ပင်တွေနှင့်သာ နေရပါလျှင် သိပ်ကောင်းမည်ဟု တွေးမိသည်။ မျက်စိအေးအေး၊ နားအေးအေးနှင့် လေကောင်းလေသန့်တွေကို တစ်ဝကြီးရှူနိုင်ပေမည်။ ဝရန်တာတွင် ငါးမီနစ်၊ ဆယ်မိနစ်ခန့်ရပ်ရင်း သဘာဝနှင့် ထိတွေ့ပြီးသည်နှင့် ကျောင်းသွားဖို့အရေး စက်ရှုပ်ပမာ တက်သုတ်ရိုက်ရ တော့သည်။ နေခြည်ဆမ်းသောနံနက်ခင်းသည် စွမ်းအင်တစ်ရပ်ကိုပေးအပ်ခဲ့သည်။ စိမ်းလန်းသော သစ်ပင်ပန်းပင်တို့သည် အေးချမ်းမှု၊ လန်းဆန်းမှုတို့ကို ပေးအပ်ခဲ့သည်။ အနံ့အသက်ကင်းသည့် လေပြည်လေညင်းတို့သည် လန်းဆန်းတက်ကြွမှုကို ဖြစ်စေခဲ့သည်။ သည့်အတွက် သူသည် သဘာဝမိခင်ကြီးအား ကျေးဇူးတင်ပါတယ် ဟု လေးလေးစားစား နှုတ်ခွန်းဆက်မိပါသည်။

ကျောင်းသို့အသွား နံပါတ် ၆၂ကားပေါ်တွင် လိမ္မော်သီးသည်ကို တွေ့ရသည်။ ကံအားလျော်စွာ ကားကချောင်သည်။ ဘုရားကို လိမ္မော်သီးကပ်လှူလိုစိတ် သဒ္ဓါတရားများ ခင်ရဲဆွေရင်ထဲတွင် ပေါ်ပေါက်ခဲ့သည်။

"ဘယ်လိုရောင်းလဲ"

"တစ်လုံးတစ်ရာ..ဆရာမ၊ ခေါင်သီးတွေနော်၊ လှတယ်...အောင်ပန်းသီးစစ်စစ်ခင်ဗျ၊ ဈေးဦးပေါက်မို့ နည်းနည်းလျှော့ပေးမယ်..."

"ကျွန်မက ဘုရားလှူချင်လို့ပါ..ခုနစ်ဆယ်ထား...ငါးလုံးယူမယ်.."

ဈေးသည် အမျိုးသားက ခပ်တွေတွေစဉ်းစားနေသည်။ ခဏအကြာ ခင်ရဲဆွေဆစ်သည့်ဈေးနှင့် ပေးသည်။ ခင်ရဲဆွေက ငါးရာတန်တစ်ရွက်ပေးသည်။

"အိတ်ရှာမနေနဲ့...ရှေ့မှတ်တိုင်ဆို ကျွန်မဆင်းတော့မှာ၊ ကျွန်မခြင်းထဲသာ ထည့်လိုက်ပါ"

ဈေးသည်က ထိုင်လိုက်ရသူမို့ သူ့အနားရှိ ခြင်းထဲမှ ချောချောလှလှ လိမ္မော်သီးငါးလုံးကို ခင်ရဲဆွေခြင်းထဲသို့ ထည့်ပေးလိုက်ပါသည်။ ပြန်အမ်းငွေ ၁၅၀ကျပ်ကို လှမ်းယူရင်း အပေါက်ဝနားသို့ တိုးခဲ့သည်။ ထိုနေ့က

ကျောင်းရောက်သည်နှင့် လိမ္မော်သီးသုံးလုံးကို ရေဆေးပြီး ဆရာမခန်းထဲရှိ ရွှေတိဂုံဘုရား၊ မန္တလေး မဟာမြတ်မုနိဘုရား၊ ဇလွန်ပြည်တော်ပြန်ဘုရား ရုပ်ပုံတော် ကားချပ်များရှေ့တွင် ဆက်ကပ်လျှဒါန်းလိုက်သည်။ စိတ်ထဲတွင် ကြည်နူးရသည်ဖြစ်ခြင်း၊ ကျန်နှစ်လုံးမှ တစ်လုံးကိုနှာ၍ စားသည်။ အနားမှ အဖော်ဆရာ၊ ဆရာမများကိုလည်း ဝေမျှကျွေးလိုက်သည်။ အရည်ရွှမ်း၍ ချိုလှသည်။ ရာသီပေါ်သီးနံများဖြစ်သည့် လိမ္မော်သီး၊ ရှောက်ချိုသီး၊ ခရမ်းချဉ်သီး၊ ပန်းဂေါ်ဖီတို့ကို ခင်ရဲဆွေကြိုက်သည်။ ခရမ်းချဉ်သီးကို ဆီးသီးစားသလို သူ့အတိုင်း စားသည်။ သက်သတ်လွတ်စားသည့်နေ့ဆိုလျှင် ခရမ်းချဉ်သီးနှင့် ပန်းဂေါ်ဖီက ပါစမြဲ။ မည်သည့်အခါမျှ မရိုးနိုင်။ သည်သီးနံများသည်လည်း သဘာဝ၏ လက်ဆောင်များပါပဲ၊ မြေကြီးက ရှေသီးဆိုသည့်စကားအတိုင်း မြေကြီးအရင်းအနှီးသည် သစ်ပင်၊ ပန်းပင်၊ စားပင်၊ အလှပင်၊ အရိပ်ရပင်၊ နှစ်တိုပင်၊ နှစ်ရှည်ပင် အပင်အမျိုးမျိုးကို ရှင်သန်ဖွံ့ဖြိုးစေရင်း လူသားနှင့် သက်ရှိလောကကို အကျိုးပြုလျက်ရှိပါသည်။

ခင်ရဲဆွေတို့ မြန်မာနိုင်ငံသည် ရေသယံဇာတ၊ မြေသယံဇာတ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုနိုင်ငံကြီးဖြစ်လာရန် တည်ထောင်နေသည်။ စိုက်ပျိုးရေးနည်းပညာ၊ စက်ကိရိယာများ၊ သိပ္ပံနည်းပညာများဖြင့် ပေါင်းစပ်ရင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးမှသည် တစ်နိုင်ငံလုံး စိုက်ပျိုးရေးကို အားပေးနေသည့် ကာလဖြစ်သည်။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကားဆိုသည့် ဆောင်ပုဒ်အတိုင်း ခေတ်မီနည်းပညာများဖြင့် ဆည်မြောင်း၊ တမံ၊ ရေလှောင်ကန်ကြီးများတည်ဆောက်ရင်း စိုက်ပျိုးရေးကို အားပေးလျက်ရှိသည်။ ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး၊ ဆယ့်သုံးခရိုင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းများဖြင့် ဖော်ဆောင်နေသည်မှာ အားရတက်ကြွဖွယ် ကောင်းပါသည်။ သဘာဝ၏လက်ဆောင်မွန် မြေသယံဇာတ၊ ရေသယံဇာတများကို လူသားတို့၏ လုပ်အား၊ တီထွင်ဖန်တီးမှုများ၊ စက်ကိရိယာများ၊ ခေတ်မီနည်းပညာရပ်များဖြင့် ပေါင်းစပ်ဖြည့်ဆည်းလိုက်သည့်အခါ လူ့အကျိုးပြုသီးနှံများထွန်းကား၍ ဝမ်းစာ၊ ရိက္ခာ ဖူလုံခဲ့ရပေသည်တကား။

ခင်ရဲဆွေ ဂျပန်နိုင်ငံသို့ ပညာရေးလေ့လာရေးခရီး သွားရောက်ခဲ့သည့် ၁၉၉၈ခုနှစ်က ဂျပန်တွင် မီယာဂျီမာကျွန်း၌ ပြောင်းဖူးပြုတ်တွေ့၍ သွားရည်တမျှားမျှားကျပြီး ဝယ်စားရန် ဈေးမေးကြည့်သည့်အခါ ယန်းနှစ်ရာဆိုရ၍ လက်တွန့်ခဲ့ရပါသည်။ ရေသန့်တစ်ဘူး ယန်းနှစ်ရာဆိုရ၍ လက်တွန့်ခဲ့ရပါသည်။ ရေသန့်တစ်ဘူး ယန်းနှစ်ရာ(မြန်မာငွေ ကျပ်လေးရာ) မို့ ကာဘူကီ ပြဇာတ်ကြည့်ရင်း ရေငတ်ဝေဒနာ ခံစားခဲ့ရသည်များကို မမေ့နိုင်ပါ။ ရေချမ်းစင်တွေ ပေါလှသည့် မြန်မာနိုင်ငံသို့ ၄က်ကလေးပမာ အတောင်တပ်၍ ပျံပြေးချင်စိတ်ပင် ပေါက်ခဲ့ရပါသည်။

သဘာဝမိခင်ကြီးက ဂျပန်နိုင်ငံကို ကျွန်းပေါင်းထောင်ကျော်ဖန်ဆင်းပေးခဲ့ပြီး စိုက်ပျိုးမြေ နည်းပါးစေခဲ့ပါသည်။ ပန်းသီး၊ ဖရဲသီး၊ လိမ္မော်သီးတွေကို တွေ့ခဲ့သော်လည်း ဈေးနှုန်းကမြင့်လွန်း၍ မကပ်နိုင်ခဲ့ပါ။ မြန်မာနိုင်ငံမှာမူ ဖရဲသီး၊ သဘော်သီးတစ်စိတ် တစ်ဆယ်၊ ဆယ့်ငါးကျပ်ဖြင့် ဝဝစားနိုင်သည်။ မိုးရာသီ သရက်သီး လိုင်လိုင်ပေါချိန်တွင် မချစ်စု၊ မန္တလေးရင်ကွဲ သရက်သီးများကို ရာသီစာအဖြစ် အားပါးတရစားနိုင်သည်။ သရက်သီးစိမ်းကျွတ်ဆတ်နှင့် ငါးပိရည်သာစားရလျှင် ဆွေမျိုးပင်မေ့စေနိုင်ပါသည်။ ဝိန်ခဲသီး ပျားရည်ဆမ်းကလည်း ချိုမှချို။ ၄က်ပျောသီးဖီးကြမ်း၊ သီးမွှေးတောင်ဝူ၊ ရခိုင်၄က်ပျောတို့ကိုလည်း ပေါပေါများများ အာဟာရဖြစ်ဖြစ် စားနိုင်ပါသည်။ သဘာဝကပေးသည့် အစားအစားများကို အာဟာရဖြင့် စားရခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ခြင်းပင် ဖြစ်ပါသည်။ သဘာဝနှင့် သင့်မြတ်အောင်နေတတ်ဖို့သာ အရေးကြီးပါသည်။

သဘာဝကဖန်ဆင်းပေးသည့် ရေ၊ မြေ၊ သစ်တော၊ သစ်သီးဝလံပန်းမန်၊ သယံဇာတများကို ကမ္ဘာဦးကာလမှပင် ယနေ့တိုင် လူတို့ သုံးစွဲခဲ့ကြသည်။ အသိဉာဏ်ရှိသော လူသားတို့၏ တီထွင်ဖန်တီးမှု နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့် လူအသုံးအဆောင်ပစ္စည်းများ၊ အမည်များလာသည့်နှင့်အမျှ သိပ္ပံပညာ၊ နည်းပညာ၏ ခြယ်လှယ်မှုဖြင့် သယံဇာတ သဘာဝပတ်ဝန်းကျင်သည် ပျက်စီးပြုန်းတီးလာရသည်။ အိုဇုန်းလွှာ ပေါက်ကွဲခြင်း၊ ဖန်လုံအိမ်အာနိသင် တိုးမြင့်လာခြင်း သစ်တောပြုန်းတီးခြင်း၊ သဲကန္တာရများ ကျယ်ပြန့်လာခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းထန်ခြင်း၊ စိုက်ပျိုးမြေများ ခြောက်ခမ်းလာခြင်း၊ သောက်သုံးရေ ရှားပါးလာခြင်း၊ ရေထု လေထုညစ်ညမ်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပပျောက်လာခြင်းစသည့် အနိဋ္ဌာရုံများကို ကြုံခဲ့ကြရပေသည်။

ကာဗွန်၊ ကလိုရင်းနှင့် ဖလူအိုရင်းအက်တမ်များ ပါဝင်ဖွဲ့စည်းထားသည့် ကလိုရိုဖလူရိုကာဗွန် သို့မဟုတ် စီအက်ဖ်စီကို လူသုံးပစ္စည်းအမျိုးမျိုးနှင့် အစားအစာများတွင် ထည့်သွင်းအသုံးပြုခဲ့ကြသည်။ လူအကျိုးပစ္စည်း တစ်ခုအဖြစ် အသုံးပြုကြသည် မှန်သော်လည်း တစ်ဖက်တွင် ဆိုးကျိုးများပေါ်ပေါက်ခဲ့ရသည်။ စီအက်ဖ်စီတို့သည် လေထုလွှာသို့ရောက်သည်နှင့် အိုဇုန်းဒြပ်များနှင့် ပူးပေါင်းကာ အိုဇုန်းလွှာများကို ဖျက်ဆီးလိုက်ကြသည်။ စင်စစ် အိုဇုန်းလွှာသည် ကမ္ဘာကြီးတစ်ခုလုံး၏ သဘာဝအလှများကို ကာကွယ်ပေးသည့် စထရက်တိုစဖီးယား လေထုအလွှာရှိဒြပ်များဖြစ်ပါသည်။ အိုဇုန်းလွှာသည် နေရောင်ခြည်မှလာသော လူတို့အတွက် အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည်ကို စုပ်ယူနိုင်စွမ်းရှိသည်။

အိုဇုန်းလွှာ ပါးလွှာပျက်စီးခြင်းဖြင့် နေရောင်ခြည်၏ အန္တရာယ်ကြီးမားလာစေပြီး လူကျန်းမာရေးကို ထိခိုက်စေပါသည်။ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်လုံးထဲတွင် တိမ်ဖြစ်ခြင်း၊ နေ့လမစေ့မီ ကလေးမွေးဖွားလာခြင်း၊ သီးနှံများ အထွက်နှုန်းကျဆင်းခြင်း၊ ရေသတ္တဝါနှင့် ရေမှော်ရေညှိပင်များ ပျက်စီးစေခြင်း စသည့် အနိဋ္ဌာရုံများကို ဖြစ်စေနိုင်ပါသည်။ အိုဇုန်းလွှာ တစ်ရာခိုင်နှုန်းပျက်စီးတိုင်း ခရမ်းလွန်ရောင်ခြည်များက နှစ်ရာခိုင်နှုန်း တိုးလာလေ ဖြစ်ပါသည်။ အိုဇုန်းလွှာ ပြန်လည်ဖြည့်တင်းရေးအတွက် အောက်ဆီဂျင်ဓာတ်ထုတ်လွှတ်ပေးသည့် အပင်များ အများအပြားစိုက်ပျိုးရေးပင် ဖြစ်ပါသည်။ သို့ဆိုလျှင် အပင်များထုတ်လွှတ်သောအောက်ဆီဂျင်ဖြင့် အိုဇုန်းလွှာကို ဖြည့်ဆည်းပေးရုံသာရှိပါသည်။

သဘာဝ သယံဇာတများနှင့် သက်ရှိများအတွက် အန္တရာယ်ပြုနေသောအရာများတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ပြဿနာသည်လည်း ကြီးမားလှပေသည်။ လောင်စာစွမ်းအင်များ အသုံးချမှုကြောင့် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်ဓာတ်ငွေ့များ ပိုမို ထူထပ်စွာ နေရာယူရင်း ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များအဖြစ် ကမ္ဘာကြီး ပူနွေးလာစေပါသည်။ ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲခြင်းများသည် သက်ရှိလောကနှင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးထိခိုက်စေသည်။

ကုလသမဂ္ဂ၏ ၂၁ရာစု အစီရင်ခံစာတွင် ၂၁ ရာစုအတွင်း ကမ္ဘာ့အပူချိန်သည် ၅ ဒသမ ရှစ် ဒီဂရီ ဆယ်ဆီရတ်အထိ မြင့်တက်နိုင်မည်ဟု ခန့်မှန်းထားသည်။ ၁၉၉၅ခု ဘာလင်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့ဝင်နိုင်ငံများ၏ ပထမအကြိမ် အစည်းအဝေးတွင် စက်မှုနိုင်ငံကြီးများ ဖန်လုံအိမ်ဓာတ်ငွေ့ပိုမိုလျော့ချရေး နည်းလမ်းများကို ရှာဖွေခဲ့ကြသည်။ ၁၉၉၇ ခု၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ ကျိုတိုဋ္ဌကျင်းပသည့် တတိယအကြိမ် အစည်းအဝေးတွင် ကျိုတိုနောက်ဆက်တွဲစာချုပ်ကို အတည်ပြုခဲ့ကြသည်။

ထိုစာချုပ်အရ စက်မှုနိုင်ငံကြီးများသည် ၁၉၉၀ ပြည့်တွင် ယင်းတို့ ထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏ၏ အနည်းဆုံး ငါးရာခိုင်နှုန်းကို ၂၀၀၈ ခုမှ ၂၀၁၂ ခုအတွင်း လျှော့ချရန်ဖြစ်သည်။ ထိုအချက်နှင့်ပတ်သက်၍ ရာနှုန်းပြည့် သဘောတူညီချက် မရသေးဘဲ အငြင်းပွားနေဆဲဖြစ်သည်။ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ လျော့ပါး ပျက်ပြယ်ရေးတွင် သစ်ပင်များစိုက်ပျိုးရေးသည် အရေးကြီးပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင် စိမ်းလန်းစိုပြေရေးကို ပိုမိုဂရုပြု ဆောင်ရွက်ကြရမည်သာတည်း။

***တစ်သက်လုံးမျှော်ချင်လျှင် သစ်ပင်စိုက်ပါ*** ဆိုသည့် တရုတ်စကားပုံအတိုင်း မိမိတို့ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည် သာယာရေးအတွက် သစ်ပင်စိုက်ကြရမည်။ ဇူလိုင်လသည် သစ်ပင်စိုက်ပျိုးရေးလဖြစ်သည်။ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခင်ရဲဆွေတို့ကျောင်းတွင် သစ်ပင်စိုက်ပွဲတော်ကို ကျင်းပကြသည်။ ကျောင်းသူတစ်ဦးချင်း မိမိတို့ နှစ်သက်ရာ အပင်တစ်ပင်စီ ယူစေခဲ့ပြီး၊ ကျောင်း၏မြေကွက်လပ်မကျန် သစ်ပင်စိုက်ပျိုးကြမည်ဖြစ်ပါသည်။

အိုးစည်ဒိုးပတ်အဖွဲ့ကလည်း အကအခုန်၊ အတီးအမှုတ်တို့ဖြင့် စည်ကားစွာ တီးမှုတ်ဖျော်ဖြေနေကြသည်။ အဖြူအစိမ်း ကျောင်းဝတ်စုံကို တူညီစွာ ဆင်မြန်းထားကြသည့် ကျောင်းသူကလေးများသည် သူတို့ယူလာသည့် ပျိုးပင်ငယ်ကလေးများကို မြောင်းပေါင်ဖော်ထားသည့် စိုက်ခင်းထဲတွင် ညီညီညာညာ တပျော်တပါး စိုက်ပျိုးနေကြပေပြီ။ ဆရာမများကလည်း မိမိတို့ အတန်းလိုက် ကျောင်းသူများနှင့်အတူ သတ်မှတ်ထားသည့်စိုက်ခင်းများတွင် နေရာယူရင်း သစ်ပင်စိုက်ကြသည်။

"ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ဖို့ သစ်ပင်စိုက်ပျိုးစို့၊ သစ်ပင်စိုက်မှ အရိပ်ရ.. မျက်စိပသာဒ အေးချမ်းရ၊ သီးပင်စားပင် အရိပ်ပင် လိုလိုချင်ချင် စိုက်ကြပျိုးကြ၊ စိမ်းလန်းသာယာ တို့ကျောင်းမှာ သစ်ပင်စိုက်တာ ပျော်စရာ၊ တစ်ယောက်တစ်လက် ကျောင်းသားလက် သစ်ပင်စိုက်ပါ အားတက်သရော၊ လတ်လတ်ဆတ်ဆတ် သီးနှံပင်.. အာဟာရဓာတ်တွေ စုံစုံလင်လင်၊ ကျန်းမာရေးအတွက် ဆေးတစ်ခွက်... ပတ်ဝန်းကျင်စိုပြည်လျက်"

အိုးစည်ဒိုးပတ်အဖွဲ့က သံချပ်များတိုင်ရင်း အားပေးကြသည်။ အိုးစည်ဝုံမောင်းသံများ၊ သံချပ်ထိုးသံများဖြင့် ကျောင်းတစ်ခွင်လုံးတွင် အုံးအုံးကျွက်ကျွက် တက်တက်ကြွကြွဖြင့် ဆူညံစည်ကားနေတော့သည်။ ချဉ်ပေါင်၊ ဘူးပင်၊ မုန်လာ၊ သရက်၊ ငှက်ပျော၊ သံပရာ၊ စိန်ခြယ်၊ နင်းဆီ၊ အပင်တွေက စုံလှသည်။ သူ့စိုက်ခင်းနှင့်သူ နေရာယူကြရင်း စိတ်ပါလက်ပါ စိုက်ပျိုးနေကြသည့် မြင်ကွင်းကို ကြည့်ရင်း ခင်ရဲဆွေရင်ထဲတွင် ချိုမြိန်ပီတိကို ခံစားနေရသည်။

"ဆွေရေ...ကလေးတွေကိုကြည့်စမ်း၊ ပျော်သလားမမေးနဲ့၊ စိတ်ပါလက်ပါ လုပ်နေလိုက်ကြတာ... အားရစရာကြီးနော်.."

"ဟုတ်တယ်မြရေ...ဒါမှ ကလေးတွေ မြေကြီးကိုလည်းချစ်တတ်၊ စိုက်ပျိုးရေးဆိုတာ ဒါပဲ့လားဆိုတာ နဖူးတွေ့၊ ဒူးတွေ့ လက်တွေ့ကျကျနဲ့ သင်ခန်းစာရတာပေါ့"

"ပတ်ဝန်းကျင်ကို စိမ်းလန်းအောင်၊ သာယာအောင် ပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာကိုပါ သူတို့ နားလည်သွားကြမှာ"

"ဆရာမတို့ရေ.. သစ်ပင်စိုက်ပြီးတဲ့ကလေးတွေကို အိမ်တွင်းမှုခန်းကို ခေါ်ခဲ့ပါ။ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော် ကျွေးဖို့ စီစဉ်ထားတယ်.."

"ဟုတ်ကဲ့ပါ ဆရာမကြီး..."

ဆရာမကြီးက အတန်းလိုက် လှုပ်ရှားနေသည်များကိုလိုက်လံ ကြည့်ရှုရင်း အကျွေးအမွေး အစီအစဉ်ကိုပါ ပြောကြားသွားပါသည်။

"ဆရာမ...ဒီမှာ..သမီးလက်ဖဝါးလေးကိုကြည့်ပါဦး"

"ဘာလဲ ...လက်ဖဝါးနန သွေးခြည်ဉသွားပြီလား"

"ဟုတ်.."

ကိုးတန်းကျောင်းသူလေး သီတာက သူ့လက်ဖဝါးရဲရဲလေးကိုပြရင်း လာချွဲနေသည်။

"မသနားနဲ့ဆရာမ...အလကား၊ သူက အိမ်မှာ ဘာအလုပ်မှလုပ်တာမဟုတ်ဘူး..အခုလုပ်ရတာကို သိပ်ပင်ပန်းနေတယ်မှတ်တာ.."

"သူဇာနော်....အတို့အထောင်မလုပ်နဲ့၊ သမီးအလုပ်လုပ်ကြောင်း ဆရာမကိုလက်တွေ့ပြချင်လို့..သိလား"

"မြင်ပါတယ် ..သမီးတို့ရယ်...၊ သစ်ပင်လေးတွေကို စိတ်ပါလက်ပါစိုက်နေကြတာကို ဆရာမတွေ့ပါတယ်၊ ကဲ... လက်တွေ ရေြတွေကို သေသေချာချာသွားဆေး၊ ပြီးရင် ဒီနေရာမှာအကုန်စု၊ ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ကြော်သွားစားကြမယ်"

"ဟာ...ပျော်စရာကြီး၊ သူငယ်ချင်းတွေကို သွားပြောလိုက်ဦးမယ်"

သီတာနှင့် သူဇာတို့ ခုန်ပေါက်ပြီး စိုက်ကွင်းဘက်သို့ ပြေးထွက်သွားကြသည်။ သည်ကလေးတွေ သစ်ပင်နှင့် မြေကြီးကို တန်ဖိုးသိစွာ ချစ်ခင်မြတ်နိုးတတ်ပါစေဟု ခင်ရဲဆွေ ဆန္ဒပြုမိပါသည်။

သီတာ့အိမ်တွင် အလှူလုပ်၍ ခင်ရဲဆွေ သွားခဲ့သည်။ ခြံကျယ်ဝန်းကျယ်နှင့် သစ်ပင်တွေကလည်း စိမ်းစိမ်းစိုစို၊ ဧည့်ခံကျွေးမွေးသည့် အုန်းနို့ခေါက်ဆွဲကိုစားအပြီးတွင် သီတာကသူ့ခြံထဲကို လိုက်ပြမယ်ဟု ပြောလာသည်။

"ဆရာမကို ကြွားစရာရှိတယ်"

"ဘာများလဲ...သီတာ"

"သီတာကိုယ်တိုင်စိုက်ထားတဲ့ ချဉ်ပေါင်ခင်းကို ပြချင်လို့ပါ ...ဆရာမ"

"ဟုတ်တယ်ဆရာမရေ... သမီးက ကျောင်းမှာသစ်ပင်စိုက်ပြီးကတည်းက သစ်ပင်တွေစိုက်ဖို့ စိတ်ဝင်စားသွားတာ၊ အဲဒါနောက်ဘက်မြေကွက်ကိုရှင်းပြီး ချဉ်ပေါင်မျိုးစေ့တွေကို မြေပဒေသာကျွန်းမှာ သွားဝယ်တယ်။ သူကိုယ်တိုင်စိုက်ပြီး အပင်လေးတွေတောင်တော်တော်ပေါက်လာပြီ... အဲဒါပြချင်တာ... ဆရာမရေ"

သီတာ့မေမေကဝင်ပြောပြသည်။

"ကောင်းပါလေ့သမီးရယ်"

"ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့က ဆရာမ ဟောပြောတာတွေလေ..၊ သမီးသေသေချာချာလိုက်မှတ်ပြီး ဖန်လုံအိမ် အာနိသင်ကို ကာကွယ်ဖို့ အိုဇုန်းလွှာပေါက်ကွဲသွားတာကို ကာကွယ်ဖို့ သစ်ပင်တွေ များများစိုက်ရမယ်ဆိုတာ သိသွားတာပေါ့၊ သဘာဝကပေးတဲ့ မြေကြီးတွေကို အကျိုးရှိအောင် အသုံးချမယ်ဆိုပြီး သမီးကြိုက်တဲ့ ချဉ်ပေါင်ပင်တွေ စိုက်လိုက်တာပေါ့...။"

"ကဲ.... ဆရာမရဲ့သမီး စိုက်ထားတာတွေကို လိုက်ကြည့်လိုက်ပါဦး..."

"ဟုတ်ကဲ့ပါ"

သီတာက ခင်ရဲ့ဆွေလက်ကိုဆွဲရင်း တိုက်နောက်ဘက် ချဉ်ပေါင်ခင်းဆီသို့ ထွက်လာခဲ့သည်။ မြေပေါင်ငါးတန်းတွင် အစီအရီရှိနေသည့် ချဉ်ပေါင်ပင်များကို တွေ့ရသည်။

"ငါ့တပည့်က တယ်ဟုတ်ပါလား..."

"အဲဒီအပင်လေးတွေကို ရေလောင်းရတာ အရိပ်တကြည့်ကြည့်နဲ့နေရာတာ ပျော်စရာကောင်းတယ်.. ဆရာမ"

"ပြီးတော့ရော..."

"ချဉ်ပေါင်ပင်တွေ နွှတ်ပြီးရင် ဆရာမတွေကိုလည်း ဟင်းချက်စားဖို့ပေးမယ်...သူငယ်ချင်းတွေကိုလည်း ပေးမယ်... အဲဒီကျရင် ပိုတောင် ပျော်စရာကောင်းမှာ"

"ဟုတ်တာပေါ့သမီးရယ်... ကိုယ့်လုပ်အား၊ ကိုယ့်ချွေးနဲ့ရင်းပြီးရတဲ့ အပင်လေးတွေဆိုတော့ ပိုပြီး ကြည်နူးစရာ ကောင်းတာပေါ့"

"ဆရာမပြောပြတဲ့ အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုတာ ဒါမျိုးပေါ့နော်..."

"မှန်တာပေါ့ သမီးရယ်၊ စားပင်စိုက်တာ စားလို့လည်းရ၊ ရောင်းလို့လည်းရ၊ ပတ်ဝန်းကျင်စိမ်းလန်းရေးလည်းဖြစ် သိပ်အကျိုးရှိတာပေါ့"

"မိသူဇာလာရင် ကြွားရဦးမယ်.. သူကသမီးကို မြေကြီးကိုမချစ်တတ်ဘူးလို့ ပြောထားတာ...မခံချင်ပေါင်"

"မြေကြီးဆိုတာ သဘာဝမိခင်ကြီးကပေးထားတဲ့ လက်ဆောင်ပဲ၊ အဲဒါကို သင့်မြတ်အောင်၊ အကျိုးရှိအောင် အသုံးချတတ်ရင် အကျိုးရှိတာပေါ့ကွယ်"

"လာဆရာမ...တခြားအပင်တွေ လိုက်ကြည့်ရအောင်...ဝိန်ခဲ၊ သရက်၊ ငှက်ပျောတွေလည်းရှိတယ်.. အဲဒါတွေက ခြံစောင့်ဦးလေးကြီးစိုက်တာလေ.. နောက်ဆိုရင် သမီးကိုယ်တိုင်စိုက်တော့မယ်..."

"သမီးက စိုက်ပျိုးရေးကို စိတ်ဝင်စားသွားပြီလား.."

"ဟုတ်ပါတယ်ဆရာမ...ကျောင်းကပေးလိုက်တဲ့ အလေ့အကျင့်ကောင်းပေါ့.."

ခင်ရဲဆွေ ပြုံးနေမိပါသည်။ တစ်ယောက်မှတစ်ရာ၊ တစ်ရာမှ တစ်သောင်း.. လူငယ်အပေါင်းတို့ သဘာဝ ပတ်ဝန်းကျင်ကို ခင်တွယ်ရင်း ဥယျာဉ်မှူးစိတ်ဓာတ်တွေ ပြည့်ဝရှင်သန်ခဲ့ပြီဆိုလျှင် သဘာဝမိခင်ကြီးလည်း သက်ဆိုးရှည်မည် မဟုတ်ပါလား။

**ပန်းကလေးများပွင့်တော့မည်**

**ဖူးတံဝင့်လို့ချီ။**

**နေခြည်မှာရွှေရည်လောင်း**

**ငါတို့စာသင်ကျောင်း။**

ကျောင်းကြီးထဲ ဝင်လိုက်သည်နှင့် နံနက်ခင်းနေခြည်အောင်တွင် ယိမ်းနွဲ့လူပ်ရှားနေသည့် အလှပင်၊ စားပင်၊ အရိပ်ရပင်များဖြင့် ရောင်စုံပန်းခင်းကြီးကို ကြည်နူးဖွယ် မြင်တွေ့ရပါသည်။ စိမ်းလန်းစွာရှင်သန်နေကြသည့် အပင်များဖြင့် စာအံသံတွေ ဆူညံဝေစည်နေသည့် ကျောင်းတော်ကြီးမှ မျိုးဆက်သစ်လူငယ်များကို ကျန်းမာကြံ့ခိုင်စွာဖြင့် လေ့ကျင့်မွေးထုတ်ပေးနေသည်မှာ ကျေနပ်ဖွယ်၊ အားရဖွယ်၊ ကြည်နူးဖွယ်ကောင်းလိုက်ပါဘိ၊ စီအက်ဖ်စီတာတ်ငွေ့၊ အကုမ္ပဏီတာတ်ငွေ့၊ ပိုးသတ်ဆေး၊ ဖန်လုံအိမ်အာနိသင် တာတ်ငွေ့များ ကင်းစင်သည့် မြေ၊ ရေ၊ လေတို့ကို သင့်တင့်လျောက်ပတ်အောင် အကျိုးရှိအောင် အသုံးပြုရင်း ကမ္ဘာမြေ သာယာစည်ပင်ရေးအတွက် မျိုးဆက်သစ်တို့၏ အနာဂတ်သဘာဝ ပတ်ဝန်းကျင် ကြံ့ခိုင်ကျန်းမာရေးအတွက် ချိန်ခွင်လျှာညီမျှအောင် လုပ်ဆောင်ကြရမည်သာ ဖြစ်ပါသည်။

*ကိုးကားချက်*
*မြန်မာ့ရှေ့ရေး မနေ့သစ်ပင် ဝန်းကျင်သဘာဝ ထိန်းသိမ်းကြေး*
*ဒေါက်တာမောင်သင်း။*

★ ★ ★ ★ ★

# လိပ်ပြာဖြူခန်းမ

စာရေးဆရာ နေမင်းလျှံသည် ညစဉ် နာရီဝက် တရားထိုင်သည်။ တရားထိုင်သည်ဆိုခြင်းမှာ သတိပဋ္ဌာန် ဝိပဿနာတရား ပွားများအားထုတ်ခြင်းပင် ဖြစ်ပါသည်။ သတိပဋ္ဌာန် ဝိပဿနာတရားဟူသည် ဗုဒ္ဓဘာသာဝင်တို့၏ နိဗ္ဗာန်ရောက်ကြောင်း တစ်ခုတည်းသော ကျင့်စဉ်၊ အမြင့်ဆုံးကျင့်စဉ် ဖြစ်ပါသည်။ ခန္ဓာ၏ လက္ခဏာရေးသုံးပါး ဖြစ်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စိတ်၏လက္ခဏာရေးသုံးပါးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို သတိဦးဆောင်သည့် စိတ်ဖြင့် စူးစူးစိုက်စိုက် စေ့စေ့စပ်စပ် ရှုမှတ်သည့် ကျင့်စဉ်ပင် ဖြစ်ပါသည်။

သမာဓိတရား၊ သည်းခံခြင်း၊ ဇွဲ၊ သဒ္ဓါစိတ်များ ထူထောင်နိုင်လေ တရားတွေ့လေ ဖြစ်ပါသည်။ သမာဓိ၊ ခန္တီ၊ ဇွဲ၊ ဝိရိယ၊ သဒ္ဓါတရားတို့ကို နိုင်နိုင်မာမာ ထူထောင်ရေးတွင် နီဝရဏတရားငါးပါး ကင်းစင်ဖို့ လိုပါသည်။ သို့မှသာ ဝိပဿနာဉာဏ်ပညာကို ရရှိနိုင်ပါသည်။

နီဝရဏတရား ငါးပါးဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် ကိလေသာတရားဆိုးများ၊ စိတ်ဆိုးစိတ်ပျက်ခြင်း၊ ငိုက်မျဉ်းခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ ရတနာသုံးပါးအပေါ်တွင် ယုံမှားသံသယဖြစ်ခြင်းတို့ ဖြစ်ပါသည်။ နီဝရဏတရားများကို ကင်းစင်ဖို့ နေမင်းလျှံသည် လိပ်ပြာဖြူခန်းမသို့ ဦးစွာဝင်ရောက်ပါသည်။ စိတ်ကို ဖြူစင်သန့်ရှင်းအောင် အေးချမ်းအောင် ပြုလုပ်သည့် စိတ်သန့်စင်ခန်းသို့ ဝင်ပါသည်။ သီးသန့်အဆောက်အအုံ တစ်ခုတော့ မဟုတ်ပါ။ မိမိ၏ စိတ်ကူးထဲက ခန်းမတစ်ခုသာ ဖြစ်ပါသည်။ ထိုအခန်းတွင် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသည့်အကုသိုလ်စိတ်၊ ကိလေသာစိတ်တို့ကို သန့်စင်အောင် ခဝါချရမည် ဖြစ်ပါသည်။ နီဝရဏတွေ ကင်းစင်မှသာ တရားထိုင်ရာတွင် အရှုခံနှင့် ရှုစိတ်တို့သည် တစ်ထပ်တည်းကျရောက်၍ သိကွာ၊ သမာဓိ၊ ပညာစခန်းတို့ မြင့်မားတိုးတက်နိုင်မည် ဖြစ်ပါသည်။ လိပ်ပြာဖြူခန်းမသို့ ဝင်ခြင်းနှင့် တရားထိုင်ခြင်းတို့သည် နေမင်းလျှံ၏ နိစ္စဝေ္ဓဝအလုပ်တစ်ခုပင် ဖြစ်ပါသည်။

**မနောသန့်စင်ခန်း(သို့မဟုတ်) လိပ်ပြာဖြူခန်းမ**

အဖြူရောင်ခန်းမထဲတွင် မီးများထိန်ထိန်လင်းနေသည်။ နံရံပတ်လည်တွင် အဖြူရောင်ဇာခန်းစည်းများက အပြည့်နေရာယူထားသည်။ ခန်းမထိပ် အလယ်တည့်တည့် ပလ္လင်ပေါ်တွင် ကျောက်ဆင်းတု မြတ်စွာဘုရားတစ်ဆူ တည်ရှိနေသည်။ ပလ္လင်သည် ရွှေရောင်တို့ထွန်းလင်းတောက်ပနေပြီး ဘုရားရှင်သည် ဥာဏ်တော် သုံးပေခန့်ရှိ တင်ပျဉ်ခွေ ရုပ်ပွားတော်ဖြစ်သည်။ နေမင်းလျှံသည် ဘုရားရှေ့မှောက်တွင် ထိုခြင်းငါးပါးဖြင့် ရိုသေစွာ ကန်တော့သည်။ ထို့နောက် တင်ပျဉ်ခွေထိုင်ရင်း ဘုရားရှင်အား မျက်တောင်မခတ်ဖူးကာ ကြည်ညိုသည်။ တရားပိုင်ရှင်အစစ်ဖြစ်သည့် ဘုရားရှင်ရှေ့မှောက်တွင် ငါးပါးသီလကို လုံခြုံစွာ တည်ဆောက်ပြီးဖြစ်ပေသည်။

သည်ယနေ့အဖို့ သူငါးပါးသီလ လုံခြုံသည်။ သို့သော် သူဒေါသတွေဖြစ်ခဲ့သည်။ မနက်ခင်းဆီက မြို့ထဲက စာအုပ်ဆိုင်တစ်ခုသို့အသွား၊ ဘတ်စ်ကားပေါ်တွင်ဖြစ်သည်။ ညလုံးပေါက် စာရေးထား၍ မအိပ်ရခြင်းလည်းပါမည်။ အိပ်ရေးပျက်လျှင် ဒေါသဖြစ်လျှင် စိတ်တိုလွယ်၍ ဒေါသဖြစ်တတ်သည်မှာ သူ့အကျင့်။ ကားပေါ်တွင် ရုံးစာရေးမ ဖြစ်ဟန်တူသော လူလတ်ပိုင်း အမျိုးသမီးတစ်ဦး၏ လက်ဆွဲခြင်းထဲမှ ထမင်းချိုင့် တိမ်းစောင်းသွားပြီး ဟင်းရည်တွေ သူ့လုံချည်အပေါ် သို့ ကျခဲ့သည့်အဖြစ်။

အမျိုးသမီးက ပြာပြာသလဲတောင်းပန်ပေမယ့် သူရုတ်တရက် ဒေါသထွက်ခဲ့သည်။ သူ့လက်ထဲတွင် စာမူတွေထည့်ထားသည့် ပလပ်စတစ်အိတ်ကို ပေါင်ပေါ်တွင် တင်ထားရင်း ကိုင်ထားခဲ့သည်။ ဟင်းရည်က သူ့ဒူးခေါင်းနားတွင် ပေကျံခြင်း။ သည့်အတွက် သူ စိတ်အနှောင့်အယှက်ဖြစ်ရင်း ဒေါသထွက်ရသည်။ ကားက ထုံးစံအတိုင်း ရုံးချိန်၊ ကျောင်းချိန်မို့ ကျပ်လှသည်။ ဂျက်လေယာဉ်နှုန်းနှင့် မောင်းသဖြင့် ခရီးသည်တွေအားလုံး ဆန်ကောထဲက ဆီးသီးတွေလို ခလောက်ဆန်နေသည်။ မီးပွိုင့်အရောက် ဘရိတ်ဆောင့်အုပ်သဖြင့် ယခုလိုဖြစ်ရခြင်း။ စင်စစ် အမျိုးသမီးမှာ အပြစ်မရှိ။ ဖြစ်ဖြစ်ချင်းမတော့ သူသည် မျက်ထောင့်နီကြီးဖြင့် အမျိုးသမီးကို ကြည့်လိုက်သည်။

"နမော်နမဲ့နဲ့....ဒီခြင်းတောင်းလေးတောင် အဖြစ်ရှိအောင် ကောင်းကောင်း မကိုင်နိုင်တဲ့မိန်းမ" ဟူ၍ စိတ်ထဲက အပြစ်တင်လိုက်မိသည်။

"ခရီးသည်ချင်း စာနာကြပါခင်ဗျာ... အန္တရာယ်ကင်းဘေးရှင်း လိုရာခရီးရောက်ဖို့က အဓိကပါဗျာ... ကူညီကြပါ... မဆင်းသေးတဲ့လူတွေက အတွင်းဘက်ကို နည်းနည်းဝင်ပေးကြပါ... မှတ်တိုင်ရောက်တော့ ကြာကြာရပ်ပေးပါ့မယ်ဗျာ.."

ကားခကောက်ခံသူ စပယ်ယာလေး၏ စကားသံကြောင့် နေမင်းလှ ဒေါသတိဝင်သွားရပါသည်။ သူ့အသိဉာဏ်ထဲသို့ အလင်းတန်းတစ်ခု ဝင်လာသည်။

"ကိုယ်ချင်းစာစိတ်.... ကိုယ်ချင်းစာစိတ်" ဟုတ်ပေသားပဲ၊ သူသတိလွတ်သွားသဖြင့် ဒေါသအကုသိုလ်က စက္ကန့်ပိုင်းအတွင်း သူ့ကို မင်းမှုနိပ်စက်သွားသည်ပဲ။ သည်အမျိုးသမီး သူ့ကို တမင်လုပ်ခြင်းမှ မဟုတ်ဘဲ။ သူ့ခမျာ အားတုံ့အားနာစွာပင် တောင်းပန်စကား ဆိုရှာသည်ပဲ။ မိမိက ခွင့်လွှတ်သည်းခံရမည်။ မိမိက ထိုင်ခုံတွင်နေရာရသူ၊ တကယ်ဆို သူမ၏ ခြင်းတောင်းကိုပင် ကူညီသည့်အနေဖြင့် ယူကိုင်ထားသင့်သည်။ သတိကပ်လိုက်မှ သူ့ဘက်က ချို့ယွင်းမှုကို မြင်ခဲ့ရသည်။ ခရီးသည်ချင်းကူညီရမည့် စိတ်စေတနာ၊ ငုံ့မှာ ဘာလို့ ပျောက်ဆုံးခဲ့ရပါလိမ့်၊ သတိလွတ်နေသောကြောင့် ဖြစ်ပါသည်။ မိမိ၏ စာမူဖိုင်အိတ်ကို အသာဆွဲကပ်ရင်း ပေါင်ပေါ်တွင် သူ့မခြင်းတောင်းကို ယူတင်ထားလျှင် ရပါလျက်နှင့်။

"ရပါတယ်ဗျာ..ကိစ္စမရှိပါဘူး...မတော်တဆဖြစ်ရတာပဲ"

သူ့မျက်နှာကျေနပ်ခြင်း ပြန်ပြောလိုက်သည်။ သတိဟူသည် ပိုသည်မရှိ၊ လိုသည်ချည်းသာ။ သတိဝင်၍ ဆင်ခြင်နိုင်သည့် အခိုက်အတန့်လေးတွင် ဒေါသစိတ်တွေ ပျောက်ခြင်းမလာ ပျောက်သွားပါပကော။

"ငါ..အိပ်ရေးပျက်လို့ စိတ်တိုသွားရတာပဲလေ။ အခု သတိဝင်လာလို့ ဒေါသကို ပယ်လိုက်နိုင်ပြီပဲ" ဟု တွေးရင်း စိတ်ကိုဖြေသိမ့်ခဲ့ရသည်။ အမြန်မောင်းနေသည့်ကား၊ ဟင်းရည်ဖိတ်ကျသည့် အမျိုးသမီး၊ အိပ်ရေးပျက်၍ စိတ်တိုရင်း သတိမမူမိသည့် မိမိ၊ မည်သည့်အရာ၊ မည်သူ့ကိုမျှ အပြစ်မတင်၊ အဆိုးမမြင်၊ အကောင်းသာ မြင်သွားရခြင်းသည် သတိဝင် ဆင်ခြင်လိုက်သောကြောင့် ဖြစ်ပါသည်။ စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိ၊ ပြောသတိ၊ ဆိုသတိ၊ သတိဦးဆောင်မှ အကုသိုလ် ကိလေသာကို အနိုင်ရမည်မဟုတ်လား။

"ဘယ်လိုလဲဆရာ၊ ကျွန်တော့်ရဲ့ ခရီးသွားဆောင်းပါးပေါင်းချုပ် ဖတ်ပြီးပြီလား.... ထုတ်လို့ဖြစ်မလားဆရာ"

"ထိုင်ပါ ကိုနေမင်းလျှ။ ပြောရမှာ အားတော့နာပါတယ်၊ ခရီးသွားဆောင်းပါးမျိုးကို စာအုပ်ထုတ်ဖို့က ဈေးကွက်မဝင်ဘူးဗျ။ အရင်းအနှီးကလည်း ခင်ဗျားသိတဲ့အတိုင်း စက္ကူဈေးကလည်းကြီး....ပြီးတော့ နာမည်ရပြီးသား စာရေးဆရာဆိုရင်တော့ တစ်မျိုးပေါ့ဗျာ... အဲဒါ ထုတ်ဖို့ အဆင်မပြေဘူးဗျ... တခြားစာအုပ်တိုက်မှာ ပြရင် ပြကြည့်ပါလား"

ထုတ်ဝေသူ၏ ပြောစကားများက နားထဲသို့ ခါးသီးစွာဝင်လာရင်း သူ့ဒေါသတွေ ထောင်းခနဲ ဖြစ်သွားရသည်။ သို့သော် သည်တစ်ခါ သူ့သတိမလစ်၊ ချက်ချင်း သတိဖြင့် သူ့ဒေါသတွေကို ချေမှုန်းပစ်လိုက်သည်။

"ရပါတယ်ဗျာ... ကျွန်တော့်စာမူ ပြန်ယူသွားလို့ရမလား.."

"ဘြော်..ရပါတယ်.. ကျွန်တော် ဒီမှာ အဆင်သင့်ယူလာပါတယ်.."

သူက စားပွဲအံဆွဲထဲမှ စာမူကိုထုတ်ပေးသည်။ အပြန်တွင် သူ့ရင်ထဲ၌ ဒေါသအသေးစားလေးက ငလျင်လှုပ်သလို လှုပ်ရှားနေသည်။ ဈေးကွက်မဝင်၊ နာမည်မရသေးဆိုသည့် စကားလုံးတွေက မခံချင်စဖွယ် ကောင်းလှသည်။ ဒါဖြင့် ဈေးကွက်ဝင်ရောင်းတန်းလှတာတွေက ဘာတွေလဲ။ ရေပေါ်ဆီ အချစ်ဝတ္ထုလား၊ စာဖတ်သူတွေကို ဘာတွေနဲ့ ဘယ်အတိုင်းအတာထိ အကျိုးပြုနေသနည်း။ အရေအတွက်ထက် အရည်အချင်းက အဓိက မကျဘူးလား။ ကလောင်သစ် နာမည်မရသေးဘူးဆိုသော်လည်း ထူးခြားလျှင် ထူးခြားသလို စင်တင်ဖို့ သတ္တိမရှိကြဘူးလား၊ မစွန့်စားဝံ့ကြဘူးလား။ ငွေမျက်နှာကလွဲပြီး တခြား ဘာကိုမျှ ထည့်မတွက်ကြတော့ဘူးလား စသည့်မေးခွန်းများထုတ်ရင်း ဒေါသအကုသိုလ်တွေကို နေမင်းလျှံက နေရာထိုင်ခင်းပေး၍ ဖိတ်ခေါ်မိပြန်ပါသည်။ ထိုစဉ် သတိသုခမိန်ကြီးက ဘွားခနဲ ပေါ်လာပြန်သည်။

"အရာရာဟာ သူ့သဘောသူ ဆောင်နေကြတယ် လေကွာ။ ဖြစ်ချင်တိုင်းလည်း မဖြစ်ဘူး... မဖြစ်ချင်တိုင်းလည်း ဖြစ်ရတယ်။ ဖြစ်ချင်တာကလည်း သူ့အချိန်ကျရင် ဖြစ်လာမှာပဲ။ ကံကြမ္မာဆိုတာ လွှဲရှောင်လို့ မရဘူးကွ...။ အဲဒီလောကခံတွေကို ကြံ့ကြံ့ခံနိုင်မှ တကယ့်လူ... ကိုယ့်ကိုကိုယ်သာ ဝေဖန်လိုက်စမ်းပါဗျာ... ထပ်ကြိုးစား.. အမြင့်ကို မရောက်မချင်း ဆက်တက်ပေါ့... ဘယ်သူမှ လေ့ကားထောင်ပေးမှာ မဟုတ်ဘူး။ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးပဲဟေ့... ကလောင်တုံးနေရင် ထပ်သွေးပေါ့ကွာ..တစ်နေ့တစ်လံ ပုဂံမရွှေ့ပါဘူး။ တစ်ချိန်ချိန်မှာ နေမင်းလျှံအချိန်တွေ ဖြစ်လာဦးမှာပေါ့...။"

သည်လို သတိဝက်အူရစ်လိုက်သည့်အခါ ရင်ထဲမှ ဒေါသငလျင်တို့ ဒေါသမုန်တိုင်းတို့ အလံဖြူပြရင်း တပ်ဆုတ်သွားကြပြန်သည်။ လောကခံမှန်သမျှ ကျုံ့ဆုံ့ခံ ခန္ဓာစပါရမီကို ရင့်ကျက်အောင် ဖြည့်ဆည်း၊ သတိက ဦးဆောင်ဖြေရှင်းလိုက်သည့်အခါ နေမင်းလျှံ ခေါင်းထဲတွင် ကြည်လင်သွားသည်။ ဘာသာရေးမဂ္ဂဇင်းတိုက် တစ်ခုသို့သွားရင်း စာမူခငွေ ထုတ်ယူသည်။ ငွေတစ်ထောင်ကျပ်။

"ဆရာ့ စာမူတွေကို ကျွန်တော်တို့ သုံးဖြစ်ပါတယ်... နောက်လတွေလည်း ဆက်ပါမယ်ဆရာ... စာမူလည်း ထပ်ပို့ပေးပါဦး"

"ဟုတ်ပါပြီကွာ...ပို့ပါမယ်"

သည်လို ကြားရပြန်တော့ အားတက်ရပြန်ပါသည်။ လောကမဲ့ဆိုတာ ဒါပါပဲ။ ခုစိတ်ညစ်စရာ၊ တော်ကြာ စိတ်ချမ်းသာစရာ၊ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံပါပဲ။ အရေးကြီးသည်က သတိမလွတ်ဖို့။ စိတ်ဓာတ်ခိုင်မာဖို့၊ ပန်းတိုင်အရောက် ချီတက်ဖို့ပါပဲ။ နေမင်းလျှံ ခြေလှမ်းသွက်သွက်ဖြင့် အိမ်ပြန်ရန် ကားဂိတ်ရှိရာသို့ ထွက်ခဲ့သည်။ ကားဂိတ်နားရောက်ခါနီးတွင် သူ့ကို လှမ်းခေါ်သံကြားရသည်။

"အစ်ကို...အစ်ကို..အစ်ကိုနေမင်းလျှံ"

"ဟင်...သူရိန်"

ကားဖြူလေးကို ကိုယ်တိုင်မောင်းလာသည့် သူရိန်၊ ရေပေါ်ဆီ အချစ်စာရေးဆရာ၊ လက်ဖျားငွေသီး ရွှေသီး နေသည့်ကောင်၊ ရေဗင်နေကာမျက်မှန်၊ ရွှေလက်ပတ်ကြိုး၊ ရွှေဆွဲကြိုး၊ နိုင်ငံခြားဖြစ် ပါတီတ်ရှပ်ဖြင့် သားနားတောက်ပြောင်နေသည့် သကောင့်သား။

"အစ်ကိုဘယ်သွားမလဲ၊ ကျွန်တော်လိုက်ပို့မယ်.. ကားပေါ်တက်" နေမင်းလျှံ တွေတွေကြီးရပ်နေရင်း သူ့ကားပေါ်တက်ရန် ဝန်လေးနေမိသည်။

"ကားပေါ်ကျရင် စဉ်းစားလေအစ်ကို.. ဘယ်ကောင်မလေးနဲ့ ချိန်းထားလို့လဲ"

သည်စကားလုံးက နေမင်းလျှံမာနကို ယမ်းပုံမီးကျ ဖြစ်သွားစေသည်။

"ကျွန်တော်ကတော့ အလုပ်ချိန်ဆိုရင် လုံးဝမေ့ထားတယ်.."

"အစ်ကို မလိုက်တော့ဘူးကွာ... စာမူပို့စရာရှိသေးလို့... ရှေ့ကလမ်းတင်ပဲ"

"ဟာဗျာ... လိုက်မလိုလိုနဲ့... ရှေ့ကလမ်းတင်ဆိုရင်တော့ သွားတော့ဗျာ.."

သူရိန်ကားက အနားမှ ပျောက်ကွယ်သွားသည်။ သူ့မာနကိုလေသာက သတိကို အမှောင်ဖုံးစေခဲ့ပြန်သည်။ မာနနှင့်အတူ မလိုလားအပ်သည့် မှသားစကားကိုလည်း သုံးခဲ့မိပြန်သည်။ သူရိန်၏ နာမည်ကြီးမှု၊ ကြွယ်ဝမှုအပေါ် မစ္ဆေရိယစိတ်လည်း ပွားမိပြန်သည်။

အကုသိုလ်စိတ်တွေက မပြီးသေး။ ဘတ်စ်ကားပေါ်တွင် ဆက်တက်ပြန်သည်။ သူမှာ အနတ်ငွေမရှိတော့၍ စာမူခထဲမှ နှစ်ရာတန်တစ်ချပ်ကို စပယ်ယာကို ပေးလိုက်သည်။

"ဟာဗျာ.. အနတ်ပေးပါ.. တစ်ရာ့ရှစ်ဆယ်အမ်းဖို့မရှိဘူး"

စပယ်ယာက ဒေါသသံဖြင့် ဆောင့်ဆောင့်အောင့်အောင့်ပြောရာ နေမင်းလျှံကလည်း ဒေါသဖြင့် ရင်ဆိုင်ပြန်သည်။

"ငါ့ဘက်က ကားခပေးစီးတာ.. ငါ့ဝတ္တရားကျေပြီ... အနတ်မရှိတာ... ရှိတာ မင်းတို့အပိုင်းပဲ... မင်းဖြေရှင်းရမယ့်ကိစ္စ... ပြေလည်အောင်ရှင်း"

နေမင်းလျှံက ဒေါသဖြင့်ပြန်အော်လိုက်သဖြင့် စပယ်ယာလူငယ်က သူ့ကို "ဘယ်လိုလူကြီးပါလိမ့်"ဆိုသည့် အကြည့်ဖြင့် ကြည့်ရင်း နစ်ရာတန်ကို ယူသွားတော့သည်။ နေမင်းလျှံနှင့် ခပ်လှမ်းလှမ်းတွင် ခရီးသည် ယောက်ျားကြီးသုံးဦးနှင့် စပယ်ယာတို့ ပူညံပူညံဖြစ်ကြပြန်သည်။

"ခြောက်ဆယ် အနုတ်ပေးဗျာ၊ နှစ်ရာတန်ချည့်ပဲ လာနေတယ်"

"မရှိဘူးသူငယ်...ရှိတာပေးတာပဲ"

"ဒါဖြင့် ခဏစောင့်"

စပယ်ယာက ကားရှေ့ပိုင်းသို့ ဆက်ထွက်သွားသည်။ နေမင်းလျှံသည် ဒေါသများဖြင့်လုံးထွေးရင်း သတိလွတ်နေသည်။ ယောက်ျားကြီး သုံးဦးဘက်သို့ လှမ်းကြည့်ရင်း၊ ငါ့စကားနွားရ သွားပြောပြန်သည်။

"ဦးလေးတို့ကိုလည်း မအမ်းဘူးလား"

"အေးကွာ၊ အမ်းစရာမရှိဘူးတဲ့၊ ဒီမှာလည်း နှစ်ရာတန်ချည်းပဲ..."

"အေးလေဗျာ၊ ခရီးသည်ဘက်က နှစ်ဆယ်ပေးပြီးပြီ... ကျွန်တော်တို့ ဝတ္တရားကျေပြီ၊ အမ်းရမှာက သူ့ကိစ္စ၊ မေ့ပြီးဆင်းသွားလို့ကတော့ သူတို့က ဖိုးကျွိုင်းတုတ်ပေါ့..."

သူ့စကားကို ထောက်ခံပြောကြားမည့်သူမရှိ၊ ယောက်ျားကြီးသုံးဦးကလည်း သူတို့ကိစ္စနှင့် သူတို့၊ တခြားအကြောင်းတွေ ပြောနေကြသည်။ ထိုင်ခုံတွင် ထိုင်နေကြသည့် ခရီးသည်တွေကလည်း ကိုယ့်အတွေးနှင့်ကိုယ် အဝေးသို့ ငေးမောနေကြသည်။ နေမင်းလျှံသည်တော့မှ သတိဝင်ရင်း ရှက်သလို ဖြစ်သွားသည်။

"ငါမှားပြန်ပြီ... သတိကို မစောင့်ရှောက်နိုင်သေးပါလား၊ သူရိန်ကိုဒေါသထွက် မာနခံရင်း... ကားပေါ်မှာ ဆက်ပြီးပြဿနာတက်၊ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်မျှအောင်ကြည့်မှပေါ့၊ စပယ်ယာလည်း သူ့အခက်အခဲရှိလို့ မအမ်းနိုင်တာဘဲ... ကိုယ်ဆင်းတဲ့အခါ ပြန်အမ်းငွေ စောင့်ယူလိုက်ရင် ပြီးတာဘဲ.... ဒီကြားထဲ တစ်ဖက်သားရဲ့ သိက္ခာကို စော်ကားတဲ့စကားမျိုးလည်း ပြောမိခဲ့တယ်၊ ပြန်အမ်းဖို့ငွေကို စပယ်ယာက အမေ့ခံ၊ မခံတာထက် ကိုယ်က သတိရှိရှိတောင်းခံရမှာပေါ့... စပယ်ယာဆိုတာ ကားပေါ်မှာခရီးသည်ပေါင်း မြောက်မြားစွာနဲ့ ဆက်ဆံနေရတဲ့သူ... ပိုက်ဆံပြန်အမ်းဖို့ မေ့တယ်ထားဦး... ကာယကံရှင်က မမေ့သင့်ဘူးပေါ့... သတိရှိရမှာပေါ့...။ ကိုယ်သတိမေ့ပေါ့ဆမှုကိုတော့ ဝန်မခံချင်ပဲ ငွေပြန်အမ်းဖို့ စပယ်ယာကမေ့တယ်ပြောတာ တစ်ဖက်သားကို သက်သက်စော်ကားတာပဲ"

နေမင်းလျှံသည် သတိလေးတစ်ချက်ဝင်ရင်း ကိုယ့်ကိုယ်ကို ဆင်ခြင်မိသည်။ လွဲမှားသည့် မာနတစ်ချက်ကြောင့် သက်တောင့်သက်သာပြန်ရမည့် ခရီးတွင် လူပင်ပန်း စိတ်ပင်ပန်း ဖြစ်ခဲ့ရသည်။ သူရိန်က စေတနာကောင်းမှန်း၊ ကူညီတတ်မှန်း မိတ်ဆွေအပေါင်းအသင်းအချင်းချင်း သိပြီးသား။ နေမင်းလျှံလည်း မသိတာမဟုတ်၊ သိပါသည်။ သို့သော် သူ့ကို ဒေါသ မာနတည်းဟူသော တိမ်ညိုတိမ်မည်းများက ဖုံးအုပ်သွားသဖြင့် သူခရီးသည် တိုရမည့်အစား ရှည်လျားခဲ့သည်။ သူရိန်၏ အောင်မြင်မှု၊ ကျော်ကြားမှုများက သူ့ကိုသိုလက်နှင့် သူ ဖြစ်လာသည့်ကိစ္စ။ သူ့ကိုလိုက်ပို့မည်ဆိုသည်က သူရိန်၏စေတနာ၊ သည်စေတနာကို သူက မာနခံ၊ မုသားသုံးရင်း

လွဲရှောင်ခဲ့သည်။ သတိကရှေ့မှ အရင်မရောက်၊ နောက်ကျမှ ရောက်ရောက်လာသဖြင့် ဒေါသ၊ မောဟ၊ မာနများက တံခွန်လွှားခဲ့ကြရသည်များကို ပြန်တွေးရင်း စိတ်မကောင်းဖြစ်ရသည်။

အကုသိုလ် စေတသိက်တွေက ကြောက်စရာကောင်းလှသည်။ ရင်ကိုလည်း ပူစေသည်။ စိတ်ကိုလည်း ပူလောင်စေသည်။ လူကိုလည်း ပူလောင်စေသည်။ အကုသိုလ် စေတသိက်တို့သည် မျက်တောင်တစ်ခတ်၊ လက်ဖျစ်တစ်တီး၊ လျှပ်တစ်ပြက်စာအချိန်လေးအတွင်းမှာပင် ရုပ်နှင့်နာမ် နေရာအနှံ့တွင် ဖြန့်ကြက် နေရာယူတတ်လိုက်ပါဘိ။ သတိက နောက်ကျမှ ရောက်ရောက်လာတတ်သည်။ မိမိကျင့်ကြံ အားထုတ်မှုများ လိုအပ်နေသေးကြောင်း ဖော်ပြနေခြင်းပါပဲ...။ ကုသိုလ်စိတ်၏ အခြေခံသည် သတိဟု အဆိုရှိရာ သတိလွတ်၊ သတိနောက်ကျနေသ၍ အကုသိုလ်တွေက ခေါင်းထောင်နေမည် ဖြစ်ပါသည်။

နေမင်းလျှံ အိမ်ရောက်တော့ မိခင်ကြီးကို စာမူခငွေ ရှစ်ရာ ကန်တော့သည်။ မိခင်ကြီးက ကြည်နူးစွာဖြင့် ဆုတွေပေးနေသည်။

"ကဲ.. ငါ့သားကြီး... စာပေနဲ့ကြီးပွားတိုးတက်ပါစေ... စာပေဆုတွေရပါစေ၊ အသက်ရှည်စွာ အနာမဲ့စွာနဲ့ သာသနာပြုနိုင်ပါစေကွယ်..."

"အမေပေးတဲ့ ဆုနဲ့ပြည့်ပါရစေ..."

တစ်မနက်ခင်းလုံး ပူလောင်ရှုပ်ထွေးနေသည့် ရင်အစုံသည် အမေ့ဆုပေးသံဖြင့် အေးမြလန်းဆန်း ရှင်းလင်းပေါ့ပါးသွားရသည်။ စာမူခငွေဖြင့် အမေ့ကိုကန်တော့ခြင်း၊ အမေပေးသည့်ဆုဖြင့် ကြည်နူးရခြင်းတို့သည် ကုသိုလ်စေတသိက်များပင် ဖြစ်ပါသည်။

"ကဲ...အမေ၊ ကျွန်တော်ထမင်းစားပြီးရင် အိပ်လိုက်ဦးမယ်၊ ညကတစ်ညလုံး စာရေးထားလို့ ငိုက်နေပြီ... အမေရော ထမင်းစားပြီးပြီလား"

"ပြီးပါပြီသားရယ်...၊ သားညီမ ခင်ရဲဆွေက သားကြိုက်တဲ့ ငါးသလောက်ချဉ်ဟင်း ကန်စွန်းရွက်နဲ့ ချက်ထားတယ်၊ အများကြီးတော့ မစားပါနဲ့၊ ခေါင်းကိုက်နေဦးမယ်..."

"အင်းပါ....အမေရဲ့၊ နည်းနည်းပဲစားမှာပါ...၊ စိတ်မပူပါနဲ့"

နေမင်းလျှံ ထမင်းစားရင်း ကျောင်းသွားနေသည့်ဆရာမ ခင်ရဲဆွေကို မေတ္တာပို့မိသည်။

"ငှဲ့ညီမကြီး...ကျန်းမာချမ်းသာပါစေ"

"သည်းမခံရင် ငါဘုရားရဲ့စကားကို နားထောင်ရာမရောက်ဘူး"

"သတိသည် အကုသိုလ်စိတ်၏ အရင်းဖြစ်သည်"

"တရားကိုမြင်ခြင်းသည် ဘုရားရှင်ကို သက်ရှိထင်ရှားမြင်ရခြင်းပင်တည်း"

နေမင်းလျှံသည် တစ်နေ့တာလုံး ကြုံခဲ့ရသည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန စသည့် အကုသိုလ်တရားများကို ဖယ်ရှားသန့်စင်လိုက်သည်။ ရတနာသုံးပါးကို အကြွင်းမဲ့ယုံကြည်ခြင်း သဒ္ဓါတရားတို့ ထက်သန်နိုးကြားနေကြသည်။ ထို့နောက် ဘုရားရှင်ကို ထိခြင်းငါးဖြာဖြင့် ဦးချကန်တော့ရင်း မိမိ၏ ရုပ်နာမ်ကို အပ်နှံသည်။ ခင်ပွန်းကြီးဆယ်ပါးကို ဝန်ချကန်တော့ရင်း မိမိ၏ ရုပ်နာမ်ကို အပ်နှံသည်။ အရပ်လေးမျက်နှာသို့ မေတ္တာပို့သည်။ အပုပ်ကောင် ရုပ်ဆောင်နေသော ၃၂ ကောဋ္ဌာသ အစုအဝေးကို ဆင်ခြင်သည်။ မရဏာနုဿတိကို ပွားများပြီး သတိပဋ္ဌာန် ဝိပဿနာကို စတင်ပွားများတော့သည်။ နိဝရဏတရားများကင်းစင်နေသည့် လိပ်ပြာဖြူခန်းမတွင် သမာဓိနှင့် ယှဉ်သည့် ရှမ့တ်မှုများသည် အာကာသထဲသို့ ပစ်လွှတ်မည့် ဒုံးပျံပမာ အရှိန်အဟုန်တို့ အားကောင်းပြင်းထန်လျက် ရှိနေပေတော့သည်။

★ ★ ★ ★ ★

## မေမေနှင့် ရွှေအိုးများ

အမေသည် အသက် ၇၀ ကျော်ပြီ။ လူဘဝ၏ တတိယအရွယ်၊ မီးဖကုန် ဆီခမ်းပြီ။ ဆံဖြူစွယ်ကျိုး၊ ခါးကိုင်းစပြုပြီ၊ အမေ့ ကျန်းမာရေးသည် ဟုတ်တိပတ်တိ အကောင်းပကတိဟု မဆိုနိုင်။ အစားမရှောင်လျှင် သွေးတိုးသည်။ အဆစ်အမြစ် အကြောအခြင်တွေ မကောင်းတော့။ တစ်ယောက်တည်း လမ်းမလျှောက်နိုင်၊ ဒူးမကောင်းတော့။ အိပ်ရာမှ အထူအထတွင် တစ်ယောက်ယောက် ကူမှရသည်။ အလေးအပေါ်သွားလျှင် ကလေးတစ်ယောက်လို တည်ပေးရသည်။ ထိုင်ခုံအလယ်တွင် အပေါက်ဖောက်ထားပေးရသည်။ သို့မှ အမေ့အတွက် အလေးအပေါ်ကိစ္စ အဆင်ပြေနိုင်သည်။ မေ့ဝေယျာဝစ္စများအတွက် သားသမီးများက သိတတ်စွာ တာဝန်ယူကြသည်မို့ အမေ ကံကောင်းသည်ဟု ဆိုရပါမည်။

အမေ့ဘဝခရီးအကြောင်းကို ပြန်ပြောင်းဆင်ခြင်သော် အမေသည် ကုန်သည်မျိုးရိုးမိဘများမှ ဖွားမြင်သည်။ အမေ့တွင် မွေးချင်းသုံးယောက်ရှိပြီး အစ်ကိုနှင့်မောင်ငယ်တို့က ကျောင်းပြီးအောင် နေခဲ့ကြရသည်။ အမေကမူ ရှေးခေတ်ကိုးတန်းလောက်အထိသာ နေခဲ့ပြီး မိဘလက်ငုတ် ကုန်သည်လိုင်းသို့ ဝင်ခဲ့သည်။ အမေက ပညာရေးကို လိုလားပါသည်။ ပညာကို ဆုံးခန်းတိုင် သင်ကြားလိုခဲ့သည်။ သို့သော် ဘဝပေးအခြေအနေအရ ကုန်သည်လောကသို့ ရောက်ရှိခဲ့သည်။ စီးပွားရေးတွင် အမေအောင်မြင်ခဲ့သည်ဟု ဆိုရပါမည်။ အမေက အမြော်အမြင်ကြီးသူမို့ အမေ၏ စီးပွားရေးလုပ်ငန်းသည် ကြီးထွားခဲ့ပါသည်။

ရှေးယခင် သိမ်ကြီးဈေးကြီးထဲတွင် ဆိုင်ခန်းနှစ်ခန်းတွဲကြီးဖြင့် အညာကုန်ဖြစ်သည့် ကျောက်ပျဉ်၊ သနပ်ခါးတို့ကို အမေ့မိခင်၊ ခင်ရဲဆွေတို့အဘွားက ရောင်းချခဲ့သည်။ အမေက ရန်ကုန်အနောက်ပိုင်း လမ်းမတော် (၁၄)လမ်းတွင် ဆေးရိုးဆေးဖက် သနပ်ဖပ်ပွဲရုံလုပ်ငန်းကို ဦးစီးလုပ်ကိုင်ခဲ့သည်။ အမေ့အဖေ ခင်ရဲဆွေတို့အဘိုးက နှလုံးရောဂါဖြင့် အိပ်ရာထဲလဲနေစဉ် အမေက စီးပွားရေးကို ဦးဆောင်ခဲ့သည်။ အမေ့အသက် ၂၀ တွင် အိမ်ထောင်ကျသည်။ အဖေနှင့်အတူ ပွဲရုံလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

အဖေက မြန်အောင်ဇာတိမို့ ဆေးရွက်ကြီးများ ဝယ်ယူရာတွင် ကျွန်းထဲကိုင်းထဲအထိ ကိုယ်တိုင်ဆင်း၍ ဝယ်ယူနိုင်ခဲ့သည်။

သို့ဖြင့် ခင်ရဲဆွေတို့ မောင်နှမငါးယောက် မွေးပြီးချိန်တွင် အမေ့ဘဝသည်လည်း ကံကြမ္မာဝဲကတော့တွင် ချာလည်လည်ခဲ့ရတော့သည်။ အနာဂတ်ဆိုသည်ကလည်း ကံဇာတ်ဆရာ၏ ပဉ္စလက်ဆန်မှုများဖြင့် မမြင်သာသော ကံစမ်းမဲပမာ မဟုတ်ပါလား။ ခင်ရဲဆွေတို့ အဘိုးဆုံးပြီး မကြာခင်မှာပင် ဖခင်ဆုံးပါးခဲ့ရသည်။ အမေ မုဆိုးမဘဝ ရောက်ချိန်တွင် အသက်သုံးဆယ်သာ ရှိသေးသည်။ အမေနှင့် အဘွားတို့နှစ်ဦးအရေးကြီးက သွေးနီးရင်း ခင်ရဲဆွေတို့လူမမယ်မောင်နှမများအား ပညာအမွေ ဆက်ပေးခဲ့သည်။ အမေ့စီးပွားရေးကား တစ်စတစ်စနှင့် လုံးပါးပါးခဲ့ရသည်။ အဖေရှိစဉ်ကလို အမေက ကျွန်းထဲကိုင်းထဲအထိ မသွားနိုင်၊ လူယုံအလုပ်သမားများကလည်း ဖောက်ပြန်လာခဲ့သည်။ လိမ်ညာမှုကို ခံခဲ့ရသည်။ ပြိုင်ဘက်စီးပွားတူများ၏ ထိုးနှက်ချက်များကလည်း ပြင်းထန်ပါဘိ။ ပွဲရုံတစ်ခြမ်းကို ငှားလိုက်ရသည်အထိ စီးပွားရေး ကျဆင်းခဲ့ရသည်။ အဘွား၏ဈေးဆိုင်ကို အားပြုရင်း မိသားစု စားဝတ်နေရေးအတွက် ကျားကန်ခဲ့ရသည့်ကာလ ခင်ရဲဆွေတို့ညီအစ်မနှစ်ဦး ဆယ်တန်းကို တစ်ပြိုင်တည်း အောင်စဉ် ညီမက ဆေးတက္ကသိုလ်ဝင်ခွင့်ရခဲ့သည်။ ခင်ရဲဆွေက ပညာရေးတက္ကသိုလ်ဝင်ခွင့်ရခဲ့သည်။ ခင်ရဲဆွေက အမေ့ကိုအရေးဆိုခဲ့သည်။ အမေ့ဘဝအမောတွေကို မကြည့်ရက် မကြည့်နိုင်တော့။

"အမေ..ကျွန်မလည်း ဆယ်တန်းအောင်ပြီ၊ ရရာအလုပ်တစ်ခု ဝင်လုပ်ပါရစေ၊ တက္ကသိုလ်ကို နှစ်ယောက်တက်ရင် စရိတ်က သေးမှာမဟုတ်ဘူး၊ အငယ်နှစ်ယောက်ပညာရေးကလည်း ရှိသေးတယ်၊ အစ်ကိုကြီးကလည်း ရှစ်တန်းမအောင်သေးတော့ ကျောင်းဆက်နေလို့ရအောင် ကျွန်မအလုပ်လုပ်ပါရစေ အမေ"

ခင်ရဲဆွေစကားကို အမေက ဝီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ အမေလက်မခံ။

"ငါ့သားသမီးတွေ အကုန်ဘွဲ့ရအောင် အမေပညာပေးမယ်။ အမေပင်ပန်းချင် ပင်ပန်းပါစေ၊ သမီး အလုပ်မလုပ်ရဘူး။ ပညာရေးတက္ကသိုလ်ကို ဆက်တက်ပါ၊ ဒီလိုပဲ ရုန်းကန်ရမှာပေါ့"

ပညာကိုလိုလားသည့်အမေ၊ ပညာကိုအားပေးသည့်အမေ၊ အမေ့စေတနာမေတ္တာ ကြီးမားလေစွ။ အမေ၏ ပြင်းထန်သောဆန္ဒကို မလွန်ဆန်နိုင်။ သို့ဖြင့် ခင်ရဲဆွေ ပညာရေးတက္ကသိုလ် ဆက်တက်ခဲ့သည်။ အစ်ကိုကြီးက ရှစ်တန်းမှာပင် သူ့ပညာရေးခရီးကို ရပ်တန့်ရင်း အမေနှင့်အတူ အရောင်းအဝယ်လုပ်ကာ ခင်ရဲဆွေတို့ ပညာရေးအတွက် တံတားဆက်ပေးခဲ့သည်။ ယောကျ်ားလေးတစ်ယောက် စီးပွားရေးကို စိတ်ဝင်စားခြင်း အတွက် အမေလက်ခံခဲ့သည်။ သို့သော် အမေက သူ့သားကြီးအား အင်္ဂလိပ်စကားပြော သင်တန်းတစ်ခုကို တက်စေရင်း အတတ်ပညာတစ်ခုရအောင် အားပေးခဲ့သည်။ သို့ဖြင့် အစ်ကိုကြီးမှလွဲ၍ ခင်ရဲဆွေတို့ မောင်နှမလေးဦး ဘွဲ့ရပညာတတ်များ ဖြစ်ခဲ့ရသည်။

ချို့တဲ့ကြပ်တည်းမှု လောကခံမှုနှင့်ကိုင်းကြမ်းကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည့် အတိတ်ခါးခါးသည် ခင်ရဲဆွေတို့ အတွက် အကောင်းဆုံးဘဝလက်ဆောင်များ ဖြစ်ခဲ့ရပါသည်။

ဘဝအခက်အခဲများစွာကို ဖြတ်ကျော်ရင်း ပညာပေးသူအမေနှင့် အမေပေးသည့် ပညာအမွေကို ကျားကုတ်ကျားခဲ ဇွဲနပဲကြီးစွာ ရယူခဲ့သည့် ခင်ရဲဆွေတို့ မောင်နှမများကို ပတ်ဝန်းကျင်က ချီးကျူး ထောမနာပြုခဲ့ကြသည်။ အထက်တန်းပြဆရာမ၊ ဒေါက်တာ၊ သိပ္ပံဘွဲ့ရ ပညာတတ်သားသမီးများ၏ ဘဝကို အမေကျေနပ်ခဲ့သည်။ ရွှေအိုးများသည် ပညာရွှေအိုးများဖြစ်ပါသည်။ ပညာရွှေအိုးများသည် တတိယအရွယ် ရောက်ရှိနေပြီဖြစ်သည့် အမေ့အတွက် အားထားဖွယ်ရာ အရင်းအနှီးများသာတည်း။

အမေ့တွင် ကိုယ်ပိုင်ပိုက်ဆံ ငွေကြေးမရှိတော့။ ရွှေထည်ပစ္စည်းဆိုရှိ တစ်ခုမျှမရှိတော့။ သားသမီးများ ပညာရေးအတွက် ရင်းနှီးစွန့်စားခဲ့ရသည်များ။ အမေ၏ရင်းနှီးမြှုပ်နှံမှုကား မှန်ကန်သည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ထိုအရင်းအနှီးကြောင့်ပင် ပညာဟူသော ပဒေသာပင်ကြီးကို အမေပိုင်ဆိုင်ခဲ့ရပါသည်။ ထိုပဒေသာပင်သည် တစ်သက်လုံး ဆွတ်ခူးစားသုံးမကုန်နိုင်သည့် ပဒေသာပင်ကြီးဖြစ်ပါသည်။ ဘဝလောကခံလွင်ပြင်တွင် အမေသည် အထီးကျန်သစ်ပင်ကြီးနှယ် မှန်တိုင်းဒဏ်၊ မိုးဒဏ်၊ လေပြင်းဒဏ်တို့ကို ကြံ့ကြံ့ခံရင်း ရင်သွေးများကို ပညာပေးခဲ့သည်။ ယခုတော့ အရိုးပြိုင်းပြိုင်းထခဲ့ရသည့် သစ်ပင်တွင် ပညာတတ်သားသမီးတို့၏ လိမ္မာမှု၊ ကျေးဇူးသိတတ်မှု အသီးအပွင့်အရွက်အခက်များဖြင့် ဝေဆာခဲ့ရပါလေပြီ။ အမေ့ဘဝသည် ပညာအိုအေစစ်အဖြစ် လုပသာယာစိုပြည်ခဲ့ပါပြီ။

"အမေ နေကောင်းအောင်... အကြောဆေးသွင်းပေးမယ်နော်..."

ဆရာဝန်သမီးက အမေ့ကျန်းမာရေးကို အရိပ်တကြည့်ကြည့်ဖြင့် ဂရုစိုက်ခဲ့သည်။ အမေ့ကျန်းမာရေး အတွက် ပူစရာမရှိတော့။ ဆေးခန်းသွားစရာမလို၊ သမီးက လိုအပ်တာတွေ အကုန်လုပ်ပေးသည်။ အားဆေး၊ ထိုးဆေး၊ စားဆေး အမျိုးမျိုးဖြင့် အမေ့ကျန်းမာရေးကို ကုစားပေးခဲ့သည်။ အမေ့ရင်ထဲက ပီတိနင်းတောင်ကြီးသည် အနှိုင်းမဲ့ပါလား။

"အမေရေ.. မြဝတီမဂ္ဂဇင်းမှာ ကျွန်မရဲ့ဝတ္ထုပါလို့... ဒီနေ့ စာမူခ သွားထုတ်တယ်လေ.... အမေစားဖို့ လိမ္မော်သီးတွေ ဝယ်ခဲ့တယ်.."

"ဘာဝတ္ထုလဲသမီးရဲ့...ပြောစမ်းပါဦး"

"ပညာရေးနဲ့ ပတ်သက်ပြီး မိဘတွေကို ပညာပေးတဲ့ဝတ္ထုတိုလေးပါ။ သားသမီးရဲ့ လက်ခံနိုင်ခြေကို မသိဘဲ... ကျူရှင်လေးငါးခု သင်ခိုင်းတဲ့ တချို့မိဘတွေရဲ့ ရေလိုက်လွဲမှုကြောင့် မြွေပါလည်းဆုံး၊ သားလည်းဆုံး ဖြစ်ရတာမျိုးကို သင်ခန်းစာပေးတဲ့ ဝတ္ထုလေးပါ အမေ..."

"သမီးက ဒီအကြောင်းကို ဘယ်လိုအတွေးရလဲ"

"သမီးရဲ့ ပတ်ဝန်းကျင်မှာ ဒီလိုမိဘ၊ ဒီလိုကလေးမျိုးတွေကို တွေ့ရလို့ပေါ့အမေ... သမီးတို့ငယ်ငယ်ကဆို ကိုယ့်ကျောင်းက ကိုယ့်ဆရာကိုပဲ အားကိုပြီး တတ်အောင်သင်ခဲ့တာမဟုတ်လား၊ ဘာကျူရှင်မှတက်ခဲ့တာ မဟုတ်ဘူး၊ ကိုယ့်ဆရာကိုပဲ တလေးတစားအားထားခဲ့တာလေ..."

"ဟုတ်ပါတယ်... မိဘတွေဘက်ကရော ကျောင်းသားတွေဘက်ကပါ အမြင်ပြောင်းဖို့ လိုတာပေါ့.."

အမေပေးခဲ့သည့် ပညာအမွေပေါ်တွင် အခြေခံရင်းဝါသနာပါရာ စာရေးခြင်းအလုပ်အတွက် သစ်လွင်တောက်ပသည့်အတွေးအခေါ်၊ အမြော်အမြင်တွေ ရခဲ့ခြင်း မဟုတ်ပါလား။ ဟိုစဉ်က အမေသာ ပညာရေးကို အားမပေးခဲ့ဘဲ ရရာအလုပ်ဝင်လုပ်ခိုင်းခဲ့ရင် ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်လာမည်မဟုတ်။ သည်ကနေ့ ၂၁ရာစု ပညာခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ယှဉ်ပြိုင်ရာတွင် ပညာ၏ကဏ္ဍသည် အရေးပါသည့် သော့ချက်ဖြစ်ခဲ့ရပြီ။ မိမိတို့ မြန်မာနိုင်ငံသည်လည်း အစဉ်သင်ယူနေသည့် လူဘောင်

အဖွဲ့အစည်းကြီးကို ထူထောင်ရင်း အခွင့်အလမ်းပွင့် ပညာရေးစနစ်ဖြင့် လူတိုင်းအတွက် ပညာရေးကို လမ်းဖွင့်ပေးလျက်ရှိသည်။ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီ (၁)ရက်မှာပင် အီလက်ထရွန်နစ် ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့သည်။ နိုင်ငံတကာ အဆင့်မီပညာရေးသို့ ရေးရှရင်း ပညာရည်မြင့်မားရေး အထူးလေးနှစ် စီမံကိန်းကြီး(၂၀၀၀-၂၀၀၃)ကို အောင်မြင်စွာ ဖော်ဆောင်နေပြီမဟုတ်ပါလား။

"နိုင်ငံသားတိုင်းသည် အသက်အရွယ် အတွေ့အကြုံ ပညာအရည်အချင်း မည်သို့ပင်ရှိစေ၊ မည်သည့်နေရာတွင် ရောက်ရှိနေထိုင်သည်ဖြစ်စေ၊ ပညာကို လေ့လာသင်ယူနိုင်သည့် အခွင့်အလမ်းကို ဖွင့်ပေးထားရန် လိုအပ်ပါသည်။ နေရာသတ်မှတ်ချက် အချိန်ကန့်သတ်ချက်များကို ကျော်လွှားပြီး သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးနည်းပညာကို အသုံးပြု၍ ပညာသင်ယူနိုင်သော အခွင့်အလမ်းကို မျက်မှောက်ခေတ်ကာလတွင် အီလက်ထရွန်နစ်ပညာရေး စနစ်က အပြည့်အဝပေးလျက်ရှိပါသည်။ နိုင်ငံတကာပညာရေး၏ ပင်မရေစီးကြောင်းသည် အီလက်ထရွန်နစ်ပညာရေးပင်ဖြစ်သည်ဟု လက်ခံယုံကြည်ရသော ကာလဖြစ်ပါသည်" ဟု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အီလက်ထရွန်နစ်ပညာရေး (E-Education) အကောင်အထည်ဖော်သောနေ့ ဂုဏ်ပြုသဝဏ်လွှာတွင် ဖော်ပြထားပေသည်။

ပညာသည် လူတစ်ဦးချင်း ဘဝအတွက်သာမက နိုင်ငံနှင့်လူမျိုးကိုပါ ဖွံ့ဖြိုးတိုးတက်စေသည့် စွမ်းအားတစ်ရပ်ပင် မဟုတ်ပါလား။

"ငါ့သမီးတိုးဂိုက်ကြီးရော၊ မန္တလေးခရီးမှာ အဆင်ပြေရဲ့လား"

"ပြေပါတယ်အမေ... သမီးဇည့်လမ်းညွှန်လုပ်ရတဲ့ ဂျပန်မကြီးကလည်း သိပ်သဘောကောင်းတယ်... သူ့နာမည်က မစ္စရီတိုအိုကာဇာဝါတဲ့.. ကျောင်းအုပ်ဆရာမကြီးဟောင်း တစ်ယောက်ပေါ့၊ တိုကျိုမှာနေတာလေ"

"မန္တလေးမှာ ဘာတွေပြပြီး ဘာတွေရှင်းလင်းခဲ့ရလဲ... အမေ့ကိုပြောပါဦး"

"မန္တလေးတောင်နဲ့ ဘုရားတွေ အစုံရောက်ပါတယ်၊ နိုဝိုတယ်ဟိုတယ်မှာတည်းရတာ ဒီမ်ပဲ..."

ညီမငယ် ခင်ရဲချိုက သူ့ခရီးအတွက် ဝမ်းသာပီတိလိုက်လဲစွာဖြင့် ပြောနေခြင်းဖြစ်ပါသည်။

"ငါပေးထားတဲ့ စာအုပ်ကို သေသေချာချာဖတ်ရဲ့လား..."

"ဖတ်တာပေါ့ အစ်မရာ... ဦးလွင်မောင်ရေးတဲ့ မှတ်တမ်းသမိုင်း မန်းဇေယျာတိုင်းလေ.. ကြိုတင်လေ့လာထားလို့ အဆင်ပြေပါတယ်... ဂျပန်မကြီးကလည်း မန္တလေးအကြောင်းကို လေယာဉ်ပေါ်မှာကတည်းက မေးတာ....."

"နင်ဘာတွေ ရှင်းပြခဲ့လဲ...ပြောစမ်းပါဦး"

ခင်ရဲဆွေက သိလိုဇောဖြင့်မေးလိုက်သည်။

"ကုန်းဘောင်မင်းဆက်ရဲ့ နောက်ဆုံးမင်းနှစ်ပါးဖြစ်တဲ့ မင်းတုန်းမင်းနဲ့ သားတော်သီပေါမင်းတို့ နန်းစံခဲ့ကြတဲ့ မန္တလေးမြို့ကို မြန်မာသက္ကရာဇ် ၁၂၂၁ ခုမှာ တည်ထောင်ခဲ့တယ်။ မင်းတုန်းမင်းကြီးဟာ ရွှေနန်းတော်၊ ပြဿာဒ်တော်၊ မြေနန်းတော်၊ မှန်နန်းတော်၊ ရာဇပလ္လင်ရှစ်ရပ်နဲ့ ရွှေနန်းတော်အဆောင်ပေါင်း ၁၀၀ကျော်ကို တည်ဆောက်ခဲ့တာ... နန်းမြို့တော်ကို လေးကျွန်းအောင်မြေ၊ ရွှေနန်းတော်ကို မြနန်းစံကျော် ဆိုပြီး ကမ္ဘည်းတင်ခဲ့တာ၊ "အောင်ကျော်ချမ်းအေး၊ မန္တလေးရတနာပုံ"၊ "ဦးကျော်ကွမ်းအစ်၊ မန္တလေးတည်သက္ကရာဇ်၊ အုတ်ကျစ်ကျော်အေး မန္တလေး" လို့ ခေါ်တွင်ခဲ့ပုံတွေကစပြီး ရှင်းပြတာပေါ့"

"မန္တလေးမဟာမြတ်မုနိအကြောင်းရော ဘယ်လိုရှင်းပြလဲ"

"အမရပူရ ပထမနန်းတည် ဘိုးတော်ဘုရား လက်ထက်တော်မှာ ရခိုင်တစ်ပြည်လုံးကို သိမ်းပိုက်အောင်မြင်ခဲ့ပြီး မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကြီးကို ပင့်ဆောင်ခဲ့တာ၊ ဥက္ကာတော် ၁၂ပေ ဂုလက်မ၊ ဒူးတော်အစွန်းနှစ်ခု အကွာအဝေး ၈ပေ၊ ၆လက်မရှိပြီး ပလ္လင်အမြင့် ဂုပေရှိတာ၊ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား၊ ဘိုးတော်(ပဒုံမင်း) ရဲ့ကောင်းမှုတော်ဖြစ်တဲ့ သံပိသာချိန်(၁၁၃၆) နဲ့တည်ထားတဲ့ စန္ဒာမုနိဘုရား၊ ရသေ့ကြီးဦးခန္ဓိရဲ့ ကောင်းမှုကျောက်စာတွေ၊ ကုသိုလ်တော်ဘုရား၊ အတုမရှိကျောင်း၊ တိုင်အလုံးပေါင်း ၁၅၀နဲ့ နယားရုပ်ကျောက်တိုင်ပေါင်း ၅၄ တိုင်နဲ့ တည်ဆောက်ထားခဲ့တဲ့ ရွှေကျောင်း အားလုံး ရှင်းပြတာပေါ့။ အဲဒါအပြင် မှန်စီရွှေချလုပ်ငန်းတို့၊ ရွှေချည်ထိုးငွေချည်ထိုးလုပ်ငန်း၊ ရွှေမျက်ပါးခတ်လုပ်ငန်းတွေဆီပါ ရောက်ခဲ့သေးတယ်"

"မန္တလေးတောင်ရော...ရောက်သေးလား"

"ရောက်တာပေါ့...အမေရာ၊ ရင်သားကိုဖြတ်ပြီး ဘုရားလှူခဲ့တဲ့ ဘီလူးမကြီးအကြောင်းလည်း ရှင်းပြခဲ့သေးတယ်"

"အေးလေ...ဂျပန်မကြီးက စိတ်ဝင်စားမှာပေါ့"

"စိတ်ဝင်စားတာပေါ့... သူကမှတ်ချက်ပေးတယ်၊ မြန်မာလူမျိုးတွေက စေတနာ၊ သဒ္ဓါတရား သိပ်ထက်သန်တယ်တဲ့"

"သူ...ဘယ်တော့ပြန်မလဲ"

"သန်ဘက်ခါပြန်မယ်... အမေ့အတွက် ထိုးမှန့်လမှန့်တွေပါတယ်နော်... ဂျပန်မကြီးကိုလည်း လက်ဆောင်ဝယ်ပေးလိုက်သေးတယ်"

"အေးအေး....ကောင်းပါတယ်သမီးရယ်"

ဓာတုဗေဒဖြင့် ဘွဲ့ရပြီး နိုင်ငံခြားဘာသာသိပ္ပံတွင် ဂျပန်ဘာသာဖြင့် ဒီပလိုမာဘွဲ့ရကာ ဧည့်လမ်းညွှန်အလုပ် လုပ်နေသည့် ညီမငယ် ခင်ရဲ့ချိုကိုကြည့်ရင်း ဆရာမ ခင်ရဲ့ဆွေရင်ထဲတွင် အမေ့ကျေးဇူးကို အထူးအောက်မေ့ နေမိသည်။ မြန်မာမှု၊ မြန်မာ့ရေးရာအဖြာဖြာနှင့်ပတ်သက်၍ ကောင်းနိုးရာရာစာအုပ်များကို ဖွေရှာဝယ်ခြမ်းပေးခဲ့ရင်း ညီမ၏အလုပ်အတွက် ပါရမီကူညီ ဖြည့်ပေးနိုင်ခဲ့ခြင်းအတွက်လည်း ခင်ရဲ့ဆွေ ကျေနပ်မိပါသည်။

အမေသည်သူ၏ရွှေအိုးအရင်းအနှီးဖြင့် တတိယအရွယ်တွင် ကုသိုလ်ဘာဝနာကို ကောင်းစွာကြိုးကုတ်အားထုတ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ဟိုစဉ်က အမေ့ဆုံးဖြတ်ချက်လွဲခဲ့လျှင်၊ အမေ့အမြော်အမြင် နည်းခဲ့လျှင် ခင်ရဲဆွေတို့ ဘဝသည် တိုးတက်မြင့်မားခဲ့မည်မဟုတ်၊ ပညာတတ်များဘဝ ရောက်လာမည်မဟုတ်၊ အမေ၏ဘဝအားမာန်သတ္တိကား ထူးခြားပြောင်မြောက်လှပါဘိ။ ရွှေငွေ၊ အိုးအိမ်များ၊ ဆိုင်ခန်းများကို ထုခွဲရောင်းချရင်း သားသမီးများကို ပညာအမွေပေးခဲ့သည့်အမေ၊ စွန့်စားစွန့်လွှတ်မှုများဖြင့် ဘဝမုန်တိုင်းကို ရဲရင့်တည်ကြည်စွာ ရင်ဆိုင်ခဲ့သည့်အမေ။ သည်ယနေ့ ၂၁-ရာစု ပညာခေတ်တွင် ရွှေအိုးနှင့်တူသော ပညာတတ် သားသမီးများနှင့် ဘဝအောင်လံ လွှင့်ထူနိုင်ခဲ့ပြီ ဖြစ်ပါတော့သည်တကား။

★ ★ ★ ★ ★

## နေဝင်တော့မည် မြဒါလီ

စင်စစ် သည်တာဝန်ကို သူမယူချင်ပေ။ တာဝန်ကမကြိုးလေးသော်လည်း ထိုတာဝန်နှင့် ဆက်စပ်နေသည့် မိန်းကလေး၏ အမှုအကျင့်၊ စရိုက်တွေကို သူမကြိုက်။ ခေတ်ရှေ့ပြေးလွန်းသည့် ဝတ်စားဆင်ယင်မှုဖြင့် အရှက်အကြောက်နည်းပါးသည်ဟု ယူဆသည်။ မမကြီး၏ယောက်မမှမွေးသော တစ်ဦးတည်းသောသမီး ဆယ်တန်းကျောင်းသူ မြဒါလီကို မြန်မာစာသင်ပေးရမည့် တာဝန်အတွက် နေမင်းလျှံ၏ အဖြစ်သည် စင်စစ် မရဲတရဲနှင် ကျွဲပြီးရသည်နှင့် တူပေသည်။ မမကြီးဆိုသည်ကလည်း သွေးအရင်းဆုံး အစ်မတစ်ဦးဖြစ်သည်သာမက အဖေနေရာ၊ အမေနေရာတွင် နေမင်းလျှံကို ဘွဲ့ရပညာတတ်တစ်ယောက်ဖြစ်ရန် ပြုစုပျိုးထောင်ပေးခဲ့သည့် ကျေးဇူးရှင်ဖြစ်ပေသည်။ သူဆယ်တန်းတွင် မိဘနှစ်ပါးတို့ ရှေ့ဆင့်နောက်ဆင့် တိမ်းပါးခဲ့ကြသည်။ သည်အချိန်တွင် မမကြီးက ဘွဲ့ရ၍ အလုပ်ဝင်နေပေပြီ။ နေမင်းလျှံ ပညာရေးအတွက် မမကြီး ရုန်းကန်ခဲ့ရသည်။ နေမင်းလျှံ လူတစ်လုံးသူတစ်လုံး ဖြစ်ရေးအတွက် ပြုစုပျိုးထောင်ပေးခဲ့သည်။ ငွေကြေးချမ်းသာသည့် မုဆိုးဖိုအရာရှိ ဦးကိုကိုမောင်ကို လက်ထပ်ရင်း ဘဝတစ်ဆစ်ချိုးကို လှုပစ္စာ အရောင်တင်ခဲ့သည်။

ထိုစဉ်က ဦးကိုကိုမောင်၏ညီမ ဒေါ်ခင်မိုးမေက အိမ်ထောင်မကျသေး။ နေမင်းလျှံဘွဲ့ရပြီး တစ်နှစ်ခန့် အကြာမှ မမကြီး၏ယောက်မ ဒေါ်ခင်မိုးမေ အိမ်ထောင်ကျခဲ့သည်။ သူ့ခင်ပွန်း အလုပ်တာဝန်ကျရာ နယ်အသီးသီးသို့ လိုက်ပါရင်း မြဒါလီ ရှစ်တန်းရောက်မှသာ ရန်ကုန်သို့ ပြန်ရောက်ခဲ့ခြင်းဖြစ်သည်။ ဒေါ်ခင်မိုးမေတို့တွင် မွေးချင်းလေးယောက်ရှိပြီး အငယ်ညီမနှစ်ဦးမှာ မိဘများနှင့်အတူနေကြလေသည်။ ကုန်သည်မျိုးရိုးဖြစ်၍ မိဘလက်ငုတ် ပွဲရုံလုပ်ငန်းများကို အပျိုကြီးညီအစ်မနှစ်ဦးက လုပ်ကိုင်ကြလေသည်။ မမကြီးက ဦးကိုကိုမောင်နှင့် သားနှစ်ယောက်ရလေသည်။ မိန်းကလေးဆိုး၍ မြဒါလီတစ်ဦးတည်းမို့ အဘိုးအဘွားနှင့် အပျိုကြီး ညီအစ်မတို့က မြဒါလီကို အချစ်ပိုခဲ့သည်။ သူတို့လက်ပေါ်တွင် ကြီးခဲ့ရသည်မဟုတ်ပေမယ့် ရှားရှားပါးပါး မြေးမိန်းကလေးမို့ အချစ်ပိုခဲ့ရခြင်းဖြစ်ပေသည်။ မြဒါလီ ကံကောင်းသည်ဟု ဆိုရမည်။ ရာထူးဂုဏ်သိန်စည်းစိမ်ဆွေမျိုးတို့ ခြံရံမှုဖြင့် တယ့်တယ်ခဲ့သလို သူတို့ သူတို့၏ မေတ္တာတရားကိုလည်း အလျှံပယ်ရရှိခဲ့သည် မဟုတ်ပါလား။

"ငါ့မောင်က မြန်မာစာနဲ့ ဘွဲ့ရခဲ့တယ်။ မြန်မာစာ ထူးချွန်တယ်။ စာရေးဆရာလည်းဟုတ်တယ်၊ ဒါကြောင့် အားကိုးတကြီး အကူအညီတောင်းတာပေါ့၊ မင်းက အင်တင်တင်နဲ့ ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး... ကောင်မလေးကြည့်ရတာ အချိုးမပြေဘူး.."

"အချိုးပြေအောင် သွန်သင်ဆုံးမရမှာပေါ့၊ ဥာဏ်ကကောင်းပါတယ်... စာလည်းတော်ပါတယ်... မေက သူ့သမီးကို ဘာသာစုံဂုဏ်ထူးရစေချင်တာ၊ အပြင်းအထန် အသည်းအသန်ကိုလုပ်နေတာ၊ ကိုနေရေ...၊ ခုလည်း မမကြီးမောင်ကို ရအောင်ပြောပေးပါဆိုပြီး နားပူနားဆာလုပ်နေလို့ ကိုနေသင်ပေးလို့ ကိုဩရော၊ ကိုငယ်ပါ ဆယ်တန်းမှာ မြန်မာစာဂုဏ်ထူးပါတာ အဲဒါ ပြောလို့ကိုမဆုံးဘူး"

ကိုဩနှင့် ကိုငယ်မှာ မမကြီးသားနှစ်ယောက်၊ နေမင်းလှ၏ တူတော်မောင်များ၊ ကိုဩက ပြင်ဦးလွင် စစ်တက္ကသိုလ်တက်နေပြီး ကိုငယ်မှာ ရန်ကုန်ဆေးတက္ကသိုလ်သို့ဝင်သည်။

"ငါ့မောင်ကို လခနဲ့ ကန်တော့မှာပါ... သူတို့က သိတတ်ပါတယ်"

"သူတို့ချမ်းသာမှန်းသိပါတယ်.....မမကြီးရာ"

"ကဲပါ သင်မယ်မဟုတ်လား၊ မေ့ဆီကို ဖုန်းဆက်လိုက်တော့မယ်နော်..."

"ဆက်လိုက်ဗျာ...သင်မယ်...သင်မယ်"

မမကြီး၏ ပြုံးရောင်လွှမ်းသွားသည့် မျက်နှာကိုကြည့်ရင်း နေမင်းလှ သက်ပြင်းဖွဖွ ချလိုက်မိသည်။

"ဆရာ...ဘာသင်မှာလဲဟင်"

မြဒါလီမျက်နှာက မချိုမချဉ် "ဆရာ" ဟုခေါ်လိုက်သော်လည်း အပေါ်ယံကြော သဘောမျှသာ၊ နှစ်နှစ်ကာကာ လေးလေးနက်နက်မရှိကြောင်း သူမမျက်ဝန်းတွေက ဖော်ပြနေသည်။ နေမင်းလှ စိတ်မျက်သွားမိသည်။ ဝတ်စားထားပုံကလည်း အချိုးမပြေ၊ လည်ဟိုက်စပို့ရှပ်ကျပ်ကျပ်၊ နီနီရဲရဲကို ဝတ်ထားသည်။ တင်ပါးအထိ ရှည်လျားသည့် ဆံပင်တွေကို ချည်နှောင်ထားခြင်းမရှိ၊ အသားဖြူဖြူ မျက်နှာဝင်းဝင်းလေးကတော့ အပြစ်ကင်းစွာ လှသည်ဟု ဆိုနိုင်ပါသည်။ မျက်ခုံးနက်နက်လေးအောက်မှ မျက်ဝန်းတို့က အရောင်တဖျတ်ဖျတ် တောက်နေသည်။ တည်တည်ကြည်ကြည်နှင့် ဣန္ဒြေရရနေလျှင် တော်တော်ကျက်သရေရှိမည့် မျက်နှာမျိုး၊ ခုတော့ မျက်နှာက မချိုမချဉ်၊ သည်ပုံစံဖြင့် သူ စာကို တန်းသင်၍ မဖြစ်သေး။ မသင့်တော်တာကို ပြုပြင်ဆုံးမရန် လူကြီးတွေက သူ့ကို အာဏာကုန် လွှဲအပ်ထားပြီးသားမို့ သူ မကြိုက်သည်များကို အရင်ပြုပြင်မည်ဟု စိတ်ကူးလိုက်သည်။

"ဆရာ..ဒါလီဘာစာအုပ်ထုတ်ရမလဲ"

"ငါ့ကို ဆရာမခေါ်နဲ့"

"ရှင်"

"စိတ်ထဲက လေးစားကြည်ညြိမှု ဆရာလို့ ခေါ်လို့ကောင်းတယ်"

"ဒါလီလေးစားလို့ ခေါ်တာပါ"

"ဒါဖြင့် မျက်နှာက ဘာလို့ ပြုံးစိစိ ဖြစ်နေတာလဲ"

"ဒါလီ အမှန်အတိုင်းပြောရမလား"

"ပြော"

"ဆရာက အသက်သုံးဆယ်ကျော်သာ ဆိုတယ်၊ မျက်နှာက ကျောင်းသားလေးလို နုနေလို့"

"ဘာ"

"ဆရာက အမှန်အတိုင်းပြောဆိုလို့ ပြောတာပါ၊ စိတ်မဆိုးပါနဲ့နော်၊ ဒါလီတောင်းပန်ပါတယ်"

မြဒါလီက လက်အုပ်ချီရင်းပြာပြာသလဲတောင်းပန်ပုံကို ကြည့်ရင်း နေမင်းလှုံ့ရယ်ချင်သွားသည်။

"ဒါဆို နောက်ကို တိုက်ပုံဝတ်လာမယ်"

"ဆေးတံကြီးနဲ့ ခေါင်းပေါင်းကြီးလည်း ယူခဲ့ဦးနော်"

"တယ်...ဒီကောင်မလေး ရှက်နောက်နောက်နဲ့"

"ဆရာက သဘောကောင်းပုံရပါတယ်"

"တော်တော့ဒါလီ၊ ဆရာပြောတာကို သေသေချာချာနားထောင်"

"ဟုတ်ကဲ့ပါ"

"မိန်းကလေးဆိုတာ ကုန်ဆွေရရနေရတယ်။ ရှက်နောက်နောက် ပြောင်ချော်ချော် မလုပ်ရဘူး"

"ဒါလီက ပျော်တတ်လို့ပါ"

"ပျော်တတ်တာဟာ နေရာတိုင်းမကောင်းဘူး၊ အလေးအနက်ထားရမယ့် နေရာတွေမှာ အပျော်အပျက်သဘောမျိုးဖြစ်သွားရင် မကောင်းဘူးပေါ့ကွာ"

"ဒါလီ ခုဘာလုပ်မိလို့လဲဟင်"

ခုတော့ ကြီးကြီးမားမား မလုပ်မိသေးပါဘူး... ကြိုတင် သတိပေးတာပါ... စာသင်ပေးတဲ့ဆရာ၊ သင်ရတဲ့ ဘာသာရပ်တွေ အပေါ်မှာ လေးစားတဲ့စိတ်၊ ရိုသေတဲ့စိတ်ထားမှ ဆရာသင် သင်သလောက် ပညာဆိုတာရတယ်၊ အလေးအနက်ထားဖို့ဆိုတာ အဲဒါကိုပြောတာပါ"

"ဟုတ်ကဲ့.. မှတ်ထားပါ့မယ်..ဆရာ"

ဒီနေ့..ဆရာတို့ စာစီစာကုံး စရေးမယ်၊ ကုန်ကြမ်းအချက်တွေကို ဆရာရေးပေးမယ်၊ အဲဒါကို တစ်ချက်ချင်း ပြန်ရှင်းမယ်၊ ခေါင်းစဉ်က အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေး"

"ဘယ်က စရေးရမှာလဲ ဆရာ"

"ဒါလိုသိသလောက် မြန်မာ့ယဉ်ကျေးမှု အကြောင်းအရာတွေကို ပြော"

"ပြောကြည့်မယ်နော်၊ မြန်မာ့ယဉ်ကျေးမှုဟာ ရှေးနှစ်ပေါင်း ထောင်ကျော်ကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ပေါ်ထွန်းခဲ့တယ်၊ ပုဂံခေတ်မှာ ပန်းဆယ်မျိုး ဝိသုကာလက်ရာတွေနဲ့ ထွန်းကား တင့်တယ်ခဲ့တယ်၊ မြန်မာ့လူမှုဆက်ဆံရေးမှာ ဖော်ရွေယျုတ္တာမှု၊ ကူညီရိုင်းပင်းမှု၊ စာနာထောက်ထားမှုတွေနဲ့ ပြည့်စုံတယ်။ ဘာသာတရား ရိုသေကိုင်းရှိုင်းတယ်၊ ဆယ့်နှစ်လရာသီပွဲတော်တွေဟာ ရိုးရာဓလေ့ဆိုင်ရာ ယဉ်ကျေးမှု ပွဲတော်တွေဖြစ်တယ်၊ အဲဒါပဲသိတယ်"

"စာပေအနုပညာတွေ ကျန်သေးတယ်လေ"

"စာပေတော့ သိပ်မသိဘူး၊ အနုပညာမှာ မြန်မာ့သီချင်းကြီး သီချင်းခံတွေကို မြဝတီမင်းကြီးဦးစတို့၊ ပြင်စည်မင်းသားကြီးတို့ ရေးခဲ့ကြတယ်၊ အင်းဝခေတ်မှာ အပြိမ့်ဆိုတဲ့ အနိမ့်သဘင်ပေါ်ခဲ့တယ်၊ အမြင့်သဘင်ကတော့ ရှုပ်သေးကိုခေါ်တာ၊ မြန်မာ့ဇာတ်သဘင်ဟာ ဘုရားဟောဇာတ်နိပါတ်တွေကို သင်ခန်းစာပေး၊ ပညာပေး၊ ဗဟုသုတပေးဖို့ တင်ဆက်ခဲ့ကြတယ်.."

"ဒါလိုက ဘယ်ဆိုးလို့လဲ၊ စာပေမှာ စကားပြေနဲ့ ကဗျာလက်ာဆိုပြီး နှစ်မျိုးခွဲနိုင်တယ်၊ သက္ကရာဇ် အခိုင်အမာ မှတ်တမ်းတင်ခဲ့တဲ့ ကျောက်စာစကားပြေကတော့ ပုဂံခေတ် ရာဇကုမာရ်ကျောက်စာပေါ့၊ ကဗျာမှာတော့ အမျိုးအစားတွေ အများကြီးပဲ...ကာချင်း၊ အိုင်ချင်း၊ အဲချင်း၊ တျာချင်း၊ ဘောလယ်၊ ဒွေးချိုး၊ လေးချိုး၊ ရကန်၊ ရတု၊ သံချို၊ ဝုံကြီးသံ အများကြီးပေါ့.."

"ဝတ်စားဆင်ယင်မှုလည်း ပါတာပေါ့နော်.."

"ပါတာပေါ့၊ မြန်မာ့ဝတ်စားဆင်ယင်မှုဟာ ဟီရိသြတ္တပ္ပကို အခြေခံပြီး အကျီလက်ရှည်၊ ရင်ဖုံး၊ တိုက်ပုံ၊ လုံချည်၊ ပုဆိုး၊ ထဘီ စတဲ့ အဝတ်မျိုးတွေကို ဝတ်ကြတယ်လေ၊ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းရေးအတွက် သရုပ်ပျက်ယဉ်ကျေးမှုတွေကို ဆန့်ကျင်ကျောခိုင်းရမယ်။ အရိုးကို အရွက်မဖုံးစေရအောင်၊ အမျိုးသားယဉ်ကျေးမှု မြန်မာဓလေ့တွေကို ချစ်ခင်မြတ်နိုးစွာ ထိန်းသိမ်းရေးဟာ နိုင်ငံသားတိုင်းရဲ့ အမျိုးသားတာဝန်ပဲ..."

"ဆရာရှင်းပြတာတွေကို ဒါလိုမှတ်ပြီး ရေးတော့မယ်နော်.."

"နေဦး၊ အမျိုးဘာသာ သာသနာစောင့်ထိန်းခြင်းဟာလည်း အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းခြင်းပဲနော်။ (၃၈)ဖြောမဂ်လာတရားတော်နဲ့ အညီ ကျင့်ကြံနေထိုင်တာ စောင့်လေမျိုးနွယ်ဆိုတဲ့ ဝံသာနုရက္ခိတတရားနဲ့ ကိုယ့်အမျိုးသားကို စောင့်ရှောက်ထိန်းသိမ်းခြင်းလည်း ပါတယ်နော်..."

"ဟုတ်...ဟုတ် ဆရာပြောတော့မှ ကျယ်ကျယ်ပြန့်ပြန့်သိသွားပြီ"

"ဒါလီရေးရင်း မသိတာရှိရင် မေးမယ်နော်.."

"မေးပါဗျာ..ဆရာဆိုတာ မသိတာကို သိအောင်၊ မရှင်းတာကို ရှင်းအောင်၊ မမှန်တာကို မှန်အောင် သွန်သင်ပြသပေးရတဲ့ သူပဲလေ"

ဒါလီက ခေါင်းညိတ်ထောက်ခံရင်း စာစီစာကုံးစရေးနေသည်။ ခေါင်းလေးငဲ့ရင်း စိတ်ဝင်စားစွာရေးနေသည့် မြဒါလီသည် အပြစ်ကင်းသည့် ကလေးပမာ ချစ်စဖွယ် ကောင်းနေပြန်သည်။

"ဆရာ...ကော်ဖီနဲ့ မုန့် သုံးဆောင်ပါဦး"

အိမ်ဖော်မလေး လာချပေးသည့် ကော်ဖီနှင့် ကိတ်မုန့်များကို မြဒါလီက သူ့ရှေ့သို့ လက်နစ်ဖက်ဖြင့် ရိုရိုသေသေကိုင်၍ တိုးရွှေ့ပေးသည်။ သူခေါင်းညိတ်ပြသည်။ မြဒါလီဆိုသော မိန်းကလေးကို ကျက်သရေရှိစွာ၊ တည်ငြိမ်ယဉ်ကျေးအောင်၊ မြန်မာဆန်ဆန်အလှမျိုးဖြင့် တင့်တယ်အောင် သူတတ်နိုင်သလောက် ပြုပြင်မည်ဟု တွေးရင်း ချိုမြိန်သောပီတိဖြင့် ကြည်နူးနေမိတော့သည်။

"ဆရာက ဝတ္ထုလည်းရေးတယ်နော်"

"အင်း...."

"လုံးချင်းရောထုတ်လား.."

"ကြိုးစားနေတုန်းပါ..."

"ဆရာရေးတာ အချစ်ဝတ္ထုလား၊ ဒါလီကိုပေးဖတ်လေ"

"ဘဝသရုပ်ဖော်ပါ၊ နွေရာသီကျောင်းပိတ်မှ ဖတ်..."

"အဲဒီအချိန်ထိ မစောင့်ချင်ပါဘူး၊ ဆရာကသိပ်လျှို့တာပဲ၊ အနှစ်ကြီးကြီးပြောမှ သိရတယ်..."

"ခုချိန်မှာ စာကို ဦးစားပေးရမယ်၊ တခြားဟာတွေခေါင်းထဲမထည့်နဲ့"

"တခြားစာအုပ်တွေကျတော့ ဆရာကအတင်းဖတ်ခိုင်းပြီး"

"အဲဒါတွေက စာစီစာကုံးအတွက် အထောက်အကူပြုတယ်လေ၊ အဲဒီစာအုပ်တွေ ဖတ်ပြီးပြီလား.."

"ဒဂုန်နတ်ရှင်ရဲ့ စာပေဝတ်ဆံ(၇)တော့ ဖတ်ပြီးပြီ၊ မောင်သိန်းနိုင်နဲ့ သဘင်ဝန်ဦးနရေးတဲ့ နှစ်အုပ်တော့ မဖတ်ရသေးဘူး.."

မြဒါလီက နှုတ်ခမ်းစူစူနှင့် ပြန်ပြောသည်။

"ကဲပါ... စိတ်ကောက်မနေနဲ့၊ နောက်အပတ်လာရင် ယူခဲ့မယ်"

"တကယ်နော်"

"အေးပါ.."

"ကဲ... စကားပြေထဲက သောနတ္တရိုမုဆိုးနဲ့ ဆဒ္ဒန်ဆင်မင်းရှင်းမယ်၊ စကားပြေကို မရှင်းခင် နောက်ခံ ဇာတ်လမ်းလေးကို အရင်ရှင်းပြမယ်... နားထောင်..."

နေမင်းလျှံက ဦးပုညရေးသည့် ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဦးစွာရှင်းပြသည်။ အချစ်ကြီး၍ အမျက်ကြီးခဲ့သော စူဠသုဘဒ္ဒါ၏ အညီး၊ ဘုရားလောင်း ဆဒ္ဒန်ဆင်မင်း၏ သူရဲကောင်းနလုံးရည်နှင့် သည်းခံခွင့်လွှတ်မှုများကို ရှင်းပြလိုက်သည်။

"ဒါလီသာ စူဠသုဘဒ္ဒါနေရာဆိုရင် သူ့လိုပဲ လုပ်မိမှာပဲ"

"ဘယ်ကောင်းမလဲ၊ အမုန်းအညီးအာယာတဆိုတာ မီးလို ပူလောင်တယ်၊ နှစ်ဦးနှစ်ဖက် အကျိုးမဲ့စေတယ်။ ဒါလီရဲ့။ သူတော်ကောင်းတွေရဲ့ နလုံးရည်ကို အတုယူပြီး ကျင့်ကြံနိုင်အောင် ကြိုးစားရမယ်၊ အဲဒါမှ မြင့်မြတ်တဲ့လူ.."

"ဆရာဆိုရင်ရောကော..."

"ဆရာကတော့လေ သာမန်မဖြစ်ချင်ဘူး၊ သာမန်ထက်ထူးခြားမွန်မြတ်သူပဲ ဖြစ်ချင်တယ်..."

"ဒါဖြင့် ဆရာက ဆရာ့ချစ်သူကို အသက်ပေးပြီး စွန့်လွှတ်သည်းခံမယ်ပေါ့..."

"သည်းခံခြင်း၊ စွန့်လွှတ်ခြင်းရဲ့ အရင်းအနှီးက ကြီးမားသလောက် အောင်မြင်မှု အကျိုးတရားကလည်း ကြီးမားတယ်လေ၊ သည်းခံခြင်းဟာ အောင်မြင်ခြင်းပဲပေါ့"

"ဆရာ့ကို ပိုပြီးလေးစားသွားပြီ..."

"ဘာကြောင့်.."

"အောင်မြင်မှု အစစ်အမှန်ရဲ့ သော့ချက်ကို ပြောပြလို့ပါ..."

"ဒါလီ ဉာဏ်ထက်သားပဲ၊ ဘဝလောကခံအတွက်ပဲဖြစ်ဖြစ် နလုံးသားလောကခံအတွက်ပဲဖြစ်ဖြစ်၊ မြင့်မြတ်ကြံ့ခိုင်တဲ့ နလုံးရည် ရှိဖို့လိုတယ်.."

"ဟင်..မြဒါလီ..အချိန်မတော်"

"ဆရာ အိပ်မပျော်ဘူး မဟုတ်လား.."

"အိပ်နေပြီ..."

"မညာပါနဲ့ဆရာ...ဆရာ့အသံက အိပ်ချင်မူးတူးအသံ မဟုတ်ဘူး"

"ဘာကိစ္စရှိလဲ..ပြောလေ"

"သန်ဘက်ခါ ဆရာလာရင် ဆရာ့ဝတ္ထုတွေပါတဲ့မဂ္ဂဇင်းစာအုပ်တွေ ယူခဲ့နော်"

"ယူခဲ့မယ်...ဒါပဲမဟုတ်လား.."

"ဆရာ့ကို ဒါလီ သတိရနေတယ် ဒါပဲနော်...."

နေမင်းလျှံသည် ဖုန်းခွက်ကို ကိုင်းရင်း ငိုင်နေမိသည်။ မြဒါလီ၏ မရိုးသားမှုကို သူမမြင်ချင်၊ မကြားချင်။ မြဒါလီ၏ ပညာရေးခရီးတွင် သူသည် ဆူးတစ်ခက်မဖြစ်ချင်။ နေတစ်စင်းအဖြစ်သာ အလင်းဆောင်ချင်သည်။ သူဖုန်းခွက်ကိုချရင်း လေးကန်သည့် ခြေလှမ်းများဖြင့် အိပ်ခန်းသို့ ဝင်ခဲ့လေသည်။

ရင်းနှီးမှုတွေက အဖြူရောင်နယ်နိမိတ်ကို စည်းကျော်ရန် မြဒါလီဘက်က တာစူလာသည့်အခါ နေမင်းလျှံ သတိတမ်၊ ဉာဏ်မြေကတုတ် လုပ်ရတော့သည်။ သတိလက်လွတ် ၄က်တောင်ကျွတ် အဖြစ်မခံနိုင်၊ နေမင်းလျှံသည် သတိမဂ္ဂိုဏ်ကို ကြံ့ကြံ့ခိုင်ထားသည်။ သူ၏ရည်မှန်းချက်သည် သူ့တာဝန်ကို အပြစ်ကင်းစွာ ကျေပွန်ရန်၊ ယင်းနောက် မြဒါလီ သူသင်ပေးသည့်ဘာသာရပ်တွင် ထူးချွန်စွာ အောင်မြင်ရန် ဒါပဲဖြစ်သည်။ သူ့နလုံးသားတွင် ရာသက်ပန်စိုးမိုးနေမည့် ဖြူစင်သည် သူ၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူသာတည်း။ သို့သော် မြီးကောင်ပေါက်မလေး ချစ်သွေးဆူစ မြဒါလီ၏ အပြုအမူ အပြောအဆို အမူအရာများက နေမင်းလျှံ၏ တည်ငြိမ်စွာ ကျောက်ချထားသည့် နလုံးသားရေပြင်ကို လှိုင်းကြက်ခွပ်များ ထစေသည်မှာ အမှန်ပါ။

နေမင်းလျှံသည် မြဒါလီအား ဆရာတပည့်ဆက်ဆံရေးတည်းဟူသော ဖြူစင်သည့်အရာကို မီးမောင်းထိုးပြရင်း ချော့တစ်ခါ၊ ခြောက်တစ်လှည့်၊ မြှောက်တစ်ခါ နှိမ်တစ်လှည့်ဖြင့် ရိုးသားသော ဆက်ဆံမှု ပုံသဏ္ဌာန်ကို သက်ဆိုးရှည်အောင် ကြိုးပမ်းရသည်မှာ ကိုယ်ရောစိတ်ပါ ပင်ပန်းလှသည်။ လူကြီးမိဘတို့၏ ယုံကြည်အားကိုးမှု၊ အထင်ကြီးလေးစားမှုတွေကို နေမင်းလျှံက သဲထဲရေသွန်အဖြစ်မခံနိုင်။ အပျိုစင်လေး၏ စိတ်ကစားမှု၊ ချွဲနွဲ့မှု၊ အနိုင်ယူလိုမှု၊ မျှော်လင့်မှု၊ ရေလာမြောင်းပေးမှုများအပေါ် စိတ်လှုပ်ရှားမှုကလွဲလို့ ဟော့ညံ့သာယာစွာ ဒူးထောက်အရှုံးမပေးခဲ့။ အဓိကကျသူ နေမင်းလျှံကိုယ်တိုင် သူ့စိတ်သူနိုင်ရန် သံပတ်တင်းရာတွင် ယခင်က နာရီဝက်သာ တရားထိုင်ရာမှ ယခုတစ်နာရီတိုးထိုင်ရင်း သမာဓိကို ခိုင်မာစွာ တည်ဆောက်ခဲ့သည်။ တစ်ခါသေဖူး၊ ပျဉ်ဖိုးနားလည်ဆိုသလို အချစ်၏လောကခံတရားကို ပြင်းထန်စွာ သေလုမြောပါး ခံစားခဲ့ရဖူးသည့် သူ့နလုံးသားကို ဒုတိယအကြိမ် မီးသင့် အလောင်မခံနိုင်တော့။ ဘဝတရား၊ ကိလေသာတို့၏ ပူပြင်းလောင်မြိုက်မှုများကို သူကိုယ်တိုင်သာမက မြဒါလီကိုလည်း မခံစားစေချင်။

မျက်ရည်သောက ပရိဝေဒတို့၏ သားကောင်မဖြစ်စေလို၊ ကျေးကျွန်မဖြစ်စေလို၊ တဏှာရာဂ၏ လှည့်စားချက် မာယာကွန်ရက်များကို ပညာသတိဖြင့် သူပိုင်းဖြတ်ခဲ့သည်။

သူတွင် ဘာဝနာပါရမီ ရင့်သန်ခဲ့သည်ကို မိဘနှစ်ပါး တိမ်းပါးခဲ့သည့် သူဆယ်တန်းနှစ် စာမေးပွဲဖြေအပြီး တစ်လခန့်ရဟန်းပြုခဲ့စဉ် အတွေ့အကြုံတွေက သက်သေရှိခဲ့ဖူးသည်။ ရဟန်းဝတ်မှ လူထွက်သည့်အခါ နေ့စဉ်နာရီဝက် သူတရားထိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သည့်အတွက် နေမင်းလျှံသည် သတိပဋ္ဌာန်၏ အနှစ်သာရ တရား၏အရသာကို ကောင်းစွာလေးနက် သံမှိုနက်သလို စွဲမြဲခဲ့ပြီဆိုတော့လည်း မြဒါလီအချောအလှ၏ အနန္တမာယာအဖြာဖြာကို သူကောင်းစွာ ဖယ်ရှားနိုင်ခဲ့ခြင်းသည် ဆန်းတော့မဆန်းပါ။ သတိလည်းမရှိ၊ ပညာလည်းမပါ၊ ဘာဝနာလည်း ကျင့်ကြံထားခဲ့သူ မဟုတ်ခဲ့ပါလျှင် မြဒါလီ၏ ချိုသာမိန့်မူးဖွယ်သော အချစ်ကွန်ရက်အတွင်း လျင်မြန်စွာသက်ဆင်း ငြိတွယ်သွားမည်မှာ ဇကန်အမှန်။

ယခုမူ သူ၏တည်ကြည်ရဲရင့်သည့် သမာဓိ၊ ဖြူစင်အပြစ်ကင်းသည့် စေတနာ၊ ခိုင်မာမြဲမြံသည့် ရည်မှန်းချက်များကို ဉာဏ်ပြေးသော မြဒါလီကလည်း အကင်းပါးစွာ သုံးသပ်နားလည်သည်မို့ သူ၏ မလျော့မတင်း စောင်းကြိုးညှင်းပမာ ပြုမူဆက်ဆံမှုများအပေါ် မြဒါလီကလည်း အလိုက်သင့် အလျော့အတင်းဖြင့် အကဲကြည့်၍ နေလေသည်။ နေမင်းလျှံဘက်က မျှော်လင့်ချက်ပေးခြင်းမဟုတ်ပါဘဲ၊ မြဒါလီ၏ တစ်ဖက်သက်အချိန် ကန့်သတ်ချက်သည် သူမ၏ ရည်မှန်းချက်ပြည့်ဝမည့် အောင်စာရင်းများထွက်မည့်ကာလဖြစ်ကြောင်း၊ သူမဘက်က အတိအလင်းဖွင့်ဆိုခဲ့သည်။

နေမင်းလျှံက မြဒါလီကို နားလည်သည်။ တဒင်္ဂစိတ်လှုပ်ရှားမှုကြောင့်ဖြစ်စေ၊ သစ္စာဖြင့် မွမ်းမံသော မေတ္တာစိတ်ဖြင့်ဖြစ်စေ မြဒါလီ၏အချစ်ကို သူ့ရင်ထဲက အသိအမှတ်ပြုခဲ့မိသည်။ အရှက်တရား၊ အကြောက်တရားကို အခြေခံထားသည့် မိန်းကလေးတစ်ဦး၏ တစ်ဘက်သက်အချစ်အတွက် ခံစားချက်များကို မထိမ့်မြင် မပြုရက်နိုင်လောက်အောင် လေးနက်သည်၊ ပြင်းထန်သည်ဆိုကြောင်းကို မြဒါလီ၏ ရုပ်လွှာပေါ်တွင် မျက်ဝန်းပေါ်တွင် မြင်တွေ့ရတိုင်း နေမင်းလျှံ စိတ်မကောင်းဖြစ်ရပါသည်။ လူကြီးမိဘတို့၏ ယုံကြည်မှုသည် သူတို့နှစ်ဦးအတွက် လွတ်လပ်သော အခွင့်အရေးတစ်ခုကိုဖြစ်စေခဲ့သည်။ သည်အခွင့်အရေးကို နေမင်းလျှံသည် မည်သည့်အခါမျှ အလွဲသုံးစားမလုပ်ခဲ့။ တစ်ကြိမ်တွင် မြဒါလီပေါက်ကွဲသည်။ စာကြည့်စားပွဲမှထရင်း အခန်းထဲရှိ နှစ်ယောက်ကုလားထိုင်တွင် သွားထိုင်ရင်း တရှုပ်ရှုပ်ငိုနေသည်။ နေမင်းလျှံ မျက်လုံးဝိုင်းသွားမိသည်။ သူလည်း စာကြည့်စားပွဲမှထရင်း မြဒါလီအနီးတွင် ဝင်ထိုင်ရင်း ဘာလုပ်ရမှန်းမသိ၊ ဘာပြောရမှန်းမသိ၊ ဒါလီက မျက်ရည်ပေါက်ပေါက်ကျရင်း သူ့ကို ရန်တွေ့သည်။

"ဆရာ..သိပ်ရက်စက်တယ်၊ ဒါလို့အချစ်ကိုအသိအမှတ်မပြုဘူး၊ ဒါလို့မေတ္တာကို ဥပေက္ခာပြုတယ်။ မသိကျိုးကျွံပြုတယ်။ ဒါလီ.. သိပ်ဝမ်းနည်းတာပဲ..သိလား"

"ဒါလီ..."

သူသည် စိတ်မကောင်းဖြစ်ရင်း ဒါလီ၏ ဘယ်ဘက်ပခုံးကို ကိုင်ရင်းနှစ်သိမ့်မည်ပြုစဉ်၊ မြဒါလီသည် သူ့ရင်ခွင်သို့တိုးဝင်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေတော့သည်။ ရုတ်တရက်မို့ သူ့ရင်သည် လှုပ်ခါသွားသည်။ နူးညံ့သော အထိအတွေ့နှင့် မွှေးပျံ့သောရနံ့များက သူ့စိတ်ကို လှည့်စားလွှမ်းမိုးရန် တိုးဝင်လာစဉ်မှာပင် သူသည် သတိတရားဖြင့် အချိန်မီဖြတ်တောက်လိုက်သည်။ ဒါလီပခုံးနှစ်ဘက်ကို ကိုင်ကာ သူ့ကိုယ်မှ ခွာပစ်လိုက်သည်။

"ဒါလီ..ဆရာပြောမယ်...နားထောင်၊ ဒါလို့မိဘတွေရဲ့မျှော်လင့်ချက်၊ ဒါလို့ရည်မှန်းချက်၊ ဆရာ့စေတနာတွေကို ဦးစားပေးရမယ်လေ...ခံစားချက်တွေကို ခဏဘေးဖယ်ထားပါ။ ဆရာ့ကို လေးစားရင် ဆရာ့စကားကို နားထောင်ပါ။ မျက်နှာသွားသစ် ပြီးရင် စာကြည့်စားပွဲကို လာခဲ့"

ဒါလီခေါင်းညိတ်သည်။ သူစာကြည့်စားပွဲသို့ ထလာခဲ့သည်။ ဒါလီမျက်နှာသစ်ပြီးပြန်ရောက်လာသည်။

"မျက်ရည်ဆိုတာ အနတ်လက္ခဏာ၊ အရှုံး၊ ဆရာ့တပည့်ဟာ ဆရာ့လို ဒေါင်ဒေါင်မြည်တဲ့ သံမဏိစိတ်ဓာတ်မျိုး ရှိရမယ်။ ဒေါင်ကျကျ ပြားကျကျ ဘဝရည်မှန်းချက်ကို ဘယ်တော့မှ အပျက်မခံရဘူး...နားလည်လား"

"ဟုတ်ကဲ့..."

သူနှင့် မြဒါလီတို့၏ အားပြိုင်မှုတွင် သူနိုင်ခဲ့သည်။ ကောင်းသောနိုင်ခြင်းပါ။ သူ့စေတနာကို တစ်ချိန်ကျလျှင် မြဒါလီ နားလည်ပါလိမ့်မည်။

တဖြုတ်ဖြုတ်ကုန်ဆုံးသွားသည့် အချိန်ရွက်ဝါများနှင့်အတူ မြဒါလီတို့စာမေးပွဲလည်း ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ ကောင်းသောအကျိုးဆက်အဖြစ် မျှော်လင့်နိုင်သော မြဒါလီ၏ အခြေအနေအတွက် အားလုံးဝမ်းသာ နေကြသည်။ ကာယကံရှင်၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ဆန္ဒ၊ စိတ်ဓာတ်တို့နှင့်အတူ ဆရာကောင်းတပည့် ပန်းကောင်းပန် ပါလိမ့်မည်။ သည့်အတွက် နေမင်းလျှံရင်ထဲတွင် ပေါ့ပါးလန်းဆန်းခဲ့ရသည်။ သူ တာဝန်ကျေခဲ့ပြီ။ သူ့ဘဝအတွက် အရေးကြီးဆုံးသော ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် အချိန်ကျရောက်ခဲ့ပါပြီ။ ပါရမီရှင်တို့၏ လားရာသည် လေးညှို့မှ ပစ်လွှတ်လိုက်သည့်မြှားတစ်စင်းနယ် ဖြောင့်မတ်လှပေသည်တကား။

*နေဝင်တော့မည်...မြဒါလီ*

လမ်္ဂေါ်ရောင်နေဝန်းကြီးဟာ အနောက်ဘက်မိုးကုတ်စက်ဝိုင်းဆီမှာ တရွေ့ရွေ့ နစ်မြုပ်နေပြီပေါ့။ ရောင်စဉ်ဖြာနေတဲ့ မိုးကောင်းကင်ကြီးဟာ သက်တန့်ရောက်စုံတံတားပေါ်မှာ နောက်ဆုံးထွက်သက်အတွက် အားယူ ကြိုးပမ်းနေဆဲ။ အိပ်တန်းပြန် ငှက်ကလေးတွေဟာ ကြေကွဲသီချင်းတစ်ပုဒ်ကိုဆိုညည်းလို့ နေရာဟောင်းဆီကို ပျံသန်းနေကြတယ်။ နေမင်းကြီးရဲ့ဝတ်ရုံဟာ တဖြည်းဖြည်း အရောင်မွဲလာပြီ။ လမ်္ဂေါ်ရောင်အလင်းတန်း လဲ့လဲ့လေးဟာ မဟူရာကတ္တိပါကားလိပ်ကို အံတုမောင်းမဲလို့။ နေ့တစ်နေ့ဟာ နေထွက်ချိန်ဆိုတာရှိသလို နေဝင်ချိန်ဆိုတာလည်း ရောက်လာစမြဲပါပဲ။

လူ့ဘဝကြီးဟာလည်း နေဝင်ဆည်းဆာ ပန်းချီကားတစ်ချပ်လိုပါပဲ မြဒါလီ။ **ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏တဲ့။ နှနယ်အဆင်း ပျိုမြစ်ခြင်းလည်း အိုမင်းနောက်ဆုံးရှိချေ၏** တဲ့၊ ကာမဘုံသား လောကသားတွေအားလုံး အိုခြင်း၊ နာခြင်း၊ သေခြင်းနဲ့ အဆုံးသတ်မယ့်ဘဝမှာ ဓားသွားပေါ်က ပျားရည်တစ်စက်နဲ့တူတဲ့ ကိလေသာတွေကို လောဘ၊ ဒေါသ၊ မောဟတရားတွေနဲ့ သတိလက်လွတ် ငှက်တောင်ကျွတ်စွာ ရမက်အာသာငမ်းငမ်း မျက်စိကန်းခဲ့ကြတယ်။ အဝိဇ္ဇာအသိမှားမှုနဲ့ ကိလေသာတပ်မက်မှု အစွန်းနှစ်ဖက်မှာ ငါမဟုတ်တဲ့ ငါရုပ်တွေနဲ့ အတ္တ၊ မာန၊ ဒိट्ठि အဆိပ်တွေတက်ရင်း၊ သံသရာလည်နေလိုက်ကြတာ၊ ထိတ်လန့်စရာပါပဲ။

မီးဆယ့်တစ်မီးရဲ့ လောင်မြိုက်မှုကြားမှာ အကုသိုလ်တွေလုံးထွေးရင်း မျက်ရည်၊ သောက၊ ပရိဒေဝနဲ့ ပေါင်းဖက်နေကြပုံကလည်း စိတ်ပျက်စရာ ကောင်းလွန်းလှပါရဲ့ ဒါလီ....။ ဘာဝနာပါရမီ ရင့်သန်သူအဖို့ သံသရာလည်စေမှုရဲ့ ရေသောက်မြစ်ဖြစ်တဲ့ အဝိဇ္ဇာနဲ့ ကိလေသာတရားကို ရှဲရှာခဲ့ပြီး စက်ဆုပ်ခဲ့ပြီ၊ စိတ်ပျက်ခဲ့ပြီ။ သူတို့ရဲ့ရှေးရှေရာ၊ ရည်သန်ရာ၊ မျက်မှောက်ပြုရာဟာ ကုသိုလ်၊ အကုသိုလ် ဆိတ်သုဉ်းတဲ့၊ ဒုက္ခ၊ သုခ ချုပ်ငြိမ်းတဲ့၊ ချမ်းသာခြင်း အေးငြိမ်းခြင်းပဲ....မြဒါလီ။ ခုအချိန်မှာ ကိုယ်ဟာ ရုပ်နဲ့ နာမ်ကိုပဲ သိတော့တယ်။ ခန္ဓာအရှိကို ဉာဏ်အသိနဲ့ ကိုက်ညီရင်း ပညာစခန်း မဂ်လမ်းကို ရှေးရှုခဲ့ပြီ။ နေမင်းလျှံ၊ ဖြူစင်၊ မြဒါလီ ဆိုတဲ့ ပညတ်တွေလည်း မရှိတော့ဘူး။ အာရုံငါးပါးရဲ့ တံခါးချပ်တွေကိုလည်း သတိဆိုတဲ့ သော့နဲ့ ပိတ်လိုက်ပြီ။ သံသရာကို တိုရှင်းစွာ ဖြတ်တောက်နိုင်ရေးအတွက် လောကီ လူဘုံ၊ ကာမဂုဏ်တွေကို ကျော်ခိုင်းရင်း ဗုဒ္ဓဘာသာဝင်တွေရဲ့ အမြင့်မြတ်ဆုံး ကျင့်စဉ်နဲ့ သီလ၊ သမာဓိ၊ ပညာပြည့်စုံတဲ့ ဘုရားရဲ့သားတော်အဖြစ် ရာသက်ပန် ဘဝပြောင်းခဲ့ပြီဆိုရင် .....။

မြဒါလီ ..... ခွင့်လွှတ်နိုင်ကောင်းပါရဲ့...။

★ ★ ★ ★ ★

## ရိုးရိုးလေးပါပဲ

"အားလုံးကြားကြားသမျှ အမျှ...အမျှ...အမျှ....သာဓု..သာဓု..သာဓု" ဘွားနု၏ အမျှဝေသံကြားရသည့်ခဏာ နာရီကြည့်ဖို့မလို နံနက်ငါးနာရီမှန်း တန်းသိနိုင်ပေသည်။ ဘွားနုသည် ပုံမှန် နံနက်လေးနာရီဆို အိပ်ရာထစမြဲ၊ ဘုရားကန်တော့မြဲ။ ဘွားနု၏ နိစ္စဝတ္ထုဝတ္ထုပ်၊ အိပ်ရာဝင် အိပ်ရာထပြုမြဲဖြစ်သည့် ဘွားနု၏ကုသိုလ်ကောင်းမှုကို အကြောင်းပြုရင်း မလတ်တို့ မောင်နမသုံးဦးသည်လည်း ငယ်စဉ်တောင်ကျေးကလေးဘဝမှသည် ဒါန၊ သီလတို့ဖြင့် ထုံမွှမ်းရင်းနှီးခဲ့ရသည်။ မကြီး၊ မလတ်၊ မောင်ငယ်တို့ လူမမယ်အရွယ်ကပင် ဖတဆိုးဖြစ်ခဲ့ရာတွင် မိခင်ဖြစ်သူ ဒေါ်အေးခိုင်က ရင်အုပ်မကွာ ပြုစုစောင့်ရှောက်ခဲ့သည်။ ဘွားနု စုဆောင်းခဲ့သည့် ရွှေတိုရွှေစလေးများနှင့် အရင်းတည်ဖွင့်ခဲ့သည့် ကုန်စုံဆိုင်လေးက သူတို့မိသားစုကို အူမတောင့်စေခဲ့သည်သာမက မလတ်တို့ မောင်နမသုံးဦး၏ ပညာရေးကိုပါ ဖြည့်ဆည်းပေးနိုင်ခဲ့လေသည်။

ယခုဆိုလျှင် မကြီးက ဘွဲ့ရရန် တစ်နှစ်အလို၊ မလတ်က ဒုတိယနှစ်၊ မောင်ငယ်ကတော့ ဆယ်တန်းကျောင်းသား။ မိခင်ဒေါ်အေးခိုင်အဖို့ တစ်ဦးတည်းသော သမီးအဖြစ်နှင့် မိဘနှစ်ပါးက အရိပ်တကြည့်ကြည့်ထားကာ ရှေးခေတ် ဆယ်တန်းအောင်သည်နှင့် တက္ကသိုလ်မဝင်တော့ဘဲ သစ်တောအရာရှိလေး ကိုမျိုးဦးနှင့် လက်ဆက်ပေးခဲ့ခြင်းဖြင့် ရှေ့ရေးစိတ်အေးအောင် ဆောင်ကြဉ်းခဲ့ခြင်း ဖြစ်ပေသည်။ ကံမကောင်း အကြောင်းမလှ၍ မုဆိုးမဘဝ ရောက်ခဲ့သော်လည်း လင်တော်မောင်ရှာဖွေပေးခဲ့သည့် ငွေကြေးဖြင့် မိသားစုဘဝကို ထိန်းကျောင်း ရပ်တည်ခဲ့သည်။ မလတ်တို့ မောင်နမများကို ပညာအမွေ ပေးနိုင်ခဲ့ခြင်းအတွက် မိခင်တစ်ဦး၏ရင်၌ တိုင်းတာမရနိုင်သည့် ဝိတိသောမနဿကို ခံစားခဲ့ရပေသည်။

"မကြီး..မလတ်တို့..ထ ထ...ထမင်းချက်တော့၊ ဆွမ်းကပ်ရအောင်"

"ဟုတ်ကဲ့ပါ ဘွားနု...နိုးပါပြီ.."

မလတ်က ဘွားနကို အသံပြုရင်း မကြီးကိုနှိုးလိုက်သည်။ တစ်ဖက်ကုတင်တွင် မိခင်ဒေါ်အေးခိုင်က အိပ်ပျော်နေဆဲ၊ တစ်နေ့လုံးဆိုင်ထိုင်ရသည့် မိခင်ကြီး အိပ်ရေးဝဝ အိပ်ပါစေဟူသော စေတနာအသိဖြင့် အမေ့ကိုမနှိုး။ ည ၉ နာရီအထိ ဆိုင်ထိုင်၊ ဆိုင်နှင့်ပတ်သက်သည့် တိုလီမုတ်စအလုပ်တို့ဖြင့် ညည ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီမှ အိပ်ရာဝင်ရသည့် အမေ့ကို ညှာတာသည့်သဘော။ မကြီးက အဘိပ်ကြီးသူမို့ မလတ် အိပ်ရာမှထ၊ မီးမွှေး ဆန်ဆေး ထမင်းအိုးတည်ပြီးမှ မကြီးက အိပ်ရာထလေ့ရှိသည်။ မောင်ငယ်ကတော့ တစ်အိမ်လုံးတွင် အထူးအခွင့်အရေးရှိသူ။ ဆယ်တန်းကျောင်းသားလည်းဖြစ်၍ ကျောင်းစာကို အချိန်ပြည့်ကြည့်နိုင်ရန် မည်သည့်အိမ်တာဝန်မျှမပေး။ သို့သော် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မျိုးတွင် မကြီးနှင့် မလတ်တို့နှင့် တလှည့်စီ ဈေးဝယ်သည့် အလုပ်သာရှိသည်။ တခြား ဘာမှလုပ်စရာမလို။ ၆နာရီလောက်ဆိုလျှင် မကြီးကဈေးဝယ်ပြီး မလတ်က ထမင်းကြော်ရေနွေးတည်ရင်း၊ မကြီးကိုစောင့်ကာ မကြီးပြန်ရောက်သည်နှင့် ညီအစ်မနှစ်ဦး တက်ညီလက်ညီ ချက်ပြုတ်ကြော်လှော်တော့သည်။ ဘွားနက ဆွမ်း၊ ပန်း၊ ရေချမ်းကပ်ရင်း ဘုရားကန်တော့၊ မိခင်ဒေါ်အေးခိုင်က အိမ်ခြေရင်းဘက်တွင် ဆိုင်ဖွင့်၊ နံနက်စာအဖြစ် ထမင်းကြော်၊ ငါးခြောက်ကြော်၊ ကြက်ဥကြော်တို့ဖြင့် စားသောက်ကာ မောင်နမများ ထမင်းဘူးကိုယစီထည့်ရင်း ကျောင်းသွားကြလေသည်။ ဘွားနက ကော်ဖီနှင့် ဘိန်းမုန့်ကို မရိုးနိုင်စွာ စားသောက်သည်။

ဤသို့ဖြင့် သူတို့မိသားစု ဘဝလေးသည် အေးချမ်းစွာဖြင့် လည်ပတ်နေတော့သည်။ ဘွားနက ည ၇ နာရီတွင် ဘုရားကန်တော့ပြီး ၈ နာရီတွင် အိပ်ရာဝင်သည်။ တစ်ခါတစ်ရံ တရားခွေကို ကက်ဆက်နှင့်နာရင်း အိပ်ပျော်သွားတတ်သည်။ မကြီးနှင့် မလတ်က အမေ့ဆိုင်ကို တလှည့်စီကူရောင်းပေးသည်။ မောင်ငယ်ကတော့ ခြေညောင်းလက်ဆန့်ဆိုသလို လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် သွားထိုင်လေ့ရှိသည်။ ပြန်လာမှ စာကြည့်သည်။ တစ်ခါတစ်ရံ ဗွီဒီယို အခွေဌားကြည့်တတ်သည်။ သီချင်းခွေဖွင့်သည့်အခါ ဖွင့်သည်။ တစ်အိမ်လုံးတွင် သူကြောက်သည်က ဘွားန။ ဘွားနကပြောလျှင် ဝိဿလေးနှင့် ဘေးပစ်သလို အထိနာအောင် ပြောတတ်သည်။ ထိုအပြောမျိုးကို သူမခံချင်။ လူငယ်မာန်လေးဖြင့် ကလန်ကဆန်လုပ်လိုသော်လည်း ဘွားနစေတနာကိုသိနေ၍ ငြိမ်ခံနေတတ်ပေသည်။

ဒေါ်အေးခိုင်ကတော့ ဖတဆိုးသားမို့ အချစ်တွင် အကြင်နာဆင့်ကာ သားပြုသမျှ အကောင်းချည်းသာ ထင်နေသည်။ မကြီး၊ မလတ်ကလည်း အငယ်ဆုံးမောင်လေးအပေါ် အချစ်ပိုကြသည်။ ဖခင်ဆုံးတော့ မောင်ငယ်မှာ အခါလည်သားအရွယ်မို့ ဖအေကို မှတ်မှတ်ရရ မသိလိုက်ရရှာ။ သည့်အတွက် အမေနှင့်အစ်မများ၏ ကရုဏာကား အတိုင်းအဆမရှိကြီးမားခဲ့ရသည်။ ပင်ပင်ပန်းပန်းဆို၍ မည်သည့် အလုပ်ကိုမျှ မခိုင်းရက်ခဲ့။ သည်အရွယ်ထိ သူ့အဝတ်ကို သူမလျှော်ဖူးခဲ့ပေ။ အလုပ်ကို လက်ကြောတင်းတင်းမလုပ်ခဲ့ရသဖြင့်လည်း အလုပ်၏တန်ဖိုးနှင့် အနှစ်သာရကို နားမလည်ခဲ့ပေ။ ထို့ကြောင့်လည်း အမေနှင့် အစ်မတို့၏ အချစ်လွဲမှားမှုသည် ဘဝ၏အမှန်တရားကို သလ္လာဖုံးစေရင်း မောင်ငယ်အတွက် အမှားနှင့်နောင်တကို ဖြစ်စေခဲ့သည်။

၁၀ တန်းစာမေးပွဲကျခြင်းသည် နဂိုက စိတ်ပျော့သည့် မောင်ငယ်ကို တေလေဒုက်ဘဝ ရောက်စေခဲ့သည်။ အမေနှင့် အစ်မများက သည်နှစ်မအောင် နောက်နှစ်အောင်မည်ဟု အားပေးသည်။ ဘွားနကတော့ တည့်တိုးပြောသည်။ လက်ဖက်ရည်ဆိုင်တွင် အချိန်ဖြုန်း၍ စာမေးပွဲကျရခြင်းဖြစ်ကြောင်း၊ မောင်ငယ် ကိုယ့်အပြစ်နှင့် ကိုယ်မို့ မည်သူ့ကိုမျှ စကားမပြော၊ တစ်လင်ငွေနှစ်သောင်းဖြင့် အပြင်ကျူရှင် သင်တန်းတစ်ခု တက်ရင်း အိမ်တွင်မကပ်တော့။ ဒေါ်အေးခိုင်က သားကိုစိတ်ချမ်းသာမှုပေးသည့်အနေဖြင့် သားပူဆာသည့် ရွှေဆွဲကြိုးနှင့် လက်ပတ်ကြိုးတစ်ခု ဝယ်ဆင်လိုက်သည်။ အစ်မနှစ်ဦးက ကြည်ဖြူသော်လည်း ဘွားနက

သိပ်မကြည်။ မောင်ငယ်အခြေအနေက အားရစရာမရှိ။ လက်ဖက်ရည်ဆိုင်တွင် အနေများရင်း အပေါင်းအသင်းစုံလာသည်။ စီးကရက်တဖွာဖွာဖြင့် လူကြီးဂိုက်ဖမ်းလာသည်။ စာကို ဟုတ်တိပတ်တိမကျက်၊ ဟိုယောင်ယောင် သည်ယောင်ယောင်ဖြင့် အချိန်ဖြုန်းလာသည်။

သို့ဖြင့် ဒုတိယအကြိမ် စာမေးပွဲကျပြန်သည်။ ဒေါ်အေးခိုင် မျက်ရည်ကျရသည်။ အစ်မနှစ်ဦး သောကရောက်ရသည်။ ဘွားနကတော့ပြတ်သည်။ အလုပ်တစ်ခု လုပ်ဖို့တိုက်တွန်းသည်။ မောင်ငယ် စိတ်မဝင်စား။ သူစိတ်ဝင်စားသည်က သေမင်းတမန် ဘိန်းဖြူ။ ဘိန်းဖြူထည့်ထားသည့် စီးကရက်များ၏ မီးခိုးငွေ့အကြားတွင် စိတ်ကူးယဉ်အိပ်မက်များဖြင့် လေလွင့်ပျက်စီးခဲ့သည်။

တစ်လမ်းတည်းနေ စိုးနိုင်နှင့် အပေါင်းအသင်းဖြစ်ရင်း ဘိန်းဖြူသားကောင်ဘဝသို့ ကျရောက်ခဲ့ရသည်။ စိုးနိုင်မိဘများက စီးပွားရေးကိုသာ ရှေ့တန်းတင်ရင်း ဘုရင့်နောင်ပွဲရုံတွင် သူတို့ဘဝကို မြှုပ်နှံထားသည်။ သားသမီးလေးယောက်ကို ပညာပေးသည်ဆိုပေမယ့် ငွေပုံပေးထားလျှင် မိမိတို့တာဝန်ပြီးပြီဟု ယူဆထားကြသူများမို့ စိုးနိုင်တို့မောင်နှမများသည် တစ်မျိုးစီ ပျက်စီးနေသည်။ စိုးနိုင်က ဘိန်းဖြူစွဲနေသည်။ သူ့အောက်က ညီမက ဆယ်တန်း၊ ရည်းစားထားသည်။ အလတ်က ရှစ်တန်းကျောင်းသူ၊ ထွက်သမျှသီချင်းခွေ ဝယ်ရင်း အိမ်တွင် ကာရာအိုကေဖြင့် အချိန်ဖြုန်းသည်။

အငယ်မက ခြောက်တန်း၊ ပညာကို စိတ်မဝင်စား၊ အပျိုလုပ်ချင်နေပြီ။ အလှအပ ပစ္စည်းအမျိုးမျိုးကိုဝယ်ရင်း အားအားရှိ အလှပြင်နေသူဖြစ်သည်။ သူတို့ကိုအုပ်ထိန်းရသည့် အဒေါ်အပျိုကြီးနှစ်ဦးကို သက်ရှိအရုပ်များဟု သဘောထားရင်း ငွေပုံပေါ်တွင်ထိုင်ကာ မိုက်တွင်းနက်နေကြသူများ ဖြစ်သည်။ စိုးနိုင်နှင့်မောင်ငယ်၊ သူတော်ချင်းချင်း သတင်းလွှဲ့လွှဲ့ ပေါင်းဖက်မှ့ရင်း စိုးနိုင်တို့တိုက်တွင် စတည်းချကာ နှစ်ဦးသား နဂါးငွေ့တန်း အိပ်မက်များကို ဖန်ဆင်းပျော်မွှေ့နေတော့သည်။ စိုးနိုင်အိမ်တွင် စာသွားကျက်သည်ဆိုသည့် အကြောင်းပြချက် အပေါ် မိခင်ဒေါ်အေးခိုင်က အကြွင်းမဲ့ယုံစားရင်း သားပညာရေးစရိတ် တစ်လ သုံးသောင်းခန့်ကို မရမနေ ရှာဖွေ နေရတော့သည်။

မကြီးလည်း ဘွဲ့ရပြီး ဖခင်အလုပ်လုပ်ခဲ့သော ဌာနတွင် ကံအားလျော်စွာအလုပ်ရရင်း မိသားစုကို အထောက်အကူပြုခဲ့သည်။ မလတ်လည်း နောက်ဆုံးနှစ်ရောက်ပြီမို့ သမီးနှစ်ယောက်အတွက် စိတ်အေးရ သော်လည်း သားမောင်ငယ်အတွက်မူ သောကတွေ ဆူဝေရင်း နေ့ည သံသရာလည်ပတ်ခဲ့ရလေသည်။

"ဒေါ်အေးခိုင်ကို ကိုယ့်ရပ်ကွက်သားချင်းမို့ သတိပေးရဦးမယ်"

အိမ်နီးချင်း ဖောက်သည်တစ်ဦးဖြစ်သည့် ဒေါ်မြကြည်က အထူးအဆန်းပြောလာ၍ အာလူးချိန်နေသည့် ဒေါ်အေးခိုင် မျက်လုံးအဝိုင်းသားနှင့် ဒေါ်မြကြည်ကို ကြည့်ရင်း မေးလိုက်သည်။

"ဘာများပါလိမ့် အကြည်...ပြောစရာရှိတာပြောပါ။ အားမနာပါနဲ့"

"မောင်ငယ်လေ.. ဟိုလမ်းထိပ်က ပါဂျယ်ရှိကားစီးနေတဲ့ ဦးစိုးဝင်းသား စိုးနိုင်နဲ့ အပေါင်းအသင်း ဖြစ်နေတဲ့ကိစ္စလေ..."

"သိတယ်အကြည်... သားက သူတို့အိမ်မှာ စာသွားသွားကျက်တယ်လေ..."

"စိုးနိုင်က ဆေးခြောက်ရှူလို့လား... ဘိန်းဖြူရှူလို့လားမဆိုနိုင်ဘူး...။ အဲဒီကိစ္စနဲ့ ကျောင်းထုတ်ခံထားရတာလေ.. တော်ကြာ မောင်ငယ်ပါ အပေါင်းအသင်းမှားရင်း ဘိန်းဖြူစွဲနေမှာစိုးလို့၊ စိုးနိုင်ညီမတွေကလည်း စပ်စလူးမတွေ၊ ယောက်ျားဆို ငမ်းငမ်းတက်ဖြစ်နေတာမျိုး၊ တော်ကြာ မတော်တရော်တွေဖြစ်နေမှာစိုးလို့၊ ဦးစိုးဝင်းဆိုတာကလည်း ငွေရဖို့လောက်ပဲသိတာ၊ သားသမီးတွေကို ပြန်လှည့်ကြည့်တာမဟုတ်ဘူး... သူ့သားသမီးတွေက အိမ်မှာထင်တိုင်းကြဲနေကြတာကလား... အဒေါ်တွေကိုလည်း မကြောက်ဘူး"

"ဒါဆို... သားကိုသတိပေးဦးမှပဲ၊ ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်..အကြည်၊ ဒါနဲ့ ဒီသတင်းဘယ်လိုကြားလဲ"

"ဈေးသွားရင်း စိုးနိုင်အဒေါ်နဲ့ ကျွန်မကဆုံနေကျလေ၊ သူကရင်ဖွင့်လို့ သိရတာပေါ့"

"ဟုတ်ကဲ့အကြည်... သမီးတို့ကလည်း ကျောင်းနဲ့ရုံး မအားကြဘူး၊ ကျွန်မကလည်း ဈေးဆိုင်တစ်ဖက်နဲ့မို့ အလုပ်ကများသား၊ အကြည့်ကို ကျေးဇူးတင်ပါတယ်"

"အေးလေ...မောင်ငယ်က ရိုးရိုးအေးအေးနေတတ်တာမဟုတ်လား၊ လူပေါင်းမှားပြီးဒုက္ခရောက်မှာ စိုးလို့ပါနော်...ကဲ..ဟင်းချက်အမီ ပြန်ဦးမယ်"

"ဟုတ်ကဲ့ပါ... မောင်ငယ်နဲ့တွေ့လည်း ဆုံးမပါ အကြည်"

"အေးပါ...ပြောပါ့မယ်"

ဒေါ်မြကြည်ပြန်သွားတော့ ဒေါ်အေးခိုင်ရင်ထဲတွင် မွန်းကျပ်ကျန်ခဲ့လေသည်။

ညဘက်တွင် ဒေါ်အေးခိုင်တို့ သားအမိချင်းပြဿနာတက်တော့သည်။

"အမေ့ကို ဘယ်သူက အတို့အထောင်လုပ်တာလဲ"

"ဈေးဆိုင်ပဲသားရယ်...ဒီလမ်းထဲကသူတွေ ဈေးလာဝယ်ရင်း သူတို့ကြားတာကို စေတနာနဲ့ အသိပေးတာပဲ... သားဆင်ခြင်ဖို့ပြောတာပါ"

"ဘာလဲ...ဆွဲကြိုးအဖြတ်ခံရတာကိုလည်း ဆေးရှူလိုက်တာလို့ ရန်တိုက်ခဲ့သေးတယ် မဟုတ်လား"

"သားဆွဲကြိုးအဖြတ်ခံရတာကို သူတို့မသိကြပါဘူး...အမေကရော အဲဒီကိစ္စ သားကိုဆူဖူးလို့လား... ငွေငါးသောင်းလောက်တန်တာ... အမေနမြောတာပေါ့.. ဒါပေမဲ့ သားကို မဆူရက်ဘူး.. သား စိတ်ညစ်မှာစိုးလို့"

"ခင်ဗျားကြီး ဒီဟန်းချိန်းကိုလည်း စိတ်ပူနေတယ်မဟုတ်လား၊ ကျေပ်သိတယ်၊ ပြန်ယူချင်ယူ၊ ဒါမဝတ်ရလည်း အကြောင်းမဟုတ်ဘူး"

"မောင်ငယ်၊ နင်အမေ့ကို ခင်ဗျားကြီးလို့ မခေါ်နဲ့။ အဲဒီစိုးနိုင်နဲ့ပေါင်းမှ နင်မိုက်ရိုင်းနေတာ၊ ငါမပြောချင်လို့ ကြည့်နေတာ သိလား..."

"သမီးလတ်..တော်စမ်း၊ ဝင်မပါနဲ့"

ဘွားနက ကွမ်းဝါးမပျက် နားစွင့်နေသည်။ မကြီးကတော့ စိတ်မကောင်းစွာငိုင်နေမိသည်။

"လူတွေ တစ်ယောက်မှမကောင်းဘူး၊ စာမေးပွဲကျတာနဲ့ အထင်အမြင်သေးလိုက်တာ၊ မြေကြီးထဲကို ရောက်နေရသလိုပဲ"

"သားရယ်... လူတွေကို အပြစ်မတင်ပါနဲ့။ မခံချင်စိတ်နဲ့ ကြိုးစားလိုက်ပေါ့။ သားက ဉာဏ်ကောင်းပြီးသားပဲဟာ"

"တော်ဗျာ၊ အဲဒီစကားတွေ မကြားချင်ဘူး"

"သားမကြားချင်ရင် မပြောတော့ပါဘူး၊ ဒါပေမဲ့ အမေနောက်ဆုံးတစ်ခုတော့ပြောချင်တယ်၊ အမေတို့ စေတနာမေတ္တာတွေကိုတော့ နားလည်စွာ တုံ့ပြန်ပါ။ စိတ်ဆင်းရဲမှု မပေးပါနဲ့"

"တော်စမ်းပါ၊ စေတနာတွေ၊ မေတ္တာတွေ၊ လောကပါလတရားတွေ၊ အားလုံး အချုပ်အနှောင်တွေချည်းပဲ။ နားခါးတယ်၊ မကြားချင်ဘူး"

"မောင်ငယ်၊ နင်ရှုးနေပြီလား၊ အမေဆုံးမတာကို နားမထောင်နိုင်အောင် နင့်မှာ အမှောင်ဖုံးနေပြီ"

မလတ်က မခံနိုင်၍ဝင်ပြောသည်။ အမေက လက်ကာပြသည်။

"တော်ပြီ၊ နားညည်းတယ်၊ သည်အိမ်မှာ နေတောင်မနေချင်တော့ဘူး"

မောင်ငယ်က ပြောပြောဆိုဆို အိမ်ပေါ်ကဆင်းသွားသည်။ မျက်ရည်ဖြိုင်ဖြိုင်ကျရင်း ကျန်ခဲ့သူက ဒေါ်အေးခိုင်။ ဘွားနက ကွမ်းတံတွေးကို ပြစ်ခနဲထွေးရင်း ပြောတော့သည်။

"ညည်းသားကတော့ အမိုက်အမဲ လုံးလုံးဖြစ်နေပြီ။ လူစိတ်ပျောက်နေပြီ။ ညည်းငိုနေလည်း အပိုပဲ၊ မျက်ရည်ခံထိုးပြီး ရှင်းလို့ရမယ့် ပြဿနာမဟုတ်ဘူး၊ ဆွဲကြိုးကိစ္စလည်း လိမ်ပြောတာဖြစ်ရမယ်။ ငါအကုန်သိတယ်၊ မပြောချင်လို့... ဟင်း...."

"အမေရယ်...သမီးကုသိုလ်ဆိုးပါတယ်။ သားယောက်ျားလေးမို့ အားထားရမလားလို့ မျှော်လင့်မိပါတယ်၊ ခုတော့ သဲထဲရေသွန်....."

"သမီးလည်း အမေစိတ်မကောင်းမှာစိုးလို့ မပြောခဲ့တာ၊ ဟိုတလောက ရုံးကအပြန် သူ့ကျူရှင်သင်တန်းမှာ ဝင်စုံစမ်းတာ၊ ကျူရှင်လာမတက်တာ နှစ်လရှိပြီလို့ ပြောတယ်။ အဲဒီငွေတွေ သူဘာလုပ်ပစ်သလဲမသိဘူး..."

မကြီးကဝင်ပြောပြန်သည်။ ဘွားနက ငြိမ်၍နားထောင်နေသည်။ ဒေါ်အေးခိုင်ရင်ထဲတွင် သောကတွေ ဆင့်ရင်း၊ ပူလောင်၍နေလေသည်။ ထိုညက ဒေါ်အေးခိုင် သွေးတိုးရောဂါထ၍ မကြီးနှင့် ဆေးခန်းသွားရသည်။ မောင်ငယ်က ညဆယ်နှစ်နာရီမှ အိမ်ပြန်လာသည်။

ဘွားနသည် မြေးမကြီးအတွက် ရည်စူးထားသည့် စိန်လက်စွပ်ပျောက်ဆုံးမှုအတွက် တရားခံမည်သူ ဆိုသည်ကို ဗေဒင်မေးစရာမလိုအောင် သိပြီးဖြစ်သည်။ သူမွေ့ရာခေါင်းရင်းတွင် အိတ်ငယ်လေးတစ်လုံးဖြင့် ထည့်ချုပ်ထားခြင်းဖြစ်သည်။ သူဥပုသ်စောင့်ရန် ဓမ္မာရုံသို့ သွားနေသည့်အချိန် အတွင်းရန်သူက အလစ်သုတ်သွားခြင်းဖြစ်သည်။ ကွမ်းအစ်ထဲက လက်ကောက်တစ်ရံတော့ ကျန်ခဲ့သည်။ ကွမ်းရွက်တွေ အထပ်ထပ်ဖုံးထားခြင်းမို့ ပစ္စည်းထည့်ထားမှန်း တော်ရုံမသိနိုင်။ ကွမ်းအစ်ဆိုတော့လည်း ထင်စရာမရှိ။ ဘွားနက တရားနလုံးရှိသူဖြစ်သည်။ လက္ခဏာရေးသုံးပါးဖြစ်သည့် အနီစွ၊ ဒုက္ခ၊ အနတ္တဖြင့် ဆင်ခြင်ရှုပွားရင်း မိမိ၏ ဗျာပါဒကို ဖြေသိမ့်လိုက်သည်။ သူခိုးဖြစ်နေသော မောင်ငယ်၏အဖြစ်မှန်ကို ဦးစွာစုံစမ်းရမည်။ ပြီးလျှင် လုပ်သင့်သည်ကို လုပ်ရန် စိတ်နလုံး ဒုံးဒုံးချလိုက်သည်။ လက်စွပ်ပျောက်သည့် ကိစ္စကို သမီးကိုလည်းမပြော၊ မြေးမနှစ်ဦးကိုလည်း မပြောတော့။ ရေငုံနှုတ်ပိတ်နေလိုက်သည်။ တစ်ည ဘွားနတစ်ရေးနိုးစဉ် မကြီး၏ငိုသံ၊ မလတ်နှင့် ဒေါ်အေးခိုင်တို့၏ တီးတိုးစကားသံများကို သူကြားခဲ့သည်။ စိတ်မကောင်းသော်လည်း သူမအံ့ဩတော့။ သူခြင်ထောင်ထဲတွင် ငုတ်တုတ်ထိုင်ရင်း စကားသံများကို နားစွင့်လိုက်သည်။

"သမီးငွေစုငွေချေးက ချေးတဲ့ငွေနှစ်သောင်း အိပ်ရာအောက်မှာထားခဲ့တာ မရှိတော့ဘူး..အမေ၊ အဖေ့အတွက် ဘုန်းကြီးဆွမ်းကပ်ဖို့ ရည်စူးထားပြီး ရုံးကချေးခဲ့တာ..."

"ဟိုကောင့်လက်ချက်ပဲ ဖြစ်မှာပေါ့..."

"သမီးရယ်.. ညကြီးမင်းကြီး ရန်တွေဘာတွေဖြစ်နေပါဦးမယ်... မပြောပါနဲ့မလတ်ရယ်...။ ညည်းအဘွားကြားရင် စိတ်မကောင်းဖြစ်နေပါဦးမယ်... မနက်ကျမှအမေသားငယ်ကို ချော့မေးကြည့်ပါဦးမယ်ကွယ်"

"ဟိုနေ့ကလည်း အမေ့ကို မလတ်ဆိုင်ခင်းပေးတော့ စီးကရက်တောင့်တွေ၊ အချိုမှုန့်ထုပ်ကြီးတွေ၊ နို့ဆီဘူးတွေ လျော့နေတယ်။ ညဘက် သမီးကိုယ်တိုင်သိမ်းတာ သိတာပေါ့..."

"သူများတွေသိရင် ရှက်စရာပဲ... ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်နေတော့မယ်.. ပစ္စည်းတွေ ပျောက်နေတာကြာပြီ.. သမီးတို့ကို မပြောချင်လို့... တစ်ယောက်တည်း စိတ်ညစ်ခံနေရတာ..."

"ဒါဆို.. သမီးတို့ ဘယ်လိုလုပ်ကြမလဲ၊ မောင်ငယ်ကတော့ ကိုယ်ကျင့်တရားလည်း ပျက်စီးနေပြီ..။ ကိုယ့်အိမ်သားတွေက သည်းခံပေမယ့် သူစိမ်းကိုသွားလုပ်ရင် ခံမှာမဟုတ်ဘူး.."

"အမေနားလည်ပါတယ် မကြီးရယ်.. အမေသူ့ကို ဆုံးမပါ့မယ်.."

"အမေ့ကိုလည်း မိုက်မိုက်ရိုင်းရိုင်း ကျိန်းမောင်းတာ သမီးမခံဘူး... လက်ပါမိမယ်.."

"အမလေးမလတ်ရယ်... ရိုက်မောင်းပုတ်မောင်းတော့မလုပ်ပါနဲ့... ပိုဆိုးနေပါဦးမယ်... အမေရအောင် ဆုံးမပါ့မယ်... ကဲကဲ သမီးတို့ အိပ်ချည်တော့..."

ခဏအကြာ စကားသံများတိတ်ဆိတ်သွားသည်။ ဘွားနလည်းတရားမှတ်ရင်း အိပ်ပျော်အောင် ကြိုးစားလိုက်သည်။ မဟူရာညသည် ချောက်ချားဖွယ် တိတ်ဆိတ်ငြိမ်သက်နေတော့သည်။

ရပ်ကွက်လူကြီးများ၊ ရဲစခန်းမှ တာဝန်ရှိသူများ ရောက်လာသဖြင့် ဒေါ်အေးခိုင် ဆိုင်ခန်းကိုအသာထားရင်း ဧည့်ခန်းရှိရာသို့ ထွက်လာသည်။ မကြီးမလတ်လည်း အခန်းဝတွင်ရပ်ရင်း လူကြီးများကို တအံ့တသြ ကြည့်နေသည်။ ဘွားနကတော့ ကွမ်းစားမပျက်။

"ထိုင်ကြပါ မောင်ရင်တို့.."

"ဟုတ်ကဲ့ ...အဘွား.."

"ဘာကိစ္စပါလဲရှင်... ကျွန်မရင်တုန်လိုက်တာ..."

"စိတ်အေးအေးထားပါ ဒေါ်အေးအေးခိုင်.."

"ဒီလိုပါ..."

ရဲစခန်းမှ အရာရှိဖြစ်သူက လေသံအေးအေးဖြင့် ရှင်းပြလိုက်သည်။

"ဒေါ်အေးအေးခိုင်သားမောင်ငယ်နဲ့ ဒီလမ်းထိပ်က ဦးစိုးဝင်းသား စိုးနိုင်တို့ကို ဘိန်းဖြူကိစ္စနဲ့ ကျွန်တော်တို့စခန်းမှာ ထိန်းသိမ်းထားလိုက်ပါပြီ..."

"ရှင်...ကျွန်မသားလေး ရေတိမ်နစ်ပါပြီ... သားကိုမဖမ်းပါနဲ့ရှင်.. အဲဒီအိမ်က သူ့သူငယ်ချင်းစိုးနိုင်ဆီမှာ စာသွားသွားကျက်နေတာပါ..."

စခန်းမှ တာဝန်ရှိသူက ဘွားနမျက်နှာကို လှမ်းကြည့်သည်။ ဒေါ်အေးခိုင် မျက်ရည်ပေါက်ပေါက်ကျနေသည်။ မကြီးနှင့် မငယ်ကလည်း တရွှပ်ရွှပ်ငိုနေပြီ။

"ဒီမှာ မိအေးခိုင်... ညည်းမျက်ရည်ကို ရပ်လိုက်ပါ။ ညည်းသား...မောင်ငယ်ဟာ ဘိန်းဖြူစွဲရင်း ကိုယ်ကျင့်တရားပျက်စီးခဲ့တာ ကြာပါပကော...၊ ညည်းဆိုင်ကပစ္စည်းတွေ၊ မကြီးရဲ့ ငွေနှစ်သောင်း၊ အဲဒါတွေ ညည်းသားခိုးပြီး ဘိန်းရှူခဲ့တာလေ...၊ မကြီးမင်္ဂလာဆောင်ရင် ငါ့မြေးမကြီးကို လက်ဖွဲ့ဖို့ ရည်စူးပြီး သိမ်းထားတဲ့ ငါ့စိန်လက်စွပ်တောင် ပါသွားသေးတယ်...အော့၊ ဒါတွေ ညည်းမသိဘူးမဟုတ်လား.."

"ရှင်... အမေရယ်..."

"အေး...ဒါတွေကို ထားလိုက်ပါတော့...ပစ္စည်းကို ငါမနမြောပါဘူး၊ ငါနမြောတာ..ငါ့မြေးရဲ့တန်ဖိုးရှိတဲ့ဘဝ၊ အညွှန့်တလူလူနဲ့ လူလုပ်ရဦးမယ့်ဘဝ၊ ဒီဘိန်းဖြူသားကောင်ဘဝကလွတ်ဖို့၊ ငါတို့ ဆုံးမလို့အပိုပဲ.. ညည်းကိုတောင် ရိုက်မောင်းပုတ်မောင်းနဲ့ လုပ်လာပြီမဟုတ်လား၊ ဒါကြောင့်သူ့ကို ဆုံးမနိုင်တဲ့ ဥပဒေလက်ကို ဝင်ကိုက်အပ်လိုက်တော့ပေါ့..."

"အမေရယ်... ဒါအမေ့မြေးလေ..."

"ဟုတ်တယ်... သားသမီးအချစ် မြေးအနစ်တဲ့၊ ငါ့မြေးမောင်ငယ်ကို ငါသိပ်ချစ်တာပေါ့...၊ သိပ်ချစ်လို့ သူ့ဘဝ ကောင်းစားရေး၊ လူဖြစ်ကျိုးနပ်ဖို့ ခုလိုလုပ်လိုက်ရတာပဲအေ့၊ ညည်းတို့က ရေလိုက်လွှဲတဲ့အချစ်မျိုးနဲ့ သလ္လာဖုံးပြီး ချစ်ခဲ့တာ... အလိုလိုက်ခဲ့တာ... ငါကတော့ သလ္လာဖုံးတဲ့အချစ်မျိုးနဲ့ မြေးဘဝကို မနှစ်ချင်ဘူး...ဒါကြောင့် လုပ်သင့်တာကို အချိန်မီလုပ်ခဲ့ရတာပဲ... ငါကိုယ်တိုင် ဒီကလူကြီးတွေကို ဖွင့်ပြောခဲ့တာ...အကူအညီတောင်းခဲ့တာ.."

"ဟုတ်ပါတယ် အစ်မ... အဘွားရဲ့စေတနာနဲ့ လုပ်ရပ်က မှန်ကန်ပါတယ်။ ကျွန်တော်တို့ သူတို့ကို ဥပဒေအရ အရေးယူတယ်ဆိုပေမဲ့ မူးယစ်သားကောင်ဘဝကလွတ်အောင်၊ ဘဝသစ်ကို ပြန်စနိုင်အောင် အစစ ကူညီ စောင့်ရှောက်သွားမှာပါ...။ အစ်မသားအတွက် အဆိုးထဲက အကောင်းတွေကို တွေးပြီး စိတ်ဖြေပါ။ လူငယ်တွေ တစ်ကြိမ်တစ်ခါမှားရုံနဲ့ ဘဝပျက်အသက်ဆုံးရတဲ့အဖြစ်မျိုးကို ကျွန်တော်တို့ မလိုလားပါဘူး၊ မဖြစ် ဖြစ်တဲ့နည်းနဲ့ ကယ်တင်ရမှာပဲ... အစ်မသား လူကောင်းဘဝပြန်ရောက်တာကို မြင်ချင်ရင် ခုလောလောဆယ် သောကတွေကို ဘေးဖယ်ထားလိုက်ပါ။ မိဘတိုင်း ဘွားနှလို ပြတ်သားတဲ့စိတ်ဓာတ်နဲ့ မှန်ကန်တဲ့ ချစ်နည်းမျိုးနဲ့ ကိုယ့်သားသမီးကို ချစ်တတ်ကြရင် မြွေပွေးခါးပိုက်ပိုက်ထားရတဲ့ အဖြစ်ဆိုးက ကင်းဝေးကြမှာပါ..."

ရဲစခန်းမှ တာဝန်ရှိသူလူကြီးတစ်ဦးက ဒေါ်အေးခိုင်ကို နားဝင်အောင်ရှင်းပြသည်။

"ငါ့သားတွေ တာဝန်ရှိတဲ့အတိုင်းဆက်လုပ်ကြပါ... အဘွားကတော့ ဘွားမြေးကို လူညွှန့်တုံး ဘဝဆုံးရတဲ့ ဘိန်းဖြူသားကောင်ဖြစ်ရတာထက်စာရင် ခုလို တရားဥပဒေရဲ့ အဆုံးအမနဲ့ လူကောင်းသူကောင်းဖြစ်လာဖို့ကိုပဲ မြင်ချင်တွေ့ချင်ပါတယ်... လူလေးတို့ရယ်..."

"ဟုတ်ပါတယ်... ဘွားနရဲ့စိတ်ဓာတ်ကို အများကြီးလေးစားပါတယ်။ မောင်ငယ်တို့ စိုးနိုင်တို့ လူငယ်လေးတွေ ပန်းကောင်းအညွှန့်ကျိုးမဖြစ်ဖို့ ကျွန်တော်တို့ တရားသဖြင့်နည်းလမ်းနဲ့ ဝိုင်းဝန်းထိန်းကျောင်း ပေးကြရမှာပါ... အစ်မကြီးလည်း စိတ်အေးအေးနေပါ..၊ ကဲ..အားလုံးပဲ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦး"

"ဟုတ်... ဟုတ်ကဲ့ပါရှင်"

လူကြီးများအားလုံး ထွက်ခွာသွားကြသည်။ ဘွားနက ကွမ်းရာကိုဝါးရင်း ဒေါ်အေးခိုင်ကို ကြည့်လိုက်သည်။ ဘွားနမျက်နှာသည် စိတ်ပေါ့ပါးရှင်းလင်းမှုတို့နှင့် ပကတိကြည်လင်နေသည်။

"အမေ..အမေ့ကို သမီးကန်တော့ပါတယ်... သမီးမလုပ်နိုင်တာကို အမေစွန့်စားပြတ်သားစွာ လုပ်ပေးနိုင်ခဲ့ပါတယ်..."

"ငါ့မြေးကောင်းစားရေးပဲအေ... ငါလုပ်ရမှာပေါ့။ ငါ့မြေးကိုချစ်တော့ ဒုက္ခမရောက်စေချင်ဘူး၊ ဒီတော့ ဥပဒေလက်ကို အပ်ပေးလိုက်တယ်... သည်ကိစ္စက ရိုးရိုးလေးပါအေ.."

အေးအေးဆေးဆေးပြောနေသည့် ဘွားနကို မကြီးနှင့် မလတ်တို့က မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေမိတော့သည်။

# သတ္တဝါတစ်ခု ကံတစ်ခု

ဒေါ်စိန်မြ၏ ဘဝကောက်ကြောင်းရာကို ခြေရာခံကြည့်လျှင် ကံကောင်းခြင်း လက်ဆောင်များဖြင့် နိဒါန်းစခဲ့သည်ဟု ဆိုရပေမည်။ တစ်ဦးတည်းသောသမီးအဖြစ် ချမ်းသာကြွယ်ဝသည့် မိဘ၏ အရိပ်အာဝါသ အောက်တွင် နေထိုင်ကြီးပြင်းခဲ့သည်။ ရန်ကုန်အနောက်ပိုင်း ပွဲရုံတန်းများဖြင့် စည်ကားရာ လမ်းတစ်လမ်းတွင် သုံးထပ်တိုက်ကြီးဖြင့် ထီးထီးမားမား နေထိုင်ခဲ့ရသည်။ မြေညီထပ်တွင် ကုန်စုံဆိုင်ကြီးဖွင့်ထားပြီး သူတို့သားအမိသုံးဦးက ပထမထပ်တွင်နေသည်။ အပေါ်ဆုံးထပ်တွင် ဇည့်သည်လာလျှင် တည်းခိုဖို့ သီးသန့်ထားသည်။

သားအမိ သားအဖ သုံးဦးဆိုသော်လည်း စင်စစ် သူတို့အိမ်ထောင်စုဝင်ထဲတွင် ထမင်းချက်၊ ဈေးဝယ်၊ အဝတ်လျှော်၊ လက်တိုလက်တောင်းခိုင်းရန်ဟူ၍ အိမ်ဖော်အမျိုးသမီးများလည်း အရွယ်စုံပါဝင်သည်။ တစ်ဦးတည်းသော မစိန်မြလေးကို မိဘများက ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် တယုတယ ထားခဲ့ကြသည်။ မစိန်မြအဖို့ ကျောင်းမှန်မှန်သွားရန်သာ အဓိကတာဝန်အဖြစ်ရှိခဲ့သည်။ အစားဆိုလျှင် ဆီဦးထောပတ်၊ ကောင်းမှုညွှန်ပြကိုသာ စားခဲ့ရသည့် မစိန်မြ၊ ငွေကြေးဆိုလျှင် စိတ်ထင်တိုင်းသုံးခွင့်ရသည့် မစိန်မြ၊ အဝတ်အစားဆိုလျှင် ကြိုက်ရာကိုလက်ညှိုးထိုးစတမ်း ဝယ်နိုင်ဝတ်နိုင်သည့် မစိန်မြ၊ ရှေးဘဝက ဒါနခွန်အား ကြီးခဲ့သူတွေပဲဟု မှတ်ချက်ပြုသော် ရနိုင်ကောင်းပေ၏။ မစိန်မြ စိတ်ဝင်စားသည်မှာ အဝတ်အစားမဟုတ်၊ ပညာလည်းမဟုတ်၊ အစားအသောက်နှင့် အပျော်အပါးသာဖြစ်သည်။ အစားကောင်းကြောင်းကို အရွယ်နှင့်မမျှသည့် သူ့ကိုယ်လုံးက သက်သေထူနေသည်။ သူငယ်ချင်းများက လုံးတင်ဟု နောက်ပြောက်ကျီစယ်ခဲ့သည်ကို မစိန်မြ သဘောမတွေ့သော်လည်း ရေးကြီးခွင်ကျယ်ရန်မပြုမိဘဲ နှုတ်ခမ်းတစူစူ၊ မျက်စောင်းတထိုးထိုးရှိတတ်ပေသည်။

"ဒင်းတို့ ငါလိုစားနိုင်လို့လား၊ သုံးနိုင်လို့လား" ဟူသော အပြောဖြင့် မာန်တက်နေသော မစိန်မြ၊ သူငယ်ချင်းတွေထဲတွင် မစိန်မြခင်မင်ခဲ့သည်မှာ မစပယ်ဖြစ်သည်။ မစပယ်သည် သူနှင့် လမ်းချင်းနီးသူမို့ ကျောင်းသွားဖော်ဖြစ်ရုံသာမက၊ နောက်ပိုင်း ရှပ်ရှင်၊ ပြဇာတ်၊ ဘုရားပွဲ၊ နတ်ပွဲများသို့ စိတ်တူကိုယ်တူ သွားလာခဲ့ကြသည်အထိ ရင်းနှီးလာခဲ့သည်။ မစပယ်ကလည်း မစိန်မြလိုပင် ဝဝလုံးလုံး၊ အစားမက်သည်။ အပျော်အပါးကြိုက်သည်။ ရှပ်ရှင်ဆိုလျှင် ကားသစ်ဝင်တိုင်း နှစ်ယောက်သား မပျက်တမ်းကြည့်ခဲ့ကြသည်။ စိတ်တူစရိုက်တူချင်းမို့ သူတို့ သူငယ်ချင်းနှစ်ယောက်သည် ယခု အသက်ငါးဆယ်ကျော်သည့်တိုင် အတွဲမပျက်ခဲ့။ ငယ်ငယ်ကလိုပင် ရှပ်ရှင်အတူကြည့်၊ မုန့်ဆိုင်အတူထိုင်မြ၊ ဇာတ်ပွဲနှင့် ဘုရားပွဲများသို့ သွားမြဲလာမြဲ ဖြစ်သည်။

ဒေါ်စပယ်ပင် မြေးရနေပြီဖြစ်သော်လည်း သူငယ်ချင်းမစိန်မြနှင့်တွေ့လျှင် ငယ်မူငယ်သွေးများက ရှင်သန်စမြဲ ဖြစ်သည်။ မစိန်မြဘဝကမူ အပျိုကြီး တစ်ကိုယ်တည်း၊ မစပယ်လို ဘွဲ့မရခဲ့၊ အိမ်ထောင်မကျခဲ့၊ သူ့ဘဝကို အစားအသောက်နှင့် အပျော်အပါးကြားတွင် နှစ်ပြုပ်ရင်း ဘဝ၏ခရီးပိုင်တိုင်များစွာကို လွန်မြောက်ကျော်ဖြတ်ခဲ့သူ၊ ဒေါ်စပယ်တစ်ယောက် သူငယ်ချင်း ဒေါ်စိန်မြအကြောင်းကို ပြန်ပြောင်းပြောတိုင်း "ဒီကောင်မဟာ ဦးနှောက်သေးသေးရယ်" ဟု မှတ်ချက်ပြုစမြဲဖြစ်လေသည်။

မစိန်မြသည် မိဘများက ပညာပေးသော်လည်း သူက စိတ်ဝင်စားခြင်းမရှိဘဲ သူ့သဘောသူဆောင်ကာ စွန့်လွှတ်ခဲ့သည်။ စီးပွားရေးကိုလည်း ဟုတ်တိပတ်တိ မလုပ်ချင်၊ သူ့အတွက် အရေးကြီးဆုံးအလုပ်မှာ မိဘပိုက်ဆံ ထိုင်ဖြုန်းနေခြင်းပင်ဖြစ်သည်။ အချိန်၏ရွှေ့လျားခြင်းနှင့်အတူ ဇရာဟူသော အိုမင်းခြင်းသည် မနေးမမြန်

ရောက်ရှိလာခဲ့ပြီ။ မရဏဟူသောသေခြင်းသို့ ဆိုက်ရောက်ခဲ့သည့် မိဘနှစ်ပါးအတွက် မစိန်မြတစ်ယောက် လုပ်သင့်လုပ်ထိုက်ရာ ကုသိုလ်ကောင်းမှုများကို လုပ်ခဲ့သည်။ သူ့အသက်သုံးဆယ်ကျော်တွင် သူ့မိဘနှစ်ပါးစလုံး လူ့ဘဝတွင် မရှိတော့ပေ။ ဆွေမျိုးရင်းခြာလည်းမရှိ၊ မိဘလက်ဝတ်ဖြစ်သည့် ကုန်စုံဆိုင်ကြီးကိုလည်း မြန်မြန်ကြီးပွားအောင် မလုပ်တော့ဘဲ၊ ဒေါ်စပယ်နှင့်အတူ မြန်မာပြည်အနှံ့ ဘုရားစုံဖူးခြင်းဖြင့် စိတ်ထင်သလိုနေခဲ့သည်။ ဆရာဖြစ်သော ဒေါ်စပယ်က သူငယ်ချင်းမစိန်မြအတွက် ကောင်းသောအကြံဉာဏ်များ ပေးခဲ့ရှာပါသည်။ ကုန်စုံဆိုင်ကို ဆက်ဖွင့်ရန် အကြံကို မစိန်မြက လက်မခံ။

"ညည်းလည်း ငါ့အကြောင်းသိသားပဲ၊ ဟိုနားက ဆိုင်းသံကြားရင် ပြေးမော့ချင်၊ ဒီနားက ရှပ်ရှင်ဆိုရင် ပြေးကြည့်ချင်၊ ဒီတော့ ဘယ်လိုလုပ် ဆိုင်ထိုင်လို့ဖြစ်မလဲ၊ ပြီးတော့ငါက အဲလို တိုလီမုတ်စတွေ ရောင်းရတာကိုလည်း စိတ်မဝင်စားဘူး"

"ဒါဆို စီးပွားရေးဘာလုပ်မလဲ သူငယ်ချင်း.."

"ခုလောလောဆယ်တော့ ငါ့ခေါင်းထဲမှာ ဘာမှမရှိသေးဘူးသူငယ်ချင်း..၊ အဖေတို့ အမေတို့ ရှာခဲ့တာတွေကို သုံးဦးမယ်အေ...လှူဦးမယ်လေ"

"ရှေ့ရေးအတွက်လည်း စဉ်းစားပါဦး....မစိန်မြရယ်"

"မပူပါနဲ့အေ...သတ္တဝါတစ်ခု ကံတစ်ခုပေါ့"

သည်ထက်ပိုပြောသော်လည်း နားဝင်မည်မဟုတ်သဖြင့် ဒေါ်စပယ် ဘာမှမပြောတော့။ သူ့သူငယ်ချင်းကို အိမ်ထောင်ကျသွားလျှင်ကောင်းမယ်ဟု တွေးမိသော်လည်း မစိန်မြပုံစံကိုကြည့်၍ တစ်ခါတလေ စိတ်ပျက်မိသည်။ ရွှေလက်ကောက်များ ညွှတ်အောင်ဝတ်ထားသည်မှ လွဲ၍ သူ့အဝတ်အစားတွေက သစ်သစ်လွင်လွင် သပ်သပ်ရပ်ရပ်မရှိ၊ ဟောင်းဟောင်းနွမ်းနွမ်း၊ သူ့မျက်နှာပေါ်တွင် သနပ်ခါးတင်သည်ဟူ၍မရှိ၊ ပေါင်ဒါမိတ်ကပ်တို့ဖို့ဆိုတာ ဝေလာဝေး၊ ကိုယ်လုံးက ဝဝ၊ ခေါင်းကသေးသေး၊ အသားကညိုညို၊ ဆံပင်က ကျဲကျဲဆိုတော့လည်း မည်သည့်ပုရိသက စိတ်ဝင်စားပါ့မလဲ။ သည်အတိုင်းနေသည်ကမှ တော်သေး။ ဘနဖူးသိုက်တူးသည့် ယောက်ျားမျိုးနှင့်ရသွားခဲ့လျှင် သူ့ပစ္စည်းတွေ အကုန်မ, သွားပေမည်။ သည့်အတွက် အိမ်ထောင်ပြုဖို့အကြောင်းကို မစိန်မြက စိတ်မဝင်စားသလို ဒေါ်စပယ်ကလည်း မတိုက်တွန်းခဲ့ပေ။ ရှေးယခင်ကအတိုင်း သူငယ်ချင်းနှစ်ဦး သွားမြ၊ လာမြ၊ စားသောက်မြဖြင့် အတွဲမပျက်ရှိခဲ့ကြသည်။

"ငါ့တိုက်ကို သိန်းနှစ်ဆယ်နဲ့ရောင်းလိုက်ပြီ"

"အယ်...နည်းလိုက်တာ၊ ကာလပေါက်ဈေးက လေးငါးခြောက်ဆယ်လောက်ရှိတာအေ"

"သည်မှာ မိစပယ်၊ ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ငါငွေတိုးချထားတဲ့ဟာတွေကလည်း ငွေမှန်မှန်လာမဆပ်လို့ ဆုံးတာမနည်းဘူး...ညည်းသိပါတယ်အေ"

"ဒါဖြင့်..ခု ဘယ်မှာနေမှာလဲ"

"တောင်ဥက္ကလာပမှာနေမယ်... ငါနဲ့ ငုံ့အိမ်က ထမင်းချက်ဒေါ်အေးနဲ့ သွားရှာပြီးပြီ၊ ဆယ်သိန်းနဲ့ဝယ်မယ်... စာချုပ်တဲ့နေ့ ညည်းလိုက်ခဲ့နော်၊ ညည်းကဆရာမဆိုတော့ ပြောတတ်ဆိုတတ်ပါတယ်အေ..."

"မစိန်မြရယ်... မြို့လယ်ခေါင်မှာ မွေးကတည်းက နေခဲ့တာ.. ခုတော့... မြို့ထဲကနေလွင့်ပြီ..."

"ကောင်မ...လျှာမရှည်နဲ့၊ ဒီမှာက ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဖြစ်နေတာ၊ ငုံ့လက်ထဲ ပိုက်ဆံများများစားစား မရှိရင် မနေတတ်ဘူးအေ့..."

"ဒေါ်အေးကြီးခေါ်ထားမှာပေါ့..."

"အေးပေါ့... သူက အဖေတို့ အမေတို့ ရှိကတည်းက အတူနေခဲ့တာ.. ငုံ့အတွက်အဖော်ကောင်းပါပဲ.."

"အင်း...ဒေါ်အေးကြီးကတော့ စိတ်ချယုံကြည်ရပါတယ်။ ဒါနဲ့ ...ဟိုကောင်မလေးရော၊ အဝတ်လျှော်ဈေးဝယ်တဲ့ မိမွေးလေ"

"အေး...သူ့ကို မွေးစားလိုက်ရင် ကောင်းမလား စဉ်းစားနေတာ"

"ဟိုမှာ အခြေတကျဖြစ်ပြီး စီးပွားရေးလေးဘာလေးကောင်းမှ မွေးစားဖို့ စဉ်းစားပေါ့"

"အေးလေ... ဟုတ်ပါတယ်၊ ခုတော့ အဖော်အဖြစ်နဲ့ပဲ ခေါ်သွားတော့မယ်.."

"အဲဒီကောင်မ...ညည်းသတိထားဦးနော်၊ လည်တယ်..."

"ငါလည်း အကဲကြည့်နေတာပါ...၊ မဟန်ရင် အထုပ်ပြင်ခိုင်းလိုက်ရုံပေါ့...."

"ဘာပဲဖြစ်ဖြစ်၊ သူငယ်ချင်းနဲ့ ဝေးသွားတဲ့အတွက်တော့ စိတ်မကောင်းဘူး... ဒီမှာကတော့ လမ်းချင်းနီးတော့ အချိန်မရွေးတွေ့နိုင်တယ်..."

"အမယ်လေး.. ငါလာတွေ့မှာပေါ့၊ ငါကခြေထောက်ဗွေပါသူပဲ... ညည်းမှာက ကျောင်းတာဝန်၊ အိမ်ထောင်တာဝန်နဲ့... ညည်းက ငုံ့ဆီလာမှာ မဟုတ်ပါဘူး..."

"အဲလိုမပြောပါနဲ့... မစိန်မြရယ်၊ ညည်းကို ငါဘယ်လောက် သံယောဇဉ်ရှိတယ်ဆိုတာလည်း ညည်းသိပါတယ်.. ညည်းကိုပစ်မထားပါဘူး.. လာမှာပါအေ့"

"ကဲ..ဟုတ်ပါပြီ... ယုံပါတယ်.... စာချုပ်တဲ့နေ့ လိုက်ခဲ့ရမယ်နော်... အိမ်တက်ဆွမ်းကျွေးရင် ညည်းလာအိပ်ရမယ်..."

"အေးပါ.... လာအိပ်မှာပေါ့"

သူငယ်ချင်းနှစ်ယောက် စကားလည်းပြော၊ ဒေါ်စပယ့်ညီမချက်သည့် မုန့်ဟင်းခါးကိုလည်း ခေါင်းမဖော်စတမ်းစားအပြီး၊ ဗွီဒီယိုအခွေ ထိုင်ကြည့်နေလေသည်။

မစိန်မြတစ်ယောက် တောင်ညကျလာပတွင် အခြေတကျဖြစ်ခဲ့၍ သူငယ်ချင်းအတွက် ဒေါ်စပယ်တစ်ယောက် စိတ်ချလက်ချ ဖြစ်ခဲ့ရသည်။ အိမ်ကသေးသော်လည်း နှစ်ထပ်ပျဉ်ထောင်အိမ်၊ အိမ်ခြေရင်းအဖီလေးကိုလည်း နာရီပြင်ဆိုင်ငှားထား၍ တစ်လသုံးထောင်ခန့်ဝင်သည်။ ဒေါ်စိန်မြတစ်ယောက် ဆိုက်ကား ၁၀ စီးထောင်ပြီး ဝင်ငွေရှာခဲ့သည်။ ထိုစဉ်က ဆိုက်ကားတစ်စီး လေးငါးသောင်းသာ တန်ဖိုးရှိသည်။ အုံနာခ မှန်မှန်သိမ်းရင်း စီးပွားလမ်းဖြောင့်တန်းခဲ့သည်။

သူငယ်ချင်း ဒေါ်စပယ်၏ မပြေလည်သော စီးပွားရေးကို ဒေါ်စိန်မြက အကူအညီ အထောက်အပံ့များစွာ ပေးခဲ့သည်။ ဒေါ်စိန်မြအဖို့ ရသမျှငွေကို သုံးဖို့သာဖြစ်သည်ဟု ခံယူထားသည်။ ဒေါ်စပယ်အပေါ်တွင်လည်း ရက်ရက်ရောရောနှင့် သဒ္ဓါသည်။ လမ်းဘေးဆိုင်မှသည် ဟိုတယ်အထိ၊ သူတို့ သူငယ်ချင်းနှစ်ဦး အစားကြူးခဲ့ကြသည်။ ရုပ်ရှင်ကိုလည်း တစ်ပတ်တစ်ခါကြည့်မြဲ။ ရန်ကုန်မြို့ပေါ်ရှိ ဘုရားစုံကိုလည်း ဖူးတိုင်းမဝ။ ဒေါ်စိန်မြတစ်ယောက် အတိုးရတဲ့ဝင်ငွေ၊ ဆိုက်ကားအုံနာခငွေ၊ နာရီဆိုင်ငှားခငွေ စသည့်ဝင်ငွေဖြင့် မတောင့်မတ မကြောင့်မကြ၊ ပျော်စရာဘဝဖြင့် ကျင်လည်ခဲ့သည်။

တစ်နေ့နံနက်စောစောတွင် ဒေါ်စိန်မြတစ်ယောက် မျက်စိမျက်နာပျက်ဖြင့် ဒေါ်စပယ်ဆီသို့ ပေါက်ချလာသည်။

"ပါသွားပြီ..သူငယ်ချင်းရေ၊ ပါသွားပြီ....."

"ဘာပါသွားတာလဲ....မစိန်မြ၊ ထိုင်ပါဦး၊ စောစောစီးစီးမောကြီးပမ်းကြီးနဲ့"

"ဟိုကောင်မလေ...မိမွေး၊ ငါ့လက်ကောက်သုံးရန် မ,သွားပြီ..."

"ဟယ်...ဖြစ်မှဖြစ်ရလေ၊ နင်သေသေချာချာမသိမ်းဘူးလား..."

"ငါလည်း ထုံးစံအတိုင်း ကုတင်အောက်က မုန့်သေတ္တာဘူးထဲ သိမ်းတာပေါ့၊ အဲဒီကောင်မကို ယုံစားတာလည်း ပါတာပေါ့အေ၊ မုန့်သေတ္တာကို ပုံးလိုက်မပြီး ငါတို့မနိုးခင် ဈေးသွားသလိုလို ဘာလိုလိုနဲ့ သယ်သွားတာအေ့"

"ခု ဘယ်လိုလုပ်မလဲ... ရဲတိုင်မလား၊ ဘယ်တုန်းကဖြစ်တာလဲ"

"ဒီမနက်ပေါ့... ရဲတွေ ဘာတွေ မတိုင်တော့ပါဘူး၊ ငါ ခေါင်းရှုပ် အလုပ်ရှုပ်မခံနိုင်ဘူး"

"သုံးရန်တောင်...နည်းတာမဟုတ်ဘူး..."

"ပစ္စည်းသစ်ရ လူသစ်ရပဲ... ဒီကောင်မ ဘယ်လောက်စားနိုင်မလဲ... ခိုးရတဲ့ငွေ မမြဲဘူးမှတ်"

"လူယုံသတ်တာပဲ ... စိတ်မကောင်းပါဘူးမစိန်မြရယ်...."

"ကဲ...မတတ်နိုင်ဘူး..၊ ညည်းရေမိုးချိုးပြီး အဝတ်လဲ၊ ငါ့အိမ်လိုက်ခဲ့... ဈေးဝင်ပြီး တစ်ခုခုချက်စားတာပေါ့..."

"ဒေါ်အေးကြီးကို အိမ်စောင့်ထားခဲ့တာပေါ့..."

"အေး... သူလည်း စုပ်တသပ်သပ်နဲ့ နမြောနေတယ်၊ ဟိုကောင်မကိုလည်း ဒေါသဖြစ်ပေါ့.."

"ကဲ...ညည်းခဏစောင့်... ငါရေသွားချိုးလိုက်ဦးမယ်၊ အဲဒီမှာ ထမင်းကြော်နဲ့ ငပိကြော်စားနှင့်..."

"အေးပါ..."

လက်ကောက်သုံးရန် နိုးခံရခြင်းအတွက်၊ စိတ်မကောင်းရုံမှတစ်ပါး၊ နမြောပုံမရသည့် မစိန်မြကို ဒေါ်စပယ် မအံ့သြတော့ပါ။ သူသည် မည်သည့်ပစ္စည်း ငွေကြေးကိုမှ စုံမက်သည်မရှိ၊ သူလက်ကိုင်ပြုသည့်စကားမှာ ပစ္စည်းသစ်ရ လူသစ်ရ။ ဒေါ်စပယ်အဖို့ သားရေး သမီးရေး၊ စားဝတ်နေရေး၊ စီးပွားရေးတို့ဖြင့် နိစ္စမူဝ နပန်းလုံးနေရသူမို့ လက်ကောက်သုံးရန်၏တန်ဖိုးကို တွက်ချက်ရင်း အနမြောကြီး နမြောနေတော့သည်။

သည်တစ်ကြိမ် မစိန်မြလာရာတွင် သတင်းတစ်ခုထူးဆန်းစွာ ကြားရသည်။

"ဆိုက်ကားဂိတ်နားက ကွမ်းယာဆိုင်မှာအေ... မိန်းမတစ်ယောက် အခါလည် ကလေးလေးတစ်ယောက်နဲ့ ယောင်လည်လည်ဖြစ်နေတော့ ငါသွားစပ်စုတာပေါ့"

"သူက.. ဘယ်ကလဲ... ဘာလာလုပ်တာလဲ.."

"ဘယ်ကမှန်းတော့ မသိဘူး၊ သူ့ကလေးကို မမွေးနိုင်တော့လို့တဲ့၊ မွေးစားမယ့်လူရှိရင် ပေးခဲ့ချင်လို့ပေါ့ဟာ..."

"ဟယ်..ဘယ်လိုပါလိမ့်.."

"သူ့ကလေးကလည်း မိန်းကလေးအေ့... ငါ့အတွက်တော့ ဘုရားမတာပေါ့၊ ငါကလည်း မွေးစားချင်နေတာ မဟုတ်လား..."

"အဲဒီတော့...."

"ငါလည်း ဝမ်းသာအားရပေါ့အေ... လက်ထဲမှာလည်း ငွေတစ်ထောင်ထောင်ကျော်ကျော် ပါလာတာဆိုတော့ သူ့အတွက် လမ်းစရိတ်ဆိုပြီး ငွေတစ်ထောင်နဲ့ အပြတ်ဝယ်လိုက်တာပေါ့.."

"ဟ... ဟုတ်မှလည်း လုပ်ပါဦး၊ တော်ကြာ... သူ့ကလေးမဟုတ်ရင် ရှုပ်ရှုပ်ယှက်ယှက် ပြဿနာတွေ တက်နေဦးမယ်"

"မတတ်နိုင်ဘူးအေ... ကလေးကိုလည်း မြင်မြင်ချင်း ငါသံယောဇဉ်ဖြစ်မိတယ်... အခု ငါ့အိမ်မှာရောက်နေပြီ၊ ညည်းလိုက်ကြည့်ပါဦး"

"အေးပါ...လိုက်ခဲ့ပါ့မယ်၊ ဒေါ်အေးကြီးကရော ဘာပြောလဲ..."

"သူကလည်း ဝမ်းတွေသာပြီး သဘောတွေကျလို့... ခုမှ ငါတို့နှစ်ယောက်လည်း ကလေးအမေ လုံးလုံးဖြစ်တော့တယ်...."

"ကလေးကို ပြုစုတတ်ရဲ့လား..."

"မုဆိုးစိုင်သင်ပေါ့အေ...ညည်းလိုပဲ တတ်သွားမှာပေါ့ ညည်းလိုက်ကြည့်ပြီး လိုတာပြောအေ..."

"အေးပါ... နောက်ပိုင်း ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ဖို့ဘဲအရေးကြီးတယ်၊ ကလေးအမေက ဘယ်အရွယ်လဲ..."

"အသက် အစိတ်သုံးဆယ်လောက်ပဲ ရှိဦးမယ်၊ ငါ့လက်ထဲ ကလေးထည့်တော့ ငိုလိုက်တာ၊ ငါတောင် စိတ်မကောင်းဖြစ်သွားတယ်..."

"အေးလေ... မအေရင်းဆိုတော့လည်း သူလည်းခံစားမှုရှိမှာပေါ့... ဘာပဲဖြစ်ဖြစ် ညည်းလက်ထဲရောက်တာ ကလေးအဖို့ ကံကောင်းတာပဲ..."

"ဟိုတစ်ခါ... ဆယ်လေးငါးနှစ်အရွယ်ကျတော့ တစ်နှစ်တောင် မခံဘူး၊ လူရည်လည် လူပါးဝပြီး ထွက်ပြေးသွားပါရော... ဘာပစ္စည်းမှ မ,မသွားလို့ တော်သေးတယ်... ဒီတစ်ခါတော့ ငါလည်း အံတိုသွားပြီ၊ ခုလို လူမမယ်အရွယ်ကို စမွေးတာအကောင်းဆုံးပဲ..."

"ညည်းပင်ပန်းတာပေါ့... အခါလည်ဆိုတော့ လေးငါးခြောက်နှစ် တော်တော်မွေးယူရဦးမှာပဲ...."

"အေးပေါ့အေ... ခု ငါ့မှာ သူ့အတွက် အကုန်အကျများနေပြီ၊ အဝတ်အစားတို့ ဘာတို့ဝယ်ရန့်၊ ဘာပဲဖြစ်ဖြစ် ငါတော့ စိတ်ချမ်းသာတယ်၊ ဒုက္ခသည်တစ်ဦးကို ကယ်တင်ခွင့်ရတာ နည်းတဲ့ကုသိုလ်မဟုတ်ဘူး၊ တစ်နေ့တော့ ငါ့စေတနာအကျိုးပေးမယ်လို့ ယုံတယ်အေ....."

"ကောင်မလေးလည်း အရွယ်ရောက်၊ ညည်းလည်းအသက်ခြောက်ဆယ်ကျော်... အတော်ပဲပေါ့..."

"အဲဒီကျမှ လင်ယူသွားရင် ဒုက္ခပဲ..."

"အဲဒါတော့... ညည်းကုသိုလ်ပေါ့အေ..."

"အေးပေါ့အေ... ကျွေးကတော့ကလေးမလေးကို ဥစ္စာအမွေရော၊ ပညာအမွေပါပေးမယ်လို့ ဆုံးဖြတ်ထားတယ်"

"ကောင်းပါတယ်၊ ပညာတတ်တော့ ဘာပဲဖြစ်ဖြစ် ညည်းအားထားနိုင်တာပေါ့..."

"အေးလေ.... ငါငယ်ငယ်တုန်းက မိဘက ပညာပေးခဲ့ရဲ့သားနဲ့ ငါမယူခဲ့မိတာ.... ခုလောက်ဆို ညည်းလို ဆရာမကြီးလောက်တော့ ဖြစ်နေလောက်ပြီ... ငါကလည်းငါပဲ... လွတ်လွတ်လပ်လပ် နေချင်ခဲ့တာကိုး"

"ညည်းသမီးအတွက်ပဲ ညည်းစဉ်းစားပါ...ပြီးတာတွေ ပြန်ပြောမနေနဲ့တော့"

"အေး... သူလေးကိုတော့ ဘာပဲဖြစ်ဖြစ်၊ ပညာတတ်အောင် လုပ်ရမယ်"

"ငါ့သူငယ်ချင်းကြီး... ရည်ရွယ်ချက်တွေ မြင့်မားလာပြီ၊ ကောင်းပါ့တော်....အားပေးပါတယ်"

သို့ဖြင့် ဒေါ်စပယ်သည် ထုံးစံအတိုင်း အဝတ်အစားလဲပြီးဒေါ်စိန်မြအိမ်သို့ လိုက်ပါခဲ့လေသည်။

သီတင်းကျွတ်ကျောင်းပိတ်ရက်၊ လခထုတ်ရက်တွင် ဒေါ်စိန်မြတစ်ယောက် လေးနှစ်အရွယ်ကလေးကို လက်ဆွဲရင်း ခင်ရဲဆွေတို့ကျောင်းသို့ လိုက်လာသည်။ ဒေါ်စပယ်နှင့် ချိန်းထားခြင်း၊ လခထုတ်ပြီးသည်နှင့် သူငယ်ချင်းနှစ်ယောက် မုန့်ဆိုင်ထိုင်ကာ အာလာပသလ္လာပစကားတွေ ပြောကြမည်။ ဒေါ်စပယ်ကလည်း သူ့မိသားစုအကြောင်း၊ မပြေလည်သည့်အကြောင်း၊ စီးပွားရေးအကြောင်း၊ သူ့ချွေးမအကြောင်း စသည်တို့ကို ရင်ဖွင့်မည်။ ပြီးလျှင် ရှုပ်ရှင်ဝင်ကြည့်ချင် ကြည့်ကြမည်။ ဘုရားသွားချင်သွားကြမည်။ သူတို့သူငယ်ချင်းနှစ်ဦး ပြုံးပြအလုပ်၊ ဝတ္တရားမပျက် လုပ်ခဲ့ကြသည့်အလုပ်၊ သည်တစ်ကြိမ် ခင်ရဲဆွေကို ဒေါ်စပယ်က သူတို့နှင့်လိုက်ခဲ့ဖို့ခေါ်သည်။

"လက်ဖက်ရည်ဆိုင်ပဲ ခဏတဖြုတ်ထိုင်မယ် မမစပယ်၊ ရုပ်ရှင်တော့ မလိုက်တော့ဘူး...၊ မမစပယ်ပြောပြလို့ သိသိနေရတဲ့ မမရဲ့အချစ်ဆုံး သူငယ်ချင်း ဒေါ်စိန်မြရဲ့ နောက်ဆုံးပေါ်သတင်း နားစွင့်ရအောင်ပေါ့...."

ခင်ရဲဆွေက ပြောရင်း ကျောင်းမှလခထုတ်ပြီးအပြန်တွင် သူတို့နှင့် လက်ဖက်ရည်ဆိုင်တစ်ခုတွင် ဝင်ထိုင်ဖြစ်လေသည်။ ဒေါ်စိန်မြကို မြင်ဖူး တွေ့ဖူး ခင်မင်ဖူးပြီးသားမို့ ခင်ရဲဆွေနှင့် အထူးအထွေ မိတ်ဆက်ပေးစရာ မလိုတော့။

"အစ်မ သမီးတောင်..တော်တော်ကြီးပြီနော်..."

"ဟုတ်တယ်..ဆရာမ... အခုလေးနှစ်ရှိပြီ...."

"သမီးက ....အေးသားပဲ"

ခင်ရဲဆွေက ဒေါ်စိန်မြနှင့် ပါလာသောကလေးကို ကြည့်ရင်းပြောလိုက်သည်။ ကလေးမလေးက သူ့ကို မျက်လုံးပြူး၍ ကြည့်နေသည်။ အသားမည်းမည်း၊ မျက်လုံးပြူးပြူး၊ နှာခေါင်းပြားပြားနှင့် အကျည်းတန်သော်လည်း ကလေးတစ်ဦး၏ အပြစ်ကင်းစင်သောအလှဖြင့် ကရုဏာသက်ဖွယ်ကောင်းသည်ဟု ခင်ရဲဆွေ မှတ်ချက်ပြုမိသည်။ မျက်နှာလေးက ခပ်ငယ်ငယ်ဖြင့် ကျီးကြည့်ကြောင်ကြည့် ပြူးတူးပြဲတဲလေး။

"ကျောပိုးအိတ်တွေ ဘာတွေနဲ့ သမီးကကျောင်းနေတော့မှာလား"

"ဟဲ့...ဆရာမမေးနေတယ်... ပြန်ဖြေလိုက်လေ"

"ဟုတ်ကဲ့...."

"ခုပဲ ဈေးမှာဝင်ဝယ်ခဲ့တာလေ ဆရာမ... ရှစ်ရာပေးရတယ်၊ ကျွန်မသင်ပေးတာ ကကြီးခင်ခွေး ရေးတတ် ဖတ်တတ်နေပြီ"

"ကောင်းပါတယ်... နောက်နှစ်ဆို ကျောင်းနေလို့ရပြီပဲ..."

"ညည်းကလေးက ပိန်တယ်နော်...အားဆေးလေး ဘာလေး တိုက်ဦး"

ဒေါ်စပယ်က ပြောလိုက်သည်။

"အဲဒါ ပြန်ပြည့်လာတာ.. ဟိုတလောက ဖျားနေလို့ ငါရော... ဒေါ်အေးကြီးရော မအိပ်ရဘူး၊ တစ်ညလုံး ထိုင်စောင့်ကြည့်ကြတာ.... ဆေးခန်းလည်းပြရ... ဆေးဝယ်ရနဲ့ ငွေနှစ်ထောင်လောက် ကုန်သွားတယ်"

ခင်ရဲဆွေ စိတ်ထဲတွင် သွေးမတော် သားမစပ်သည့် လူသားနှစ်ဦး၏ ဆုံဆည်းမှု ရေစက်အကြောင်းကို တွေးရင်း ဒေါ်စိန်မြ၏ မေတ္တာစေတနာကို ချီးကျူးနေမိသည်။

"အစ်မက မတည့်တာကျွေးမိလို့လား...."

"အမယ်လေး.... ဆရာမ... ဒေါ်စပယ်ကိုသာ မေးကြည့်၊ ကျွန်မက ဒီကလေးကို စမွေးကတည်းက အစားအသောက်ကို စည်းကမ်းနဲ့ အချိန်နဲ့ ကျွေးခဲ့တာ...ပရမ်းပတာ မကျွေးခဲ့ဘူး၊ နေထိုင်မကောင်းဖြစ်မှာစိုးလို့ပါ။ စည်းကမ်းတကျဖြစ်အောင်လည်း အလေ့အကျင့်ပေးတဲ့ သဘောပေါ့... ကျွန်မစားတဲ့အတိုင်း ကြက်၊ ဘဲ၊ ဝက် အသားဟင်းက နေ့တိုင်းကျွေးတယ်...."

"ဟုတ်တယ်ခင်ရဲရေ ... သူစမွေးတုန်းက ထမင်းနဲ့ငါးကြော်၊ ကြက်ကြော်နဲ့ ကျွေးခဲ့တာ... ကလေးကုသိုလ် ကောင်းပါတယ်... တစ်ခါတည်း ရက်ပိုင်းအတွင်း ဝဖြီးလာတာ၊ အားဆေးလည်း မပြတ်တိုက်တယ်လေ"

"အင်း...လူ့ဘဝကြီးက ထိတ်စရာ... လန့်စရာ.. အံ့ဩစရာပဲနော်၊ ဒီကလေးမလေး ကုသိုလ်ကောင်းပါတယ်၊ အစ်မလက်ထဲရောက်တာ... အစ်မအတွက်လည်း လိုအင်ဆန္ဒပြည့်ဝခဲ့ရတယ်။"

"ဟုတ်တယ်ဆရာမ ကျွန်မက အဲဒီအရွယ်လောက်ပဲ လိုချင်တာလေ၊ ကျွန်မပင်တော့ပင်ပန်းတာပေါ့... ဆယ်နှစ်ကျော်ကျော်လောက် အရွယ်ဆိုရင်.. လုပ်အားတော့ ကောင်းကောင်းရတာပေါ့...၊ ဒါပေမဲ့ စိတ်မချရဘူး... မတော်ရင် ကိုယ့်အသက်တောင် ရန်ရှာသွားဦးမှာ"

"အေးလေ..ဟုတ်ပါတယ်၊ ခုပဲကြည့် ကျောင်းနေတော့မယ့်အရွယ်တောင် ရောက်လာပြီ... သုံးလေးငါးနှစ်ဆိုတာ ခဏလေးပဲနော်..."

"ဟုတ်တယ်ဆရာမ...၊ ခုဆို ကျွန်မလည်း လမ်းသိပ်မများတော့ဘူး... သူ့ကိုစာသင်ပေးရင်း အိမ်မှာ အနေများလာတယ်၊ ကျွန်မဘဝကြီးဟာလည်း အဓိပ္ပာယ်ရှိလာသလို ထင်မိတယ်"

"ကောင်းတာပေါ့အစ်မရယ်... အစ်မအတွက်ရော ကလေးအတွက်ပါ အကျိုးရှိတာပေါ့.... တစ်နေ့ကျ အစ်မရဲ့စေတနာ မေတ္တာတွေရဲ့အကျိုးကို ခံစားရမှပေါ့..."

"ဆရာမရေ.. ဘဝဆိုတာ ရေရာတာမဟုတ်ဘူး၊ ကျွန်မက ပညာပေး ကျွေးမွေး ကျေးဇူးပြုပေမယ့် သည်ကလေးရဲ့ ပင်ကိုစရိုက်သဘာဝက ဘယ်လိုလာမယ်မသိဘူး... သူ့ရဲ့လိမ္မာမှု၊ မိုက်မဲမှုက သူ့ဘဝကို အဆုံးအဖြတ်ပြုမှာပဲ... ကျွန်မကတော့ သတ္တဝါတစ်ခု ကံတစ်ခုပဲ ယုံမှတ်ထားတယ်။ ဒါမှလည်း စိတ်ချမ်းသာတယ်လေ..."

"ဘဝမှာ ကံအကျိုးအကြောင်းတွေက ပြုပြင်စီရင်မှုက တစ်ပိုင်း... နောက်တစ်ပိုင်းကလည်း လက်တွေ့ကျကျနဲ့ အခုအစ်မလုပ်နေသလို သူ့ရဲ့ကောင်းကျိုးတွေကို လုပ်ပေးတာဟာလည်း သစ်ပင်စိုက်သလိုပဲ..... ဥယျာဉ်မှူးက ဂရုစိုက်ရင် အသီးအပွင့်ဝေဆာသလိုပေါ့... အစ်မရဲ့ ကောင်းတဲ့ အကြောင်းတရားလုပ်ဆောင်မှုက ကောင်းတဲ့အကျိုးကို ခံစားရမှာပေါ့..."

"အင်းပေါ့ ဆရာမပြောသလို ကျွန်မကတော့ သူ့ဘဝကောင်းစားရေးကို တတ်နိုင်သလောက် လုပ်ပေးမှာပဲ။ တစ်ချိန်မှာ သူလည်း ပညာတတ်ဖြစ်... ကျေးဇူးတရားကိုလည်းသိပြီး ကျွန်မအပေါ် မိဘလို လုပ်ကျွေးပြုစုမယ် ဆိုရင်တော့ ကျွန်မကဘုရားကံကောင်းတာပေါ့... အဲသည်လိုမှ ဖြစ်မလာရင်တော့ သူ့ထိုက်နဲ့ သူ့ကံ... ကျွန်မထိုက်နဲ့ ကျွန်မကဘုရားလို့ပဲ ယူဆရမှာပေါ့..."

"ကဲ...နောက်ဆယ်နှစ်ကို အသာထား၊ ခုလောလောဆယ်မှာ ညည်း စိတ်ချမ်းသာနေတယ်မဟုတ်လား..."

"အေး...., အဲဒါတော့ အမှန်ပဲ မစပယ်ရေ... သူ့ရဲ့ဝေယျာဝစ္စတွေလုပ်၊ သူနဲ့စကားပြော... အဖော်လည်းရ၊ ဘယ်သွားသွား ခေါ်သွားရနဲ့ ငါ့အတွက် အဓိပ္ပာယ်ရှိနေသလိုပဲ...."

"ကောင်းပါတယ်အစ်မ... ဒါ ဘဝမှန် ပီတိပေါ့"

"ဘဝမှန် ပီတိတဲ့... ရှင်းပြပါဦး စာရေးဆရာမကြီးရယ်..."

"အော်...တီချယ်စပယ်ကလည်း... ဒီလိုလေ.... အစ်မမစိန်မြတို့အရွယ်ဆိုတာ ပုံမှန်ဖြစ်စဉ်အရဆိုရင် သားနဲ့ သမီးနဲ့၊ တီချယ်စပယ်လိုမိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းရှိသင့်တဲ့အရွယ်လေ၊ အခု... အစ်မမစိန်မြကအိမ်ထောင်မရှိ၊ အပျိုကြီးဆိုတော့ အထီးကျန်ဘဝနဲ့ မေတ္တာငတ်သလိုဖြစ်နေချိန်မှာ... သည်ကလေးကို မွေးစားလိုက်တော့ သားသမီးရှိတဲ့ မိခင်ဘဝကိုရပြီး စိုပြည်သွားတာပေါ့။ သူ့အပေါ် သားသမီးလို ချစ်ခြင်းမေတ္တာနဲ့ ပြုစု၊ သူ့ရှေ့ရေးကိုယ့်ရှေ့ရေးအကျိုးအကြောင်းလေးတွေကို တွေးတောရင်း ကောင်းအောင်ဘာတွေလုပ်မလဲဆိုတာ စဉ်းစားနဲ့ ဘဝဟာအဓိပ္ပာယ်ရှိသွားတာပေါ့"

"အင်း... ဆရာမပြောတာ မှန်တယ်၊ ကျွန်မ အခု အထီးကျန်မဖြစ်တော့ဘူး"

"ဟုတ်မယ်... ဒါကြောင့် ငါ့သူငယ်ချင်း အရင်လို လမ်းလည်းမများတော့ဘူး၊ ငါ့ဆီလည်း မှန်မှန်မရောက်တော့ဘူး၊ ညည်းသမီးကိုညည်း ကောင်းကောင်းအားကိုးနိုင်အောင် ဂရုတစိုက်နဲ့ ပြုစုပျိုးထောင်ပေတော့"

"ဒီတစ်ခါ ငါမှန်သွားပြီပေါ့နော်"

"မှန်ပါတယ်...မှန်ပါတယ်"

ဒေါ်စပယ်က ပြုံးပြုံးကြီး ထောက်ခံလိုက်သည်။

ခင်ရဲဆွေလည်း အေးစက်စက် လက်ဖက်ရည်ကိုမော့ပြီး သူတို့ကို နှုတ်ဆက်ရင်းပြန်ခဲ့တော့သည်။

အပျိုကြီးခင်ရဲဆွေရော တတိယအရွယ်တွင် ဘဝကို မည်သို့ရင်ဆိုင်မည်နည်းဟု တွေးမိသည့်အခါ ဒေါ်စိန်မြလို အထီးကျန်ဆန်စရာ အကြောင်းများမရှိ။ တူသားနောင်မယ် ညီအစ်ကိုမောင်နမများနှင့် သိုက်သိုက်ဝန်းဝန်းရှိသော ခင်ရဲဆွေအဖို့ စာပေနယ်တွင် အခြေချရင်း ကလောင်ဟူသေသာ အဖော်ကောင်းဖြင့် စာရေးခြင်အလုပ်ကို နောက်ဆုံးထွက်သက်တိုင် လုပ်ကိုင်သွားမည်သာ။ မမြင်သာသော ကံကြမ္မာတွေကို ထည့်တွက်လျှင်တော့ ယောနိသောမနသိကာရ စိတ်ထားဖြင့် သတ္တဝါတစ်ခု ကံတစ်ခုပေပဲဟု ပြောဆိုရုံ ရှိပါတော့သည်တကား။ ။

★ ★ ★ ★ ★

## နလုံးသားပြို့ဟောင်း တစ်နေရာ

နံနက်ခင်း၏လေညင်းသန့်သန့်သည် ဧရာဝတီမြစ်ပြင်ကျယ်ကို ကျော်ဖြတ်ကာ တသုန်သုန်တိုက်ခတ်လာခဲ့သည်။ အရှေ့ပြုတ္တာအရပ်မှ သူရိယနေမင်းကြီးသည် ရောင်ခြည်တစ်ထောင်ဖြင့် အလင်းဆောင်ရန်အလို့ငှာ လဒီဇင်ဘာ၏ တိမ်တိုက်များကို အားယူထိုးဖောက်စ ပြုနေချေပြီ။ နံနက် ၆ နာရီခန့် ဗူးဘုရားတွင် လူရှင်းနေသည်။ နေခြည်ရဲရင့်သည် ဘုရားကို ဦးသုံးကြိမ်ချကန်တော့ပြီး အနားရှိ ဂျပန်မလေး ယူမိကို ကို လှည့်ကြည့်လိုက်သည်။ ယူမိကိုသည် မြန်မာဝတ်စုံ ရင်ဖုံးအင်္ကျီ၊ ချိတ်ထမီအပြာရောင်ဖြင့် ယဉ်စစ လှနေသည်။ သူမက မျက်စိမှိတ်ရင်း ဘုရားကိုအာရုံပြုကန်တော့နေသည်မို့ နေခြည်ရဲရင့်သည် အသာလေးထ၍ ဧရာဝတီ၏ မနက်ခင်းအလှကို ကြည့်ငေးရန် ထွက်ခွာခဲ့သည်။

သူမြင်ကွင်းတွင် ဧရာဝတီနဒီမြစ်ကြီး၏ မြင်ကွင်းကျယ်ပန်းချီကားကြီးကို မြူငွေ့ဇာပဝါကြားတွင် လွမ်းမောစဖွယ် တွေ့လာရသည်။ ဘဝဝမ်းစာအတွက် လူပ်ရှားသွားလာနေကြသည့် လှေငယ်များကို ဧရာဝတီမြစ်ပြင်ကြောတွင် တွေ့ရလေသည်။ တပြိုမ့်ပြိုမ့်နှင့် ဂ္ဂန္ဓေကြီးစွာ စီးဆင်းနေသော ဧရာမြစ်ပြင်ကျယ်ကိုကြည့်ရင်း ဇာတိမြေပုဂံ၏ လွန်ခဲ့သည့် ဆယ်နှစ်ကို ပြန်ပြောင်းအောက်မေ့ သတိရနေမိသည်။

သာဇ၊ ဖိုးချို၊ မိစူးနှင့် ခင်မွန်ဆိုသည့် ငယ်သူငယ်ချင်းများ၊ သူတို့ဘယ်မှာလဲ၊ အတည်မဲ့သော လောကသဘာဝအရ အရာရာသည် ပြောင်းလဲခဲ့သည်။ အစိုးမရသည့် တရားသဘောဓ၏ အစီအရင်အတိုင်း ဖြစ်ခဲ့ပျက်ခဲ့

ကြရသည်မဟုတ်လား။ အရာရာပြောင်းလဲခဲ့သော်လည်း သူ့ရင်ထဲမှာ မပြောင်းလဲသည်မှာ ပုဂံကိုချစ်သော စိတ်ပင်ဖြစ်သည်။ သူသည်ပုဂံမှာမွေးရင်း နစ်ပေါင်းဆယ့်ငါးနှစ် ကျင်လည်ခဲ့ရသည်။ ပုဂံ သီရိပစ္စယာ၊ ညောင်ဦး၊ မြင်းကပါရွာ၊ မင်းနန်သူရွာ၊ ဖွားစောရွာ စသည်တို့တွင် သူတို့သူငယ်ချင်းငါးဦး၏ ပုံရိပ်များ အထပ်ထပ်ရှိခဲ့ဖူးသည်။ သူတို့မရောက်ဖူးသော ဘုရားပုထိုးဂူကျောင်းဟူ၍ မရှိခဲ့။ နွေရာသီကျောင်းပိတ်ရက်များတွင် ဘုရားသမိုင်း မတတ်တစ်ခေါက်ဖြင့် ဧည့်လမ်းညွှန်လုပ်ရင်း မှန့်ဖိုးရှာခဲ့သည်များကို ပြန်ပြောင်းသတိရမိသည်။ ပညတ်သွားရာ ဓာတ်သက်ပါသလား မပြောတတ်၊ သူ့ဘဝတစ်ဆစ်ချိုးတွင် ကံဇာတ်ဆရာ၏ ဖေးမမှုဖြင့် သူသည်ဘွဲ့ရပညာတတ် တစ်ယောက်ဖြစ်လာရင်း ဧည့်လမ်းညွှန်ဘဝသို့ ရောက်ခဲ့ရသည်။

နစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း သူ့ဘာကြောင့်များ ပုဂံသို့ပြန်မရောက်ခဲ့ရသနည်း။ သူ့ဘဝ၏ ခါးသက်နာကြည်းဖွယ်သော အတိတ်ကို သတိရရင်း ရင်နာရပြန်သည်။ သူ့ဆယ်နှစ်သားတွင် ဖခင်ဆုံးပါးပြီး မိခင်က နောက်အိမ်ထောင်ပြုသည်။ ပထွေးက အရက်သမား၊ သူ့ကို ခိုင်းစားဖို့ ကျောင်းထုတ်ခဲ့သည်။ သူ မကျေနပ်ခဲ့၊ သူကျောင်းထွက်ခဲ့ရခြင်းအတွက် ကြီးစွာသော ဆုံးရှုံးမှုအဖြစ် ဖြေမဆည်နိုင်အောင် နာကြည်းခဲ့မိသည်။ အမေ့ကို သူနားပူခဲ့သည်။ အမေက သူ့ကိုပညာပေးလိုသည်။ အမေ့ပန်းဆိုင်မှ ဝင်ငွေလေးဖြင့် သားအမိနစ်ယောက် ခြိုးခြိုးခြံခြံ ရပ်တည်နိုင်ခဲ့သည်။ သို့ဖြင့် ပထွေးနှင့်အမေ ပြဿနာတက်ရာမှ နောက်ဆုံး အမေစိတ်ဆင်းရဲကာ အိပ်ရာထဲလဲတော့သည်။ မကြာပါ အမေ နလုံးရောဂါဖြင့် ကွယ်လွန်သည်။ ပထွေးက အမေ့ပန်းဆိုင်နှင့် အိမ်ကို အပိုင်စီးသည်။ သူ့ကို နှင်မချသော်လည်း အရက်သံသရာထဲသို့ ဆွဲသွင်းလာသည့်အခါ သူ့အိမ်ပေါ်မှ အပြီး ဆင်းခဲ့သည်။

အမိမဲ့သား ရေနည်းငါးဘဝဖြင့် ဒုက္ခပင်လယ်ဝေစဉ် ခင်မွန့်မိဘများက သူ့တို့၏ ယွန်းလုပ်ငန်းတွင် အလုပ်ပေးခဲ့သည်။ နေစရာပေးခဲ့သည်။ ခင်မွန့်မိဘတို့၏ ကျေးဇူးတရားကားကြီးမားပါဘိ၊ ခင်မွန့်ဖခင် ဦးဘကောင်း၏ မိတ်ဆွေ ရန်ကုန်မှ သစ်တောအရာရှိ ဦးထွန်းဝင်းနှင့် ဒေါ်ခင်မေလင်းတို့၏ သားတစ်ယောက်မွေးစားချင်သည် ဆိုသည့် ဆန္ဒကို ဖြည့်ဆည်းပေးလိုက်ရာမှ နေခြည်ရဲရင့်ဘဝသည် ကံဇာတာမြင့်မားခဲ့ရလေသည်။ ဦးထွန်းဝင်းတို့ ဇနီးမောင်နှံက သူ့ကို သားအရင်းတစ်ယောက်လို ချစ်ခင်တွယ်တာရင်း ပညာပေးခဲ့သည်။ သူ့ရန်ကုန်ရောက်ပြီး မကြာမီ ဦးထွန်းဝင်းသည် ရှမ်းပြည်နယ် နမ့်ခမ်းသို့ အလုပ်တာဝန် ရွှေ့ပြောင်းခဲ့ရသည်။ သူ့ပုဂံနှင့် ဝေးခဲ့သည် သူ့နလုံးသားများ ခန်းခြောက်သွားသလို ခံစားခဲ့ရသည်။ သူ့သူငယ်ချင်းများထံ စာဖြင့် ဆက်သွယ်သော်လည်း မည်သည့်ပြန်စာမှ မရခဲ့။

သူ့ဆယ်တန်းအောင်တော့ တောင်ကြီးကောလိပ်မှာ ပညာဆက်သင်ခဲ့သည်။ ဘွဲ့ရပြီး ရန်ကုန်တွင် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ဂျပန်ဘာသာကို အချိန်ပိုင်း ၄နှစ်သင်ခဲ့သည်။ ထိုကာလတွင် ဦးထွန်းဝင်းလည်း ရန်ကုန်သို့ ပြန်ပြောင်းလာရသဖြင့် သူတို့မိသားစု ကမာရွတ်တွင် အိမ်ပိုင်တစ်လုံးဖြင့် အခြေချနေထိုင်ခဲ့သည်။ ယခု ခရီးစဉ်မှာ ဖခင်ဦးထွန်းဝင်း၏မိတ်ဆွေ ပညာရေးမှ အငြိမ်းစားအရာရှိကြီး၏ အကူအညီတောင်းခံမှုကြောင့် ပညာရေး သင်ရိုးညွှန်းတမ်း ကိစ္စဖြင့် မြန်မာပြည်သို့ တစ်နှစ်ကြာလာရောက်သည့် အပျိုကြီး မစ္စယူမီကို ကို ပုဂံညောင်ဦးသို့ ပို့ရင်း ဧည့်လမ်းညွှန်လုပ်ပေးရခြင်း ဖြစ်ပါသည်။

"ဟေ့...ရဲစံ၊ ဘာတွေတွေးနေတာလဲ"

"အော်..ယူမီကို၊ ဘာရယ်မဟုတ်ပါဘူး..ထိုင်လေ"

"ရတယ်... အဲဒီရွှေခင်းကို ယူမီသိပ်ကြိုက်လို့ ကြည့်လိုက်ဦးမယ်..."

"ယူမီက သဘာဝရဲ့ ရွှေခင်းတွေကို ကြိုက်တယ်နော်..."

"ဟုတ်တယ်ရဲစံ၊ သဘာဝရဲ့ရွှေခင်းတွေက အပြစ်ကင်းတယ်..ချစ်ဖို့ကောင်းတယ်..."

"ဒါဆို...ကျွန်တော်နဲ့ အကြိုက်ချင်းတူနေတယ်..."

"ရဲစံ...."

"ပြောပါ ယူမီကို"

"ဘူးဘုရားအကြောင်း ရှင်းပြဦးလေ..."

"ဘူးဘုရားကို ပြုစောထီးမင်းကြီးတည်ခဲ့တာပေါ့... ဘူးပင်ကအန္တယ်တွေကမနက်ခုတ်ရင် ညပြန်ပေါက်ပြီး ဟောဒီပုဂံတစ်မြို့လုံး ဖုံးမတတ်ဖြစ်နေတော့... ပြုစောထီးက နိုင်အောင်ရှင်းခဲ့တယ်လေ... ပြီးတော့ ဘူးသီးပုံသဏ္ဌာန် ဘူးဘုရားကြီးကို တည်ခဲ့တယ်... ပုဂံငလျင်တုန်းက ဘူးဘုရားက ရတဲ့ဌာပနာတွေထဲမှာ အင်္ဂလိပ်ခေတ်ကလက်ရာ ယွန်းထည်၊ ဆံထိုး၊ ကျောခေါင်းတံဆိပ် ငွေဒင်္ဂါးတွေ တွေ့ရတယ်တဲ့ ယူမီစံ..."

"အော်...ဒါနဲ့ ပုဂံငလျင်က ဘယ်နခုနှစ်တွေမှာ လှုပ်ခဲ့လဲရဲစံ.."

"၁၃၈၀ နဲ့ ၁၈၃၀ပြည့်နှစ်၊ ၁၉၆၅ နဲ့ ၁၉၇၅ နှစ်တွေမှာ လှုပ်ခဲ့တယ်လေ..."

"ပုဂံမင်းဆက်တွေက ဘယ်နပါးရှိလဲဟင်.."

"ငါးဆယ့်ငါးပါးရှိတယ်... သမုဒ္ဒရာဇမင်းက စတင်ခဲ့တာ... ရှာပေါင်း ၁၉ရှာကို စုပေါင်းပြီးတည်ခဲ့တာပေါ့... စတုရန်းမိုင် ၁၆မိုင် ရှိပြီး အခုဘုရားပေါင်း ၂၂၁၇ ဆူရှိတယ်။ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၂၆၁ နှစ် ရှည်ကြာခဲ့တယ် ယူမီကို..."

"ဒါကြောင့်လည်း ပုဂံဟာ ဘုန်းမီးနေလ တောက်ပခဲ့တယ်လို့ ဆိုတာပေါ့နော်..."

"ဟုတ်တယ် ယူမီကို... ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့တဲ့ ပုဂံအနော်ရထာမင်းကြီးဟာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ထေရဝုဒ္ဓဝါဒကို စတင်ပျိုးထောင်ပေးခဲ့သူပေါ့၊ သာသနာပြုမင်းကောင်း မင်းမြတ်ကြီးပါပဲ၊ လှည်းဝင်ရိုးသံ တည်ညံ ပုဂံဘုရားပေါင်းလို့ ဆိုအောင် ဘုရားစေတီ ဝူကျောင်းပေါင်း ၄၄၄၆ ဆူကို ပုဂံခေတ်မျာ တည်ခဲ့ကြတာပေါ့... အမျိုးဘာသာ သာသနာအပြင် စစ်ရေး၊ စီးပွားရေး၊ တိုင်းရင်းသားချစ်ကြည်ရေး၊ ယဉ်ကျေးမှုအားလုံး စည်ပင်ဖွံ့ဖြိုးခဲ့တဲ့ ရှေးဟောင်းမြို့တော်ကြီးပေါ့ ယူမီကို..."

"ဒါကြောင့်လည်း ပုဂံဟာ မြန်မာရဲ့ထူးခြားတဲ့ မော်ကွန်းအဖြစ် ကမ္ဘာမှာ ထင်ရှားခဲ့တာပေါ့နော်..."

"ဟုတ်တယ်ယူမီကို ... ကဲ.. ကျွန်တော်တို့ အာနန္ဒာဘုရားကို ဆက်သွားရအောင်..."

"ကောင်းတယ် ရဲစံ..."

သူတို့နှစ်ဦးသည် မြင်းလှည်းဖြင့် အာနန္ဒာဘုရားသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မြင်းလှည်းပေါ်တွင် ကလေးလေးတစ်ယောက်ပမာ ပျော်ရွှင်မြူးထူးနေသူမှာ ယူမီကို။ သရပါတံခါးသို့ ဖြတ်လာစဉ် နေခြည်ရဲရင့်က သရပါတံခါးအကြောင်း ရှင်းပြလိုက်သည်။

"ယူမီ... ဒါ.. သရပါတံခါးလို့ ခေါ်တယ်... ပုဂံမြို့တော်ကြီးမှာ တံခါးကြီး ၁၂ပေါက် ရှိတယ်လေ...နတ်မင်း ၁၃ပါးက စောင့်ကြပ်တယ်လို့ ရာဇဝံသဇာလိနီကျမ်းမှာ ဖော်ပြထားတယ်။ ခုတော့ ပုဂံရှေ့ဘက် သရပါတံခါးပဲ ကျန်တော့တယ်..."

"ဩော်...."

ယူမီကိုက သရပါတံခါး အုတ်နီနီများကို လှမ်းကြည့်သည်။ ခဏအကြာတွင် အာနန္ဒာဘုရားသို့ ရောက်ရှိလေသည်။ နေခြည်ရဲရင့်က မြင်းလှည်းခ ရှင်းပေးနေစဉ် ယူမီကိုက သူ့ကတ္တီပါဖိနပ်ကို ချွတ်ရင်း သူ့ကိုစောင့်နေသည်။ သူမအနီးသို့ရောက်စဉ် သူက ဖိနပ်ချွတ်လိုက်သည်။ ထို့နောက် နှစ်ဦးသား ဘုရားကြီးအတွင်းသို့ ဝင်ခဲ့ကြသည်။

"ယူမီ.. ပုဂံဘုရားတွေ အားလုံးထဲမှာ အသပွာယ်ဆုံး၊ အထင်ရှားဆုံး ပုဂံရဲ့ ကျက်သရေဆောင် ဘုရားကြီးပဲ... ကျန်စစ်သားမင်းကြီး တည်ခဲ့တာပေါ့..."

"သည်တံခါးရွက်တွေပေါ်က ပန်းကနုတ်တွေက လက်ရာသိပ်မြောက်တယ်နော်၊ တော်တော်မြင့်တဲ့ ကျွန်းတံခါးကြီးပဲ...ရဲစံ"

"၃၅ ပေရှိတယ် ယူမီ"

သူတို့နှစ်ဦးသည် မတ်ရပ်ဘုရားကြီးလေးဆူကို ဖူးမြော်ကြသည်။

"တော်တော်မြင့်တယ်နော် သပွာယ်လိုက်တာ..."

"၁၈ တောင်အမြင့်ရှိတယ်၊ ဘွဲ့တော်တွေက ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမတဲ့.. ဒီဘုရားကြီးက ဟီမဝန္တာမှာရှိတဲ့ နန္ဒမူလိုဏ်ဂူရဲ့ ပုံသဏ္ဌာန်ကို ယူပြီးတည်ထားတာပေါ့၊ နန္ဒမူလ လို့ သမုတ်ခဲ့တယ်။ ဘုရားရှင်ရဲ့ အနန္တပညာကို ရည်စူးပြီး အနန္တလို့ မှည့်ရင်း အာနန္ဒာလို့ အမည်တွင်ခဲ့တာပေါ့ ယူမီ"

"ဩော်..."

"ဘုရားရှင်တွေရဲ့ မျက်နှာတော်တွေမှာ...သေသေချာချာကြည့်ယူမီ...၊ ပြုံး, ရယ်, တည်, မဲ့ ဆိုတဲ့ အနေအထားတွေလား.. အဲဒါ မြန်မာ့ဗိသုကာပညာရဲ့ အံ့မခန်းတဲ့ စွမ်းရည်ပေါ့..."

"အင်း ... ဟုတ်ပါရဲ့..."

ထို့နောက် သူတို့နှစ်ဦးသည် ရှင်အရဟံရှုပ်လုံး၊ ကျန်စစ်သားရှုပ်လုံးများကို ဖူးမြော်ကြည်ညိုကြသည်။

"ရှင်အရဟံရဲ့ကျေးဇူး... အနော်ရထာမင်းကြီးရဲ့ လုံ့လတို့ကြောင့် ထေရဗုဒ္ဓဝါဒ ပွင့်လန်းခဲ့ရတာပေါ့.ယူမီ..."

ယူမီကိုက လက်အုပ်ချီရင်း သူ့ကို လှည့်ကြည့်သည်။ သူမ မျက်ဝန်းထဲတွင် ကျေးဇူးတင်သော အရိပ်အရောင်များ ယှက်သန်းနေသည်။

"ယူမီ စိတ်ထဲမှာ ချမ်းသာလိုက်တာ..ရဲစံ"

"ယူမီ... ဘာတွေဆုတောင်းလဲဟင်.."

"နောက်ဘဝကျရင် မြန်မာပြည်မှာ လူဖြစ်ပါရစေလို့ ဆုတောင်းတယ်..."

"ဘာဖြစ်လို့..."

"မြန်မာပြည်ကို ချစ်လို့၊ ယူမီအဘိုးက မြန်မာပြည်ကို ဂျပန်တပ်မတော် ဝင်လာတုန်းက စစ်ဗိုလ်အဖြစ်နဲ့ ပါလာခဲ့တယ်လေ၊ တိုက်ပွဲတစ်ခုမှာ ဒဏ်ရာတွေနဲ့ ကျန်ခဲ့တာ... တောရွာတစ်ရွာက မြန်မာတွေက ကယ်ခဲ့လို့ အသက်ရှင်ခဲ့ရတာပေါ့...မြန်မာတွေရဲ့ စိတ်သဘောကောင်းကြောင်းကို အဘိုးက ခုထိ ပြောလို့မဆုံးဘူး..."

"ဟုတ်လား...ယူမီ၊ ခုလိုကြားရတာ ဂုဏ်ယူဝမ်းသာပါတယ်..."

"ရဲစံ... ဗိုက်ဆာနေရင်ပြောနော်... ထမင်းသွားစားမယ်"

"မဆာသေးဘူး... ယူမီရော"

"မဆာသေးဘူး... ဘုရားတစ်ဆူ ဆက်သွားကြမယ်"

"သဗ္ဗညုဘုရားကြီးကို သွားကြမယ်"

"ဥက္ကာမှာသဗ္ဗညုလို့ ခေါ်တွင်လောက်အောင် အမြင့်ပေ ၂၁ဝပေနဲ့ အမြင့်ဆုံးဘုရားကြီးပဲ... ယူမီ..."

"ကုသိုလ်ရှင်က ဘယ်သူလဲဟင်"

"ကျန်စစ်သားမင်းကြီးရဲ့ မြေးတော် အလောင်းစည်သူမင်းပေါ့..."

သဗ္ဗညုဘုရားကို ဖူးပြီး ကန်တော့ပလ္လင်ဘုရားသို့ ဆက်ဖူးကြသည်။ ယူမီသိသင့်သည့်အကြောင်းများကို ရှင်းပြအပြီး၊ သူတို့တည်းခိုရာ ဇရာဟိုတယ်သို့ ပြန်ခဲ့ကြသည်။ ဟိုတယ်မှာ နံနက်စာ စားပြီး နားလိုက်သည်။

"ရဲစံ... ညနေ ၅ နာရီလောက်မှ သွားရင်ကောင်းမယ်၊ ယူမီ... ခေါင်းကိုက်နေလို့"

"ကောင်းပါတယ်.. နေအေးမှတ္တက်တာပေါ့၊ အခုပြန်ရောက်ရင် ဆေးသောက်လိုက်လေ..."

"အင်းပါ.."

အခန်းသို့ပြန်ရောက်တော့ နေခြည်ရဲရင့်မနေနိုင်၊ ဓာတ်ဘူးထဲမှ ရေနွေးနှင့် ကော်ဖီမစ်ဖျော်ပြီး ယူမီကို အခန်းသို့ ကူးလာသည်။ သူ ကော်ဖီယူလာမည်ဖြစ်ကြောင်း ဖုံးဆက်ပြောထားပြီးဖြစ်ရာ သူဝင်လာစဉ် ခုတင်ပေါ်တွင် ထိုင်စောင့်နေသည့် ယူမီကိုကို တွေ့ရသည်။ အနက်ရောင်စပို့ရှပ်ဖြင့် ဆံပင်ကိုဖြန့်ချထားရာ ဂျပန်မ စစ်စစ်ရှပ် ပေါ်နေတော့သည်။

"ထိုင် .. ရဲစံ၊ အာရိဂတ် တောကို ဆိုင်းမား"

သူ့လက်ထဲမှ ကော်ဖီခွက်ကို လှမ်းယူရင်း ယူမီကိုက ကျေးဇူးတင်ကြောင်းပြောသည်။

"ရဲစံက စိတ်ကောင်းသိပ်ရှိတယ်နော်... ခရီးစဉ်တစ်လျှောက်လုံးမှာ ယူမ့ီကိုစိတ်ချမ်းသာမှုပေးခဲ့တယ်..."

သူမ ဆိုလိုသည့်သဘောကို သိပါသည်။ တောင်ကြီး၊ အင်းလေး ခရီးတွင် အင်းလေး၌ လေအဆင်းအတက် သူ့လက်ကမ်း၍ ကူခဲ့ပုံ၊ တောင်ကြီးတွင် ညစာထွက်စားစဉ် အနွေးထည်မေ့ကျန်ခဲ့သည့် ယူမီကို သူ့ကုတ်အင်္ကျီ ပေးဝတ်ခဲ့ပုံ၊ ပင်းတယလိုဏ်ဂူတွင် ကျောက်အမိုးပေါ်မှ ရေစက်ကျရာတွင် လန့်သွားရင်း သူ့လက်မောင်းကို ဆွဲဖက်စဉ် သူက အားပေးနှစ်သိမ့်ခဲ့ပုံများကို ဆိုလိုကြောင်း သူ နားလည်လိုက်သည်။

"ရဲစံမှာ ချစ်သူရှိလားဟင်"

သည်မေးခွန်းကို သူဘယ်လိုဖြေရမည်နည်းဟု စဉ်းစားမိသည်။ သူချစ်သော ပုဂံနှင့် ငယ်ကျွမ်းဆွေ ခင်မွန်သည် သူ့ရင်ထဲတွင် ထာဝရချစ်သူများအဖြစ် အမြဲတေ တည်စွဲခဲ့ပါသည်။ သို့သော် သူနှင့် ခင်မွန်သည် တည်တည်ပပ ချစ်သူများမဟုတ်သေး။ ခင်မွန် ဘယ်ဆီမှာရောက်နေသည်ကို သူမသိ။ ခင်မွန် ရှာပုံတော်ဖွင့်ရဦးမည်။ လွန်ခဲ့သော တစ်နှစ်ခန့်က ငယ်သူငယ်ချင်း သာဇံနှင့် ကမာရွတ်တွင် ဆုံရင်း ခင်မွန်၊ မိစ္ဆား၊ ဖိုးချိုတို့ အကြောင်းကို သူသိခဲ့ရသည်။ ဖိုးချို တပ်မတော်ထဲဝင်သွားသည်။ မိစ္ဆားက ရှမ်းပြည်တွင် အိမ်ထောင်ကျခဲ့သည်။ သာဇံပင် ရန်ကုန်-ပြည် အဝေးပြေးကားများမောင်းနှင်ရင်းဇာတိ ပုဂံနှင့် ဝေးခဲ့ပြီ... ခင်မွန်၊ နေခြည်ရဲရင့် ရင်ထဲမှ မြတ်နိုးတွယ်တာရသည့် ခင်မွန်၊ ယွန်းလုပ်ငန်းဖြင့် စီးပွားဖြစ်ရင်း မန္တလေးပြောင်းသွားပြီဟု သိခဲ့ရပြီမို့၊ ပုဂံသို့ သူ့ခြေချစဉ် သူ့ရင်တစ်ခုလုံး ဟာလာဟင်းလင်းဖြင့် နင့်နဲကြေကွဲခဲ့ရသည် မဟုတ်ပါလား။

"ရဲစံ.. ယူမီမေးတာ ဖြေပါဦး"

"မ.. မရှိပါဘူး... ယူမီ.. ဘာဖြစ်လို့လဲ..."

"ရဲစံချစ်သူဆိုရင် သိပ်ကံကောင်းမှာပဲလို့ တွေးမိလို့ပါ။ ရဲစံက သိပ်ဂရုစိုက်တတ်တယ်လေ..."

"ယူမီက ကျွန်တော့်ကျေးဇူးသည်ပဲ၊ ကျွန်တော်ဝတ္တရားကျေပွန်ရမှာပေါ့..."

"စေတနာရော... မပါတော့ဘူးလား..."

"စေတနာဆိုတာ လုပ်ယူလို့မရဘူး...ယူမီ၊ ရင်ထဲကနေ အလိုလိုဖြစ်လာတာပါ။ ကျွန်တော် စေတနာပါ မပါ ယူမီသိပါတယ်"

"သိပါတယ်ရှင်... ဒါကြောင့်ရဲစံကို ယူမီခင်သွားတာပေါ့"

"ကဲ...ကော်ဖီတွေ အေးကုန်ဦးမယ်၊ ယူမီဆေးသောက်လိုက်လေ.."

"ညနေ ငါးနာရီလောက် ယူမ့ီကို လာခေါ်နော်..."

"ကောင်းပါပြီယူမီ...ကဲ အိပ်ပျော်အောင် အိပ်လိုက်နော်..."

"ဟိုက်... ဟိုက်... ဟုတ်ကဲ့"

နေခြည်ရဲရင့်သည် သူ့အခန်းသို့ပြန်ရင်း အနားယူလိုက်လေသည်။

ညနေပိုင်းတွင် သူတို့နှစ်ဦး မြစေတီဘုရားဘက်သို့ ထွက်ခဲ့ကြသည်။ စပို့ရှပ်အဖြူရောင်၊ ကီမိုနိုပန်းရောင်ဖြင့် တစ်မျိုးလှနေသည့် ယူမီကို၊ စလင်းဘက်အနက်ကို လွယ်ရင်း ကင်မရာကိုလက်ကမချ။ သူ့စိတ်ကြိုက်အကွက်များကို အလွတ်မခံ ရိုက်နေသည်။ ဘုရားဖူးအပြီး ပရဝုဏ်အတွင်း လျှောက်ကြည့်ကြသည်။

"မြန်မာစာပေဟာ ကျေးဇူးသိတတ်မှုနဲ့ စတင်ခဲ့တယ်ဆိုတာ သတ္တရာဇဏအခိုင်အမာနဲ့ တွေ့ရတဲ့ အစောဆုံး ကျောက်စာဖြစ်တဲ့ မြစေတီကျောက်စာကို ရည်ညွှန်းတာပေါ့...ယူမီ"

"သူက ... ဘာသာလေးမျိုးနဲ့ ရေးထားတယ်ဆို..."

"ဟုတ်တယ်.. ပျူ၊ မွန်၊ မြန်မာ၊ ပါဠိ ဘာသာလေးမျိုးနဲ့ပေါ့.. အလှူကိုမှတ်တမ်းတင်ခဲ့တယ်လေ..."

"ကျေးဇူးတရားဆိုတာကို ရှင်းပြပါဦး...ရဲစံ"

"ဒီလိုလေ.. ရာဇကုမာရ်က ကျွန်စစ်သားမင်းကြီးနဲ့ သမ္ဘူလရဲ့သားပေါ့၊ ကျွန်စစ်သားမင်းကြီး မင်းမျက်သင့်ပြီး ရှောင်ပုန်းနေရတဲ့ကာလမှာ သမ္ဘူလနဲ့တွေ့ပြီး ရည်ငံခဲ့ကြတယ်။ သားမွေးရင် သူ့ရှိရာနန်းတော်ကို လိုက်ခဲ့ဖို့ မှာခဲ့တာပေါ့။ ရာဇကုမာရ် အရွယ်ရောက်လာချိန်မှာ ကျွန်စစ်သားမင်းကြီးကလည်း ပုဂံထီးနန်းမှာ စံမြန်းနေပြီလေ... ကျွန်စစ်သားမင်းကြီးဟာ သာသနာပြု မင်းကောင်းမင်းမြတ်ကြီးဖြစ်သလို စီးပွားရေး၊ စစ်ရေး၊ စည်းလုံးရေးတွေကိုလည်း စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူပေါ့။ တိုင်းရင်းသားစည်းလုံးရေးအတွက် သူ့ရဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်ကတော့ သမီးတော်ရွှေအိမ်စည်နဲ့ မွန်မင်းသားကို လက်ဆက်ပေးခဲ့တာပေါ့၊ အဲ...မွေးလာတဲ့ မြေးတော် အလောင်းစည်သူကို ရင်ခွင်ပိုက်အရွယ်မှာပဲ ထီးနန်းလွှဲပေးခဲ့တယ်။ ရာဇကုမာရ်တို့ သားအမိရောက်လာချိန်မှာ သားတော် ရာဇကုမာရ်ကို ထီးနန်းပေးဖို့ မဖြစ်နိုင်တော့ဘူး... မင်းမှာသစ္စာ၊ လူမှာကတိ

ဆိုတဲ့အတိုင်း ကျန်စစ်သားမင်းကြီးဟာ သူ့ရဲ့ထီးမွေနန်းမွေ လွှဲပြောင်းတဲ့ကိစ္စမှာ ကတိသစ္စာ တည်ကြည်ရဲရင့်ခဲ့တယ်ပေါ့... ယူမီ...၊"

ဒါနဲ့ ရာဇကုမာရ်သားတော်ကို သင့်တော်တဲ့ရာထူးနဲ့ မြို့စားနယ်စားပေးခဲ့တယ်..သားတော်ကလည်း လိမ္မာပြီး စိတ်ထားမြင့်မြတ်ခဲ့တယ်၊ ဖခင်အပေါ် နားလည်မှုရှိခဲ့တယ်။ ဒီလိုနဲ့ ကျန်စစ်သားမင်းကြီးနာမကျန်းဖြစ်ပြီး သေအံ့မူးမူးအချိန်မှာ ဖခင်အပေါ် အမြင့်မြတ်ဆုံး ကျေးဇူးဆပ်တဲ့အနေနဲ့ ဘုရားဆင်းတုပြုလုပ်ပြီး ဖခင်လက်နဲ့ ရေစက်ချ လှူဒါန်းစေခဲ့တယ်။ ဒီကောင်းမှုကုသိုလ်အတွက် မြစေတီဘုရားကို တည်ရင်း မြစေတီကျောက်စာကို ရေးထိုးခဲ့တာပေါ့"

"တကယ်ဆို သူဟာသားကြီးဖြစ်လို့ ထီးနန်းအရိုက်အရာခံရမှာနော်..."

"ဟုတ်တယ်...ယူမီ... ကံတရားပေါ့လေ၊ သူတို့သားအမိက နန်းတော်ကို နောက်ကျမှ ရောက်ခဲ့တာကိုး၊ ဒါပေမဲ့ ရာဇကုမာရ်စိတ်ဓာတ်ကတော့ ချီးကျူးလေးစားဖို့ကောင်းတယ်..."

"ကျေးဇူးသိတဲ့ သားကောင်းသားမြတ်ပေါ့..."

ယူမီကိုက ခေါင်းလေးတဆတ်ဆတ်ညိတ်ရင်း ထောက်ခံပြောဆိုသည်။ ထို့နောက် သူတို့နှစ်ဦးသည် မြင်းကပါဝန်းကျင်ရှိ မနုဟာမင်း မြစ်တော်၊ နာဂသမန်း၏ နန်းဘုရား၊ နဂါးရုံဘုရား၊ အပယ်ရတနာဘုရားများကို ဖူးမြော်ပြီး ဟိုတယ်သို့ ပြန်ခဲ့ကြသည်။ အပြန်လမ်းတွင် ညနေဆည်းဆာ၏ ရွှေမှင်ရောင် အလင်းတန်းများကြားတွင် ပုဂံဘုရားများကို သပ္ပာယ်စွာ ဖူးမြင်ရလေသည်။ ရွှေအိုရောင်ဆည်းဆာရီတွင် ငယ်ကျွမ်းဆွေ ခင်မွန့်ကို လွမ်းဆွတ်တမ်းတရင်း မိမိရှေ့တွင် ထိုင်နေသော ယူမီကို ကို ခင်မွန်အဖြစ် မြင်ယောင်နေမိတော့သည်။

ခရီးရောက်မဆိုက် ရေအေးအေးကို ဇိမ်ခံချိုးမိရာမှ နေမြည်ရဲရင့် ဗျားတော့သည်။ ညစာစားဖို့ ယူမီကို လာခေါ်ချိန်တွင် သူမျက်လုံးမဖွင့်နိုင်အောင် အဖျားတက်နေချိန်ဖြစ်သည်။ ယူမီကိုသည် သူဖျားနေသည်ကို မြင်သည်နှင့် ပျာယာခတ်အောင် စိတ်ပူသွားလေသည်။ သူသည် အဖျားဝေဒနာကို ခံစားရင်းမှာပင် ယူမီကို၏ ပြုစုမှုများကို သိနေခဲ့သည်။ သူ့ကို စောင်အထပ်ထပ်ခြုံပေးရင်း သူ့နဖူးပြင်ကို မကြာခဏ စမ်းသပ်ရင်း အလုပ်များသွားသည့် ယူမီကို ကို သူအားနာခဲ့သော်လည်း ကိုယ့်ကိုယ်ကို မဟန်နိုင်။

"ယူမီ ညစာစားပြီးပြန်လာရင် ဆေးတိုက်မယ်နော်... ခဏမှိန်းနေဦး..ရဲစံ ဆေးသောက်ထားသေးတယ် မဟုတ်လား.. ယူမီ ချက်ချင်းပြန်ခဲ့မယ်နော်..."

"အင်း...အင်း"

ယူမီကို ပြောပြောဆိုဆို သူ့အခန်းထဲက ထွက်သွားသည်။ ခဏအကြာ ယူမီကိုပြန်ရောက်လာပြီး သူ့ခေါင်းကို ပွေ့ထူကာ ဆေးတိုက်သည်ကို သိသည်။ သူ့ဆံပင်တွေကို သပ်တင်ပေးရင်း ရေခဲအုပ်ပေးနေသည်ကို သိသည်။ မကြာမီ သူကောင်းစွာ အိပ်ပျော်ခဲ့သည်။ အိပ်မက်ထဲတွင် ခင်မွန်နှင့်တွေ့သည်။ ရွှေစည်းခုံဘုရားတွင် ဖြစ်သည်။ သူရန်ကုန်သို့ မလိုက်မီ တစ်ရက်၊ ခင်မွန်နှင့် နောက်ဆုံးတွေ့ခဲ့ရသည့်နေ့၊ သူ့ဘဝတွင် နောက်ဆုံးထွက်သက်တိုင် မမေ့နိုင်သည့်ပုံရိပ်၊ ခင်မွန်သည် ရှည်လျားသည့် သူမဆံပင်များကို

စည်းနောင်ထားရင်း စပယ်ပန်းတွေ ဝေအောင် ပန်ထားသည်။ ပန်းရောင်ရင်ဖုံးအင်္ကျီနှင့် ပန်းရောင်ချိတ်လုံခြည်ဖြင့် လှနေသည်။ ဘုရားကို ဦးချကန်တော့ရင်း၊ သူ့ဘက်သို့ ပြုံးပြုံးလေး လှည့်အကြည့်တွင် သူက ခင်မွန်ဟု ခေါ်လိုက်သည်။ အိပ်မက်က ဖျတ်ခနဲ ပျောက်ကွယ်သွားရာ သူက ခင်မွန့်အမည်ကို အဆက်မပြတ် ခေါ်နေမိတော့သည်။

"ခင်မွန်....ခင်မွန်..... ခင်မွန်"

"ရဲစံ... ရဲစံ... ရဲစံ... သတိထားလေ"

သူမျက်လုံးဖွင့်ကြည့်လိုက်ချိန်တွင် စိုးရိမ်စွာ ကြည့်နေသည့် ယူမီကို ကိုတွေ့ရသည်။

"ယူမီ ယူမီ... ဘယ်တုန်းကရောက်နေတာလဲ..."

"ညကတည်းက ရောက်နေတာ...ဒရင်းဘက်ပေါ်မှာ အိပ်ရင်းစောင့်နေခဲ့တာပေါ့....."

"အခု...ဘယ်နနာရီရှိပြီလဲ"

"ငါးနာရီတိုးပြီ.... မိုးလင်းတော့မယ်..."

"ယူမီကိုကို ကျွန်တော် အားနာလိုက်တာ"

"ကိစ္စမရှိပါဘူး ရဲစံ..... ချွေးတွေသုတ်ပေးမယ်နော်..... အဖျားကျသွားပြီ..."

ယူမီကိုက ပြောပြောဆိုဆို တဘက်ဖြင့် သူ့နဖူး၊ မျက်နှာနှင့် လည်ပင်းများမှ ချွေးများကို သုတ်ပေးသည်။

"ရဲစံ နေမကောင်းရင် သည်နေ့နားလိုက်မလား....."

"ကျွန်တော်နေကောင်းသွားပါပြီ.. လိုက်ပို့နိုင်ပါတယ်... ယူမီက သန်ဘက်ခါကို အလုပ်ပြန်ဝင်ရတော့မှာ မဟုတ်လား...."

"ဟုတ်တယ်..."

"ဒါဆို ကျွန်တော် ရေချိုးလိုက်တော့မယ်... ယူမီ အိပ်ရေးပျက်သွားပြီ... ပင်ပန်းသွားမှာပေါ့..."

"ရပါတယ်... အပြန်အလှန်ကူညီရမှာပေါ့....."

သူ အိပ်ရာပေါ်တွင် ထထိုင်လိုက်သည်။ ယူမီကိုနှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ ယူမီကို့ မျက်ဝန်းများက ရွှန်းစိုတောက်ပနေသည်။ ဆံပင်ရှည်ကြီးကို ပခုံးပေါ်မှာကျော်ကာ ရင်ညွန့်ပေါ် ချထားသည်။ ရှပ်အင်္ကျီအပြာရောင် အကွက်စိပ်လေးများဖြင့် ကပိုကရိုလှနေသည့် ဂျပန်မလေး၊ သူ့ဘဝတွင် သူစိမ်းမိန်းကလေးတစ်ဦး၏ ပထမဦးဆုံးသော ပြုစုယုယမှုများ၊ သူပြန်စဉ်းစားစဉ် သူ့ရင် ဖိုလိုက်သွားမိသည်။

"ရဲစံ .. ခင်မွန်ဆိုတာ ဘယ်သူလဲဟင်"

သူ မျက်လုံးဝိုင်းရင်း ယူမီ့ကို့ကို ကြည့်လိုက်သည်။ ယူမီကို၏မျက်ဝန်းများက စိတ်ဝင်စားမှုဖြင့် အရောင်တောက်နေသည်။ အမေးရှိမှတော့ အဖြေရှိရတော့မည်။ သို့ဖြင့် သူ့ဘဝဇာတ်ကြောင်းကို အကျဉ်းရုံးရင်းပြောပြလိုက်သည်။

"ယူမီ.. ရဲစံကို သနားလိုက်တာ...."

"ဘဝကြောင်းပဲပေါ့ ယူမီ..."

"ဒါဖြင့် ယူမီ ပုဂံကိုခေါ်လာခဲ့မိတာ ရဲစံရဲ့ဝေဒနာဟောင်းတွေကို အသစ်ဖြစ်အောင် လုပ်သလို ဖြစ်နေပြီလားဟင်.."

"မဖြစ်ပါဘူးယူမီ.... ပုဂံကို ကျွန်တော်သိပ်ချစ်တယ်.... လာရတာပျော်တယ်... သူငယ်ချင်းတွေကို မတွေ့ရလို့ လွမ်းမိတယ်... ဒီလောက်ပါပဲ"

"ကဲ...ရဲစံ၊ ရေမြန်မြန်ချိုး၊ အဝတ်လဲပြီးရင် အနွေးထည်ဝတ်ခဲ့..၊ ယူမီ အခန်းပြန်လိုက်ဦးမယ်..."

"ကောင်းပါပြီယူမီ.... အာရိုဂတ်တော ဂိုဆိုင်းမားနော်"

"ရပါတယ်...."

မျက်နှာနွမ်းလေးဖြင့် ပြန်သွားသော ယူမီကို့ကိုကြည့်ရင်း သူသက်ပြင်းဖွဖွချမိလေသည်။

သည်နေ့အဖို့ မနက်ခင်း တစ်ပိုင်းသာ ဘုရားများဖူးမည်ဟု ယူမီကိုက အရေးဆိုသဖြင့် သူလက်ခံလိုက်ရသည်။ နေခြည်ရဲရင့် ထပ်ဖျားမည်ကို စိတ်ပူသောကြောင့်ဟု သူမက ရှင်းပြသည်။ သို့ဖြင့် နံနက်စာ စားပြီးမြင်းလှည်းငှားကာ ပုဂံအလိုတော်ပြည့်၊ ဂူပြောက်ကြီး၊ ဂူပြောက်ငယ်၊ ဆပဒ ဘုရားများသို့ သွားရောက်ခဲ့ပြီး၊ နောက်ဆုံး ရွှေစည်းခုံဘုရားကြီးသို့ ဝင်လေသည်။ ရွှေရောင်များဖြင့် တောက်ပနေသည့် ရွှေစည်းခုံဘုရားကြီးသည် သပွာယ်လွန်းပေစွ၊ နေခြည်ရဲရင့်အဖို့ အဟောင်းတို့ အသစ်ဖြစ်ခဲ့ရသည်။ ဘုရားကြီးရောက်စဉ် ခင်မွန့်ကို တမ်းတမ်းတတ သတိရမိသည်။ မနက်ခင်းဆီက အိပ်မက်ကို လွမ်းမောတသမိပြန်သည်။ သူနှင့်ခင်မွန် နောက်ဆုံးတွေ့ခဲ့ရစဉ်က အိပ်မက်ထဲတွင် တွေ့ရသည့်ခင်မွန်။ ပန်းရောင်ရင်ဖုံးအင်္ကျီ၊ ပန်းရောင်ချိတ်လုံချည်ဖြင့်။ ယခု ယူမီကို သည်အတိုင်းဝတ်ဆင်ထားပါ့လား။ လက်အုပ်ကြားတွင် သစ္စာပန်းများကိုကိုင်ရင်း မျက်လုံးမှိတ်ကာ ကြည်ညိုစွာကန်တော့နေသည့် ယူမီကို့ကိုသူကြည့်ရင်း ခင်မွန်ပဲဖြစ်လိုက်ပါတော့ ယူမီရယ်ဟု သူတိုးတိုးလေး ရေရွတ်မိသည်။ ပြီးမှ သစ္စာပန်းစည်းကို ကိုင်ရင်း လက်အုပ်ချီကာ ဘုရားကန်တော့သည်။

"ရဲစံ သေသေချာချာ ဆုတောင်းရဲ့လား"

"ဘာကိုလဲ ယူမီ..."

"ခင်မွန်နဲ့ ပြန်ဆုံဖို့လေ.. ယူမီ.. ရဲစံအတွက် ဆုတောင်းပေးပါတယ်..."

"ယူမီရယ်..."

"ရော့.. ပန်းတွေလှူပေး..."

ယူမီကိုက သူ့လက်ထဲမှ ပန်းစည်းကိုကမ်းပေးသည်။ ယူမီကို့အမူအရာက ထူးခြားနေသည်။ တခြားဘုရားများတွင် သူ့ပန်းစည်းကို သူ့ဘာသာသူသွားလှူသည်။ ရွှေစည်းခုံဘုရားတွင်မူ သူ့ကို ပန်းစည်းကမ်းနေသည်။ နေခြည်ရဲရင့်က ပန်းစည်းလှမ်းယူရင်း သူ့ပန်းစည်းနှင့် အတူ တစ်ပေါင်းတည်းစုစည်းကာ ပန်းအိုးထဲတွင် ထိုးစိုက်လိုက်သည်။ ထို့နောက် ဘုရားကြီးကို လက်ယာရစ်ပတ်ကြသည်။

"ရွှေစည်းခုံဘုရားကြီးဟာ သိပ်တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တဲ့ ဘုရားကြီးပေါ့ယူမီ... အနော်ရထာမင်းကြီး တည်လို့မပြီးခင် နတ်ရွာစံခဲ့လို့ ကျန်စစ်သားမင်းက ဆက်တည်ခဲ့ရတာပေါ့..။ သက္ကရာဇ် ၃၉၃ ခုနှစ်မှာ စတည်ခဲ့တာလေ။ သီဟိုဠ်ကပင့်ဆောင်လာတဲ့ ဗုဒ္ဓမြတ်စွယ်တော်နဲ့ နဖူးသင်းကျစ်တော်တွေကို ဌာပနာပြီးတည်ခဲ့ရာမှာ လူတစ်ရစ်၊ နတ်တစ်ရစ် တည်ခဲ့တဲ့ ဘုရားကြီးပေါ့..."

"ဒါက ဘာလဲ ရဲစံ"

"ရွှေစည်းခုံ မွန်ကျောက်စာလေ... ကျန်စစ်သားမင်းကြီးရဲ့ မြင့်မြတ်တဲ့စိတ်ထားကို ဖော်ကျူး မှတ်တမ်းတင်ထားတာပေါ့...။ အဓိပ္ပါယ်ကတော့ ချစ်သူအပေါင်းနဲ့ ကွေကွင်းရသူတို့ရဲ့ မျက်ရည်တွေကို မင်းကြီးက မေတ္တာလက်နဲ့ သုတ်ပေးမယ်၊ စိတ်နလုံးပူဆွေးသူတွေကို ရေလိုအေးတဲ့ မင်းကြီးရဲ့ ကရုဏာနဲ့ ဖယ်ရှားပေးမယ်... လက်ယာလက်နဲ့ ပြည်သူတွေအတွက် စီးပွားရေးကွာပေးမယ်။ လက်ဝဲလက်နဲ့ ဥစ္စာပစ္စည်းတွေ ပေးမယ်။ ပြည်သူအပေါင်းကို အဓိရင်ခွင်ထဲက သားငယ်လို ချမ်းမြေ့စေမယ်တဲ့.."

"သိပ်ကောင်းတဲ့ ကျောက်စာပါလား ရဲစံ... စိတ်သဘောထားမြင့်မြတ်လိုက်တာ..."

"ယူမီ...မြန်မာလူမျိုးတွေဟာ ကျေးဇူးသိတတ်သလို အကျိုးတစ်ခုတစ်ရာ စွန့်လွှတ်မှုအတွက်လည်း ရဲရင့်တည်ကြည်စွာ စွန့်လွှတ်ရဲကြတယ်။ ရာဇကုမာရ်ရဲ့ နလုံးရည်ခိုင်မာမှုကို သာဓကယူလို့ ရတယ်လေ... ကျန်စစ်သားမင်းကြီးဆိုရင် သစ္စာတရားကြီးမားခဲ့တယ်.... မှူးမတ်ပြည်သူတွေက လက်ရုံးရည် နလုံးရည်ပြည့်စုံတဲ့ ကျန်စစ်သားကို ပုဂံထီးနန်းအပ်ပေမယ့် လက်မခံဘဲ ရန်သူနယ်ထဲက စောလူးမင်းကို အသက်စွန့်ပြီး သွားကယ်ခဲ့တယ်... ဒါဟာ ယောက်ျားကောင်းတို့ရဲ့ သစ္စာပဲ ယူမီ၊ စောင့်လေမျိုးနွယ်ဆိုတဲ့ မြင့်မြတ်တဲ့ အမျိုးစောင့်တရားနဲ့ ရွှေအိမ်စည်ကို သမီးကောင်းဖြစ်စေခဲ့တာ... မင်းမြတ်ကျန်စစ်သားပဲပေါ့၊ ဝံသာနုရက္ခိတ တရားနဲ့ အတူ မွန်မြန်မာသွေးစည်းမှုကို တည်ဆောက်နိုင်ခဲ့တဲ့ ကျန်စစ်သားဟာ ကိုယ်တို့ မြန်မာနိုင်ငံသားတွေအတွက် စံနမူနာပြ သူရဲကောင်းကြီးပါပဲ... ယူမီ..."

"ယူမီ နားလည်ပါပြီရဲစံ... ရဲစံဟာလည်း မြန်မာပီသတဲ့ ယောက်ျားကောင်းပီပီ... ရဲစံခုနပြောတဲ့ ဝံသာနုရက္ခိတ တရားကို စောင့်ထိန်းမှာ မဟုတ်လား.."

"ယူမီက ဘယ်လိုသိလဲဟင်"

"ယူမီ ဒီလောက်ဒုံးမဝေးပါဘူးရှင်... အရိပ်ပြ အကောင်ထင်ပါတယ်..."

"ယူမီရယ်..."

"ယူမီကတော့ ဂျပန်ပြန်ရောက်ရင် ရဲစံကို သတိရနေမှာပါ..."

"ကျွန်တော်လည်း ယူမီ့ကို သတိရနေမှာပါ..."

"ယူမီတော့ မယုံဘူး..."

"ဘာဖြစ်လို့...."

"ရဲစံမှာ ယူမီ့ထက်ပိုပြီး သတိရရမယ့်သူတွေ ရှိနေလို့ပေါ့။..."

"အော်... ယူမီရယ်.."

"ကဲ.... ဟိုတယ်ကို ပြန်ရအောင်နော်..."

"ကောင်းပါပြီ ယူမီ...."

အပြန်တွင် ယူမီ့မျက်နှာမကောင်း၊ အသံတိတ်စွာ ငြိမ်သက်နေခဲ့သည်။ ကျဲကျဲတောက်ပူနေသည့် ပုဂံမြင်ကွင်းတွင် ဖုံလုံးကြီးများ၊ မြူငွေ့များဖြင့် ဝေဝါးနေသည်။ တပြည်သူ ယူမီ့ကို ရင်ထဲတွင်လည်း တစ်စုံတစ်ခုသောဝေဒနာဖြင့် ဝေဝါးနေပြီလားဟု နေခြည်ရဲရင့်က စိုးရိမ်စွာ တွေးမိခဲ့လေသည်။

ညစာစားပြီးချိန်တွင် ယူမီခေါ်သဖြင့် သူမအခန်းသို့ ဝင်ခဲ့သည်။ ယူမီကိုသည် အနက်ရောင် စပို့ရှပ်လည်ဟိုက်ကို ဝတ်ဆင်ထားရာ ရှေ့တည့်တည့် ရင်ညွန့်အထက်နားမှ မဲ့ကို မြင်ရလေသည်။

"ဘာအတွက်လဲ ယူမီ"

"ဘုရားဈေးက ဝယ်ခဲ့တဲ့ ကျောက်ပျဉ်နဲ့ သနပ်ခါးတုံးလေ... ယူမီမသွေးတတ်လို့ ပြပေးပါလား ရဲစံ..."

စာကြည့်စားပွဲပေါ်တွင် ပလပ်စတစ်အခင်းပေါ်၌ ရေဆေးတင်ထားသော ကျောက်ပျဉ်နှင့် သနပ်ခါးတုံးကို တွေ့ရလေသည်။ ယူမီကိုက သူ့အနားတွင် ရပ်နေသည်။ ရေချိုးပြီးစမို့ ဆပ်ပြာနံ့မွှေးမွှေးကလည်း သင်းတမြွမြ ရှိလှသည်။ နေခြည်ရဲရင့်က ယူမီကိုနှင့် သွားခဲ့သော ခရီးစဉ်ကို ပြန်တွေးလိုက်မိသည်။ ယူမီကိုနှင့် ရင်းရင်းနှီးနှီးနေခဲ့စားခဲ့ သွားလာခဲ့ကြသည့် နှစ်ပတ်တာခရီးစဉ်တွင် သူတို့နှစ်ဦး အဖြူရောင်သန့်သန့်လေးဖြင့် ရင်းနှီးခဲ့ကြသည်မှာ အမှန်ပါ။ အတွေးများကို ဖယ်ရှားရင်း ရေသန့်ဘူးငယ်လေးထဲမှ ရေဖြင့် သနပ်ခါးသွေးလိုက်သည်။ ကျောက်ပျဉ်ကလည်း ကြမ်း ၊ သနပ်ခါးကလည်း အပွေးထူးသည်မို့ တစ်ခဏမှာင် သနပ်ခါးအများကြီးရလေသည်။

"အဲဒါကို လက်ညှိုးလေးနဲ့ ယူပြီး မျက်နှာပေါ်တင်... ပြီးရင်ညှိလိုက် ယူမီ..."

ယူမီက သူပြောသလို လိမ်းလိုက်သည်။ စာကြည့်စားပွဲရှေ့ကြည့်မှန်ချပ်ထဲတွင် သူတို့ အရိပ်တွေထင်နေရာ ယူမီက မှန်ကြည့်ရင်း သနပ်ခါးလိမ်းနေသည်။ မြန်မာရန့် သနပ်ခါးရန့်သင်းပျံ့သည် သူ့နလုံးသားဆီသို့ စိမ့်ဝင်ရင်း ခင်မွန့်ကို သတိရကာ ရင်ခုန်သွားမိသည်။

"ယူမီလိမ်းတာဟုတ်ရဲ့လား ရဲစံ... ကြည့်ပါဦး"

သနပ်ခါး အဖွေးသားနှင့် လှနေသည့် ယူမီကို၏ မျက်နှာဝင်းဝင်းကို တွေ့ရလေသည်။

"ဟုတ်ပါတယ် ယူမီ... ညီသားပဲ"

ယူမီကို သနပ်ခါးယူလိမ်းစဉ်မှာပင် ဆင်စွယ်နစ်ရောင် အသားဝင်းဝင်းကို မီးမှိန်မှိန်ကြားတွင် လှိုက်မောစွာ တွေ့ရသည့်အခိုက် နေ့ခြည်ရဲရင့် ရင်တုန်ပန်းတုန် ဖြစ်သွားတော့သည်။ သူသည်ဆင်စွယ်ရောင် အလှကွန်ရက်ကြားတွင် နစ်မျောရင်း စပါးကြီးမြွေအည်ကို့ခံရသူပမာ၊ ယူမီကိုကို စိုက်ကြည့်နေမိသည်။ ယူမီကိုသည် မှန်ကြည့်ရင်း သူ့ဆံပင်ရှည်ကြီးကို ယိမ်းကာ သိမ်းသပ်ကာ လည်တိုင်ကြော့ကြော့ကို သနပ်ခါးလူးနေပြန်သည်။ သူ၏ မျက်တောင်မခတ် အကြည့်ဆိုက်နေသည့်အဖြစ်ကို ယူမီကို သတိပြုမိသွားသည်ထင့်။

"ရဲစံ..."

ယူမီကို ခေါ်သည်၊ သူမကြား။

"ရဲစံ...."

သည်တစ်ကြိမ်တွင်မူ ယူမီကို အသံနှင့်အတူ၊ "အင်..." ဟု သူထူးလိုက်မိပြီး တခဏတစ်ပြုံင်တည်းမှာပင် သူ့မျက်ဝန်းများသည့် ယူမီ့ကို အိပ်ရာအထက်နားရှိ နံရံပေါ်မှ ဆေးရေးပန်းချီကားချပ်ကြီးဆီသို့ ရောက်သွားလေသည်။ စန္ဒကိန္နရီ ပန်းချီကားချပ်ကြီး၊ အချစ်ကြီးသစ္စာကြီးသူ စန္ဒကိန္နရီမောင်နံ၊ သူ့ရင်ထဲတွင် ဒိုင်းခနဲ ခင်မွန့်ကိုသတိရရင်း အလင်းတန်းတစ်ခုကို ဆုပ်ကိုင်လိုက်မိသည်။

"သိပ်မကြည့်နဲ့ကွယ်... ယူမီမနေတတ်တော့ဘူး..."

ယူမီ့အသံက နူးနူးညံ့ညံ့ အေးအေးတိုးတိုးလေး ထွက်လာသည်။

"အော်...ယူမီ .... ဟို... ကျွန်တော်.. ကျွန်တော် ပြန်တော့မယ်နော်..."

သူ ပြောပြောဆိုဆိုဖြင့် အခန်းထဲက ထွက်ခဲ့တော့သည်။ ယူမီကို သူ့ကို မည်သို့ထင်မြင်သွားမည်နည်းဟု တွေးရင်း စိတ်မောစွာဖြင့် အိပ်မပျော်နိုင်ခဲ့ပေ။ ပုဂံညသည် ဆည်းလည်းသံများဖြင့် ကျက်သရေရှိစွာ ငြိမ်သက်နေလေသည်။

ယူမီကို လုပ်ငန်းများပြီး၍ မေလတွင် ဂျပန်သို့ပြန်ရာ၊ နေ့ခြည်ရဲရင့် လေဆိပ်သို့လိုက်ပို့သည်။ သူ့လုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သူ့မိတ်ဆွေ ပညာရေးမှအငြိမ်းစားအရာရှိကြီး၏ မိသားစုများ လိုက်ပါပို့ဆောင်ကြသည်။

နေခြည်ရဲရင့်နှင့် နစ်ဦးတည်း စကားပြောခွင့်မရလိုက်။ လက်ဆောင်ဘူးငယ်လေးကို သူ့လက်ထဲထည့်ရင်း၊ နက်ပြာရောင်ကုတ်အင်္ကျီ၊ ပန်းနရောင် ရင်ဖုံးအင်္ကျီ၊ ပန်းရောင်အချိတ်လုံချည်ဖြင့် စလင်းဘက်အနက်ရောင်ကို လွယ်ရင်း ခရီးသည်အခန်းရှိရာသို့ တရွေ့ရွေ့ လှမ်းဝင်သွားသည့် ယူမီကို၊ နောက်သို့ တစ်ချက်လှည့်ကြည့်စဉ် မျက်ရည်မိုးရွာနေသည့် သံယောဇဉ် မျက်ဝန်းများကို သူတွေ့ဖြစ်အောင် တွေ့လိုက်ရလေသည်။

ဝရန်တာဆီသို့ သူထွက်လာရင်း လက်ဆောင်ဘူးကို ဖွင့်ကြည့်လိုက်ရာ နီညိုရောင် ပိုင်းလော့ဖောင်တိန်ကို တွေ့ရသည်။ ဘူးခွံအတွင်းဘက်တွင် သူမလက်ရေးဖြင့် ရေးထားသည့် "သစ္စာသူရဲကောင်း ရဲစံအတွက်" ယူမီကို ဟူသော စာရွက်လေးကို တွေ့ရလေသည်။ သူသည် ဘူးလေးကို ပြန်ပိတ်ရင်း လေယာဉ်ဆီသို့ လှမ်းကြည့်ရင်း လက်မြှောက် နှုတ်ဆက်လိုက်သည်။ လေယာဉ်ပေါ်မတက်သေးဘဲ လှေကားရှေ့တွင် ရပ်ကာ လက်ဝှေ့ရမ်း နှုတ်ဆက်နေသည့် ယူမီကို ကို တွေ့ရသည်။

"သစ္စာသူရဲကောင်း ရဲစံတဲ့လား ယူမီရယ်...ဟုတ်ပါတယ်၊ တကယ်တော့ ကျွန်တော်ဟာ ပုဂံပြည်သား မြန်မာပြည်သားပါ... ကျွန်တော့်အချစ်တွေ တည်ရှိရာက ပုဂံမှာ၊ ခင်မွန့်ဆီမှာ၊ ဒီအတွက် ကျွန်တော့်ကို နားလည်ပါ ယူမီ.. ကျွန်တော် ပုဂံကိုချစ်တယ်၊ ခင်မွန့်ကိုချစ်တယ်... ကျွန်တော့်နလုံးသားဟာလည်း ပုဂံမြို့ဟောင်းတစ်နေရာမှာ ဟိုးငယ်စဉ်ကတည်းက ထာဝရအမြဲတေအဖြစ် မြှုပ်နှံခဲ့ပြီးပြီမို့ ယူမီကို ခွင့်လွှတ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်..."

သူ မိုးကောင်းကင်သို့ လှမ်းမျှော်ကြည့်စဉ် ယူမီကိုလိုက်ပါသွားသည့် ယူဘီလေယာဉ်ကြီးသည် တောင်ပံကားကား နှင့် သိန်းဂုက်ကြီးအလား အရှိန်ပြင်းစွာဖြင့် ပျံသန်းသွားပြီ ဖြစ်ပါတော့သည်။

*ကိုးကားစာအုပ်*

*ပုဂံဘုရားများသမိုင်းနှင့် စည်လမ်းညွှန်၊ ဦးခင်မောင်ကြီး (ရန်ကုန်တက္ကသိုလ်)*

★ ★ ★ ★ ★

ပြီးပါပြီ။